# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၈၀ ပြည့်နှစ် နယုန်လဆန်း ၁၁ ရက်၊ သောကြာနေ့။ Friday 25 May 2018 ၄၂၉၇


**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏ အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိ အကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)


၂၀၁၈-၂၀၁၉ ခုနှစ်တွင် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ၆ ဒသမ ၈ ရာခိုင်နှုန်းသို့ ရောက်ရှိနိုင်

စာမျက်နှာ - ၃

ပြည်ပချေးငွေများနှင့်စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းတစ်ခုချင်းအလိုက် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို လွှတ်တော်သို့ ရှင်းလင်းတင်ပြ

စာမျက်နှာ - ၅

စက်သုံးဆီဈေးနှုန်း ဆက်တိုက်မြင့်တက်နေ၍ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာရန် ပြည်သူများ မျှော်လင့်

စာမျက်နှာ - ၇

ဥပဒေသတင်းအချက်အလက်များကို မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ဖော်ပြထားသောဝက်ဘ်ဆိုက် စတင်လွှင့်တင်

စာမျက်နှာ - ၈

စက်သုံးဆီဈေးနှုန်းတက်မှုကြောင့် ကုန်စည်ပို့ဆောင်မှုစရိတ်တွေ တက်တယ်ဆိုတဲ့ကိစ္စက ပြန်ပြီးသုံးသပ်သင့်တဲ့ ကိစ္စပါ

စာမျက်နှာ - ၁၀


# ထာဝရငြိမ်းချမ်းရေးစေတီတော် ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာအခမ်းအနား
# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက်ကြည်ညို

နေပြည်တော် မေ ၂၄

**နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ကုံကော်ပန်းအဝိုင်းအနီး၌ တည်ထားကိုးကွယ်မည့် ထာဝရငြိမ်းချမ်းရေးစေတီတော် ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက်ကြည်ညို၍ ရတနာနဝရတ်ငွေကြုတ်တော် ထည့်သွင်းပူဇော်သည်။**



**ထာဝရငြိမ်းချမ်းရေးစေတီတော် ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာအခမ်းအနား၌ ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် အလှူရှင်များက ဗဟိုမဏ္ဍိုင်အတွင်း မော်ကွန်းကမ္ပည်းကြေးပြား ထည့်သွင်းပူဇော်စဉ်။**

အခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက်ဆရာတော် ပဓာနနာယက အဘိဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ကဝိသာရ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်အတူ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်သြဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ဆရာတော်ထံမှ နိုင်ငံတော်သမ္မတနှင့် ဧည့်ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ထာဝရငြိမ်းချမ်းရေးစေတီတော် ဗဟိုမဏ္ဍိုင်၌ ထည့်သွင်းပူဇော်မည့် ရတနာနဝရတ်ငွေကြုတ်တော်၊ ဗဟိုမဏ္ဍိုင်အဖွင့်ကျောက်စာ၊ မော်ကွန်းကမ္ပည်းကြေးပြား၊ ပတ္တမြားရတနာရွှေအုတ်မြစ်နှင့်

**စာမျက်နှာ ၃ ကော်လံ ၁ သို့**




ကြေးမုံ

# အချုပ်အခြာအာဏာကို အလေးထား

ဗြိတိန်နိုင်ငံ နိုင်ငံတကာတိုးတက်ဖွံ့ဖြိုးရေး ရွေးချယ်မှုကော်မတီအဖွဲ့မှ ပါလီမန်အမတ်များက ရခိုင်ပြည်နယ်တွင်ဖြစ်ပေါ်ခဲ့သည့် ပဋိပက္ခများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအစိုးရအား အပြည်ပြည်ဆိုင်ရာရာဇဝတ်ခုံရုံး (ICC)သို့ လွှဲပြောင်းရေးအတွက် အားထုတ်မှုကို မေလ ၂၂ ရက်နေ့ထုတ် The Guardian အွန်လိုင်းသတင်းစာမှတစ်ဆင့် သိရှိလိုက်ရသည်။ မြန်မာအစိုးရအား အရေးယူရေးကိစ္စကို မကြာသေးမီက ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ပြုလုပ်ခဲ့ပြီး မအောင်မြင်သဖြင့် ယခုထပ်မံ၍ ကြိုးပမ်းအားထုတ်ခြင်းသည် ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံအပေါ် တမင်ရည်ရွယ်ဖိအားပေးလုပ်ဆောင်မှုများအဖြစ် ရှုမြင်ရမည်ဖြစ်သည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံသည် (ICC)အဖွဲ့ဝင်နိုင်ငံမဟုတ်သဖြင့် နိုင်ငံတကာ သဘောတူညီချက်အရ အရေးယူစရာအကြောင်းမရှိချေ။ ရခိုင်ပြည်နယ် ပဋိပက္ခဖြစ်စဉ်အမှန်မှာ ARSA အကြမ်းဖက်သမားများလက်ချက်ကြောင့် ဖြစ်ပွားခဲ့ရသည်ကို အားလုံးအသိပင်ဖြစ်သော်လည်း ယင်းကိုမျက်ကွယ်ပြု၍ တစ်ဖက်သတ်ဖိအားပေးမှုများကို လက်မခံကန့်ကွက်ရှုတ်ချရမည်သာဖြစ်သည်။ အစောပိုင်းကာလက ရခိုင်ပြည်နယ်တွင်ဖြစ်ပေါ်ခဲ့သည့် ပဋိပက္ခများနှင့်ပတ်သက်၍ မမှန်သတင်းများဖြင့် ဖုံးအုပ်ထားသော်လည်း ARSA အကြမ်းဖက်သမားများက ဟိန္ဒူဘာသာဝင်များ၊ ဒေသခံတိုင်းရင်းသားများအား အစုလိုက်၊ အပြုံလိုက် သတ်ဖြတ်ခဲ့မှုများကို ကမ္ဘာ့မီဒီယာများက ပိုမိုသိရှိလာကြပြီး ဖြစ်ရပ်အမှန်များအား ထပ်မံရေးသားလာကြသည်ကို တွေ့ရမည် ဖြစ်သည်။

ကမ္ဘာ့နိုင်ငံများအားလုံးသည် နိုင်ငံအလိုက် အချုပ်အခြာအာဏာကို ပိုင်ဆိုင်ကြသည်။ ၎င်းတို့ အချုပ်အခြာအာဏာနှင့်အညီ ၎င်းတို့နိုင်ငံကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နေကြသည်။ မည်သည့်နိုင်ငံမဆို သူတစ်ပါးနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်စရာလည်းမရှိ၊ အချုပ်အခြာအာဏာကို အထိပါးခံခြင်းလည်း မရှိချေ။ မြန်မာနိုင်ငံ ရခိုင်ပြည်နယ်အရေးတွင် ARSA အကြမ်းဖက်သမားများသည် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို ထိပါးစော်ကားခြင်းသာမက ရခိုင်ပြည်နယ်တွင် အေးချမ်းစွာနေထိုင်ကြသူများအား ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ခြင်းဖြစ်သည်ကို လယ်ပြင်မှာဆင်သွားသလို အထင်အရှားမြင်တွေ့ကြရပြီဖြစ်သည်။ ယင်းကို အချုပ်အခြာအာဏာပိုင်သည့် မြန်မာနိုင်ငံအစိုးရက မိမိနိုင်ငံနှင့် မိမိနိုင်ငံသားများအား ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရမည်သာဖြစ်သည်။ ဥပဒေနှင့်မညီမှုရှိပါကလည်း အရေးယူ အပြစ်ပေးမှုများပြုလုပ်သည်ကို တွေ့ရမည် ဖြစ်သည်။

ယင်းတို့ကို မျက်ကွယ်ပြု၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အရေးယူနိုင်ရေး၊ ICC အဖွဲ့ဝင်နိုင်ငံ မဟုတ်မှန်းသိပါလျက်နှင့် ICC တွင် အမှုဖွင့်နိုင်ရေး ကြိုးပမ်းအားထုတ်မှုများမှာ မှုမမှန်သော ကြံစည်အားထုတ်မှုများဟု ဆိုရမည်ဖြစ်သည်။ ARSA အကြမ်းဖက်သမားများလက်ချက်ကြောင့် ဖြစ်ပေါ်လာသော နောက်ဆက်တွဲ ဒုက္ခသည်အရေးမှာ အမှန်စင်စစ် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ဖြေရှင်းရမည့်ပြဿနာဖြစ်သည်။ အဆိုပါအရေးကို စိတ်ရင်းစေတနာမှန်စွာဖြင့် ပါဝင်ဖြေရှင်းချင်ပါသည်ဆိုလျှင် ရခိုင်ပြည်နယ်မှ ထွက်ပြေးသွားသူများအား ပြန်လည်လက်ခံနိုင်ရန် နှစ်နိုင်ငံညှိနှိုင်းထားသည့် သဘောတူစာချုပ်နှင့်အညီ လက်တွဲပူးပေါင်းကူညီဖြေရှင်းပေးသင့်သည်။

သဘောရိုးမဟုတ်၍ ယခုဤသို့မဟုတ်ပြီ။ ARSA အကြမ်းဖက်အဖွဲ့၏ ရက်စက်စွာအကြမ်းဖက်သတ်ဖြတ်မှုများကို လျစ်လျူရှုသည်။ ရခိုင်ပြည်နယ်တွင် ဂုဏ်သိက္ခာရှိရှိ ငြိမ်းငြိမ်းချမ်းချမ်း ပြန်လည်အခြေချနေထိုင်ရန် မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်နေမှုများကို မသိကျိုးကျွန်ပြုသည်။ မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံအနေဖြင့် စိတ်ရင်းစေတနာမှန်စွာဖြင့် လူသားချင်းစာနာထောက်ထားမှုများကို ဆက်လက်ဆောင်ရွက်သွားမည်။ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို အလေးထားကာကွယ်စောင့်ရှောက်သွားမည်ဖြစ်သည်။ ။

MYANMAR Digital News
Presented by MPE
www.mdn.gov.mm

# သီတဂူသာသနာပြုအဖွဲ့က လှူဒါန်းသော ဆိုလာမီးလုံး ၆၀၀ အား နယ်စပ်ရဲတပ်ဖွဲ့များသို့ လွှဲပြောင်းပေးအပ်

**စစ်တွေ မေ ၂၄**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ သီတဂူသာသနာပြုအဖွဲ့က လှူဒါန်းသော ဆိုလာမီးလုံး ၆၀၀ အား နယ်စပ်ဒေသတွင် လုံခြုံရေးတာဝန်ထမ်းဆောင်နေသော ရဲတပ်ဖွဲ့များသို့ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို မေ ၂၂ ရက် ညနေပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အဆိုပါ မီးလုံးများကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်နှင့် ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးတင်မောင်ဆွေတို့က ပေးအပ်ရာ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်မြတ်မိုးနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယခုလှူဒါန်းသော ဆိုလာမီးလုံးများကို နယ်စပ်ဒေသတွင် လုံခြုံရေးတာဝန်ထမ်းဆောင်နေသော ရဲတပ်ဖွဲ့ဝင်များ၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ အသုံးပြုနိုင်ရန် တပ်ဖွဲ့တစ်ဖွဲ့လျှင် ဆိုလာမီးလုံး ၂၀၀ စီကို လွှဲပြောင်းပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

သီတဂူသာသနာပြုအဖွဲ့အနေဖြင့် ဆိုလာမီးလုံး ၁၆၀ ကိုလည်း သက္ကယ်ပြင် IDP စခန်းရှိ အစ္စလာမ်ဘာသာဝင်များထံသို့ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ပုဗ္ဗသီရိမြို့နယ်တွင် ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးနှင့် အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေးများ ထိုးနှံပေး

**နေပြည်တော် မေ ၂၄**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် နေပြည်တော် ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် ခုတင်(၅၀)ဆံ့ပြည်သူ့ဆေးရုံတွင် မြို့နယ်အတွင်းရှိ ကလေးငယ်များအား ယနေ့ နံနက် ၉ နာရီမှစတင်၍ ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးနှင့် အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေးများ ထိုးနှံပေးခဲ့သည်။



ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးကို ကလေးငယ်များအား တစ်ကြိမ်ထိုးနှံပေးမည်ဖြစ်ပြီး အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးကို တစ်လခြား၍ သုံးကြိမ်ထိုးနှံပေးသွားမည်ဖြစ်ကြောင်းနှင့် အကြိမ်ပြည့်ထိုးနှံနိုင်ရန်အတွက် ပထမအကြိမ် အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးကို မေလတွင် နောက်ဆုံးထိုးရန်လိုအပ်ကြောင်း၊ ထိုးနှံပေးရာတွင်လည်း ဆေးရုံနှင့် သက်ဆိုင်ရာကျန်းမာရေးဌာနများတွင် သတ်မှတ်ထားသော ကာကွယ်ဆေးထိုးရက်၊ ဝန်ထမ်းအင်အားဖြင့်သာ ထိုးနှံပေးမည်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ကာကွယ်ဆေးထိုးနှံရာတွင် လွယ်ကူအဆင်ပြေစေရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန်လိုကြောင်း မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာနန်းကျော့ခိုင်ထံမှ သိရသည်။

ကာကွယ်ဆေးထိုးနှံရာတွင် ၂၀၁၁ ခုနှစ် ဧပြီလမှ ၂၀၁၂ ခုနှစ် နိုဝင်ဘာလအတွင်း မွေးဖွားခဲ့ပြီး အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေး မထိုးရသေးသည့် ကလေးများ၊ ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၄ ရက်မှ ၂၀၁၇ ခုနှစ် မတ်လ ၁၀ ရက်အတွင်း မွေးဖွားခဲ့ပြီး ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး မထိုးနှံခဲ့ရသည့် ကလေးငယ်များအား ထိုးနှံပေး သွားမည်ဖြစ်ကြောင်း သိရသည်။

**ရွှေရဲရင့်(ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် မေ ၂၄**

ရန်ကုန်(ရွှေဈေး) ၉၃၃၀၀၀ - ၉၃၃၀၀၀ မန္တလေး(ရွှေဈေး) ၉၃၃၀၀၀ - ၉၃၃၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၈၉၀/၉၀၅ ကျပ်၊ | ၉၅၀/၉၆၀ ကျပ် |
| (ခ) | အောက်တိန်း ၉၅ | တစ်လီတာ | ၈၉၅/၉၂၀ ကျပ်၊ | ၉၉၀/၁၀၀၅ ကျပ် |
| (ဂ) | အောက်တိန်း ၉၂ | တစ်လီတာ | ၈၅၅/၈၇၀ ကျပ်၊ | ၉၄၅/၉၆၅ ကျပ် |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၀၅/၉၂၀ ကျပ်၊ | ၉၅၅/၉၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၉၅/၈၉၈ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၁၀/၉၁၅ ကျပ်၊ အောက်တိန်း၉၂ တစ်လီတာ ၈၅၅/၈၆၀ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၃.၀ | (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉.၈၀၄ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၅၈၄.၀ | (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၃၃.၇ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၁.၇၉ | (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၅.၃၃ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၂.၁၅၀ | (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၃.၃ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၃၉.၇၄ | (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၇.၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

# အတိုးရငွေဖြင့် လူထုခန်းမဆောက်လုပ်

**မိုးမောက် မေ ၂၄**

မိုးမောက်မြို့နယ် မြို့သစ်ကျေးရွာတွင် ကျေးရွာလူထု အများသုံးခန်းမဆောက်တည်ဆောက်လျက်ရှိရာ ဗန်းမော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူးနှင့်အဖွဲ့က ကျေးရွာလူထုနှင့်တွေ့ဆုံပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့သည်။

အဆိုပါ ခန်းမဆောင်ကို မြစ်မီးရောင်အတိုးရငွေကျပ် သိန်း ၁၃၀ ထည့်ဝင်ပြီး ကျေးရွာလူထုထည့်ဝင်ငွေကျပ် သိန်း ၁၁၀ စုစုပေါင်းငွေကျပ် သိန်း ၂၄၀ ဖြင့် ၈၄ ပေ ×၂၅ ပေ× ၁၂ ပေရှိ အာရ်စီ အဆောက်အအုံ တည်ဆောက်နေခြင်း ဖြစ်သည်။

**မြို့နယ်(ပြန်/ဆက်)**

ကြေးမုံ
**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

## ခေတ်ပြောင်းစနစ်ပြောင်းကာလ

ဒီနေ့ ဒီအချိန်အခါဟာ ဒီမိုကရေစီကျင့်စဉ်နဲ့အညီ ခေတ်ပြောင်းစနစ်ပြောင်းကာလဖြစ်ပါတယ်။ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလရဲ့အစပဲရှိပါသေးတယ်။ ဒီပြောင်းလဲမှုဖြစ်စဉ်ကြီး အောင်မြင်ချောမွေ့စေရန် ပြည်သူ၊ ပြည်သားများနဲ့ နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူ့ဝန်ထမ်းများ အားလုံးရဲ့ ပုံစံကျနေတဲ့ အတွေးအမြင်တွေ၊ ပုံသေကားကျ အလေ့အထတွေအားလုံးကို ပြုပြင်ပြောင်းလဲပေးကြရန် အထူးလိုအပ်လှပါတယ်။ ပြုပြင်ပြောင်းလဲမှု နှောင့်နှေးနေတဲ့ ဌာနဆိုင်ရာအဖွဲ့အစည်းများကို ကြပ်မတ်ရပါလိမ့်မယ်။ ယိမ်းယိုင်နေတဲ့တရားစီရင်ရေးကို တည့်မတ်ရပါလိမ့်မယ်။ အဂတိလိုက်စားမှုကို ပိုမိုတိုက်ဖျက်ရပါလိမ့်မယ်။ လူ့အခွင့်အရေးချိုးဖောက်ခံရခြင်းများကို မြှင့်တင်ကာကွယ်ရပါလိမ့်မယ်။ မူးယစ်ဆေးဝါးကို ပိုမိုနှိမ်နင်းရပါလိမ့်မယ်။ ပြည်သူ့ဘဏ္ဍာငွေများ အလေအလွင့်ဆုံးရှုံးမှုမရှိစေရန် စီမံခန့်ခွဲရပါလိမ့်မယ်။ ဥပဒေမဲ့ သိမ်းဆည်းခံခဲ့ရတဲ့ လယ်ယာမြေများ ပြန်လည်ရရှိရေး၊ လျော်ကြေး၊ နစ်နာကြေးရရှိရေးတို့ကို ဥပဒေနဲ့အညီ ဆောင်ရွက်ရပါလိမ့်မယ်။ တောင်သူလယ်သမားများရဲ့ လူနေမှုဘဝမြင့်မားတိုးတက်ရေး၊ အလုပ်သမားများရဲ့ဘဝ သာယာစိုပြည်ရေး၊ ကျောင်းသားလူငယ်များ အဆင့်မြင့်ပညာရပ်များ ဆည်းပူးခွင့်ရရှိရေး စသည်တို့ကို ဖော်ဆောင်ရပါလိမ့်မယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင်ကျင်းပသည့် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## စုပေါင်းအင်အား

ယခုလာမယ့် မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ်အတွက် ကျွန်မတို့အစိုးရအနေနဲ့ "စုပေါင်းအင်အား"ကို အလေးထားပြီး နိုင်ငံရဲ့ စိန်ခေါ်မှုကြီးများကို ကျော်ဖြတ်ဖို့ သန္နိဋ္ဌာန်ချလိုက်ပါတယ်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

❂ **ရှေ့ဖုံးမှ**

လှူဖွယ်ဝတ္ထုပစ္စည်းများကို နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရထံ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ထာဝရငြိမ်းချမ်းရေးစေတီတော် ဗဟိုမဏ္ဍိုင်၌ ထည့်သွင်းပူဇော်မည့် ဗဟိုမဏ္ဍိုင်အဖုံး ကျောက်စာ၊ စိန်ရတနာရွှေအုတ်မြစ်၊ ကျောက်မျက်ရတနာများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ပေါက်မြိုင်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒထံ ဒုတိယသမ္မတ ဦးမြင့်ဆွေက ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သြဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက်ဆရာတော်နှင့် ဆရာတော် သံဃာတော်များက သမန္တာမှစ၍ မေတ္တသုတ်၊ ပုဗ္ဗဏှသုတ်နှင့် တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်သြဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ဆရာတော်ထံမှ နိုင်ငံတော်သမ္မတနှင့် ဧည့်ပရိသတ်များက အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

မင်္ဂလာအချိန်တွင် ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ အလှူရှင်တို့က ရှေးထုံးကျမ်းဂန်တော်လာ ထုံးတမ်းအစဉ်အလာများနှင့်အညီ ရတနာ နဝရတ်ငွေကြုတ်၊ ဗဟိုမဏ္ဍိုင်အဖွင့်ကျောက်စာ၊ မော်ကွန်းကမ္ပည်းကြေးပြား၊ ပတ္တမြားရတနာ ရွှေအုတ်မြစ်တို့ကို ဗဟိုမဏ္ဍိုင်အတွင်းထည့်သွင်း၍ ပရိတ်နံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်ကြသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ သူရ ဦးအောင်ကို၊ ဦးသိန်းဆွေ၊ ဦးဟန်ဇော်၊ နိုင်သက်လွင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်နှင့် အလှူရှင်များက အုတ်မြစ်တော်များကို သတ်မှတ်နေရာအသီးသီးတွင် ထည့်သွင်း၍ ပရိတ်နံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်ကြသည်။

ထို့နောက် ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်ရေးအတွက် အလှူတော်ငွေ ပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက ကြွရောက်ချီးမြှင့်တော်မူပြီး နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီးများထံ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကထံမှ ဧည့်ပရိသတ်များက အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

**သတင်းစဉ်**



**နိုင်ငံတော်သြဝါဒါစရိယ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရထံ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။**

## ၂၀၁၈-၂၀၁၉ ခုနှစ်တွင် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ၆ ဒသမ ၈ ရာခိုင်နှုန်းသို့ ရောက်ရှိနိုင်

**နေပြည်တော် မေ ၂၄**

၂၀၁၈-၂၀၁၉ ခုနှစ်တွင် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ၆ ဒသမ ၈ ရာခိုင်နှုန်းသို့ ရောက်ရှိနိုင်ကြောင်း ကမ္ဘာ့ဘဏ်အုပ်စု၏ မြန်မာ့စီးပွားရေး စောင့်ကြည့် အစီရင်ခံစာ(Myanmar Economic Monitor-MEM)အရ သိရသည်။

ထို့ပြင် ငွေကြေးဖောင်းပွမှုနှုန်းသည် ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ခုနစ်ရာခိုင်နှုန်း၊ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ၅ ဒသမ ၅ ရာခိုင်နှုန်းနှင့် ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ၄ ဒသမ ၉ ရာခိုင်နှုန်းအထိ ကျဆင်းသွားနိုင်ကြောင်း အဆိုပါ အစီရင်ခံစာက ခန့်မှန်းထားသည်။

ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး ဖွံ့ဖြိုးမှုနှုန်းသည် ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ၅ ဒသမ ၉ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ၆ ဒသမ ၄ ရာခိုင်နှုန်းသို့ တိုးတက်လာခဲ့ပြီး ထိုသို့တိုးတက်လာခဲ့ခြင်းမှာ စိုက်ပျိုးရေးကဏ္ဍ၊ ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍတို့ တည်ငြိမ်ကောင်းမွန်လာသောကြောင့်ဖြစ်သည်ဟုလည်း အစီရင်ခံစာက ဖော်ပြထားသည်။

သို့သော် ခရီးသွားလုပ်ငန်းနှင့် ဘဏ်လုပ်ငန်းဆိုင်ရာ ကဏ္ဍများတွင် နှေးကွေးမှုရှိနေကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် စီးပွားရေးတိုးတက်မှုနှုန်း ရရှိနေသော်လည်း အနာဂတ် စီးပွားရေးတိုးတက်မှု အလားအလာကို အကျိုးသက်ရောက်မှုရှိနိုင်သည့် စိန်ခေါ်မှုများ ရှိနေဆဲဖြစ်ကြောင်း အစီရင်ခံစာအရ သိရသည်။

မြန်မာ့စီးပွားရေး စောင့်ကြည့်အစီရင်ခံစာနှင့် ပတ်သက်၍ "စီးပွားရေးတိုးတက်မှုနှုန်း ပြန်လည်ကောင်းမွန်လာတာနဲ့ မေခရိုစီးပွားရေး အခြေအနေ တိုးတက်လာတာဟာ အင်မတန် အားတက်ဖွယ်ကောင်းပါတယ်၊ မြန်မာနိုင်ငံအစိုးရဟာ မြန်မာနိုင်ငံ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီတဲ့ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါတယ်၊ ဒါဟာ တိုင်းပြည်အတွက် စီးပွားရေး ပြုပြင်ပြောင်းလဲမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ဖို့၊ ငွေကြေးကဏ္ဍကို ခေတ်မီတိုးတက်ဖို့၊ အားလုံးပါဝင်တဲ့ ရေရှည်ဖွံ့ဖြိုးဖို့ကို ခြိမ်းခြောက်နေတဲ့ ပဋိပက္ခတွေကို ဖြေရှင်းဖို့ လမ်းပြမြေပုံတစ်ခု ဖြစ်လာမယ်လို့ ယုံကြည်ပါတယ်"ဟု မြန်မာ၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံဆိုင်ရာ ကမ္ဘာ့ဘဏ်၏ ညွှန်ကြားရေးမှူး အယ်လင်ဂိုးလ်စတိန်းက ပြောကြားသည်။

အဆိုပါ အစီရင်ခံစာထုတ်ပြန်သည့် အခမ်းအနားကို ကမ္ဘာ့ဘဏ်နှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI)တို့ ပူးပေါင်းကာ မေ ၁၇ ရက်က ရန်ကုန်မြို့၌ ကျင်းပခဲ့သည်။

**ရှင်မင်း**

## ဦးကိုကိုရှိန်အား ကာဇက်စတန်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် မေ ၂၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကိုကိုရှိန်အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ကာဇက်စတန်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့ ဝင်ရောက်နိုင်သည်။

# နျူကလီးယားလက်နက် စမ်းသပ်ရေးနေရာများ ပြုံယမ်းဖျက်သိမ်း

**ပြုံယမ်း မေ ၂၄**
မြောက်ကိုရီးယားနိုင်ငံအတွင်းရှိ နျူကလီးယားလက်နက် စမ်းသပ်ရေးစခန်းများ ဖျက်သိမ်းခြင်းကို မေ ၂၄ ရက်တွင် မြောက်ကိုရီးယားအစိုးရက စတင်ဆောင်ရွက်ခဲ့သည်ဟု နိုင်ငံတကာမီဒီယာက သတင်းရေးသားကြသည်။

မြောက်ကိုရီးယားနိုင်ငံ ဟမ်ချောင်စီရင်စု မြောက်ပိုင်းရှိ ပန်ဂျေးရီနျူကလီးယားဗုံးလက်နက် စမ်းသပ်ပစ်လွှတ်သည့်နေရာ**(အောက်ပုံ)**ကို မေ ၂၅ ရက်မတိုင်မီ အပြီးသတ်ပိတ်သိမ်းမည်ဖြစ်ကြောင်း မြောက်ကိုရီးယားတာဝန်ရှိသူများက အစောပိုင်းတွင် ပြောကြားခဲ့သည်။

နိုင်ငံအတွင်းရှိ နျူကလီးယားလက်နက်စမ်းသပ်ပစ်လွှတ်နေရာများအား ဖျက်သိမ်းမှုကို အမေရိကန်၊ တောင်ကိုရီးယား၊ ဗြိတိန်၊ တရုတ်နှင့် ရုရှားနိုင်ငံများမှ သတင်းမီဒီယာများက စောင့်ကြည့်ကာ သတင်းရေးသားခဲ့ကြသည်။

မေ ၂၄ ရက်တွင် နျူကလီးယားလက်နက် စမ်းသပ်သည့်နေရာများနှင့် ဥမင်လိုဏ်ခေါင်းသုံးခုတို့ကို ဖောက်ခွဲဖျက်ဆီးခဲ့မှုများကို နိုင်ငံတကာမီဒီယာက သတင်းများရေးသားကြသည်။ အဆိုပါဖျက်သိမ်းခြင်းကို ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် စတင်ခဲ့ပြီး ညနေ ၄ နာရီတွင် လုပ်ငန်းများ အပြီးသတ်လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ဇွန် ၁၂ ရက်တွင် ကျင်းပမည့် အမေရိကန်-မြောက်ကိုရီးယား နှစ်နိုင်ငံထိပ်သီးအစည်းအဝေးပွဲ မတိုင်မီ နျူကလီးယားလက်နက်စမ်းသပ်နေရာများကို ပြုံယမ်းက ဖျက်သိမ်းပစ်ခြင်းမှာ ကိုရီးယားကျွန်းဆွယ်ဒေသတွင်း နျူကလီးယားလက်နက် ကင်းစင်ပပျောက်စေရန် ကြိုးပမ်းချက်တစ်ခုအနေဖြင့် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**





# အမေရိကန်-မြောက်ကိုရီးယား ထိပ်သီးအစည်းအဝေးပွဲ သမ္မတထရန့် ပယ်ဖျက်

**ဝါရှင်တန် မေ ၂၄**
ဇွန် ၁၂ ရက်တွင် စင်ကာပူနိုင်ငံ၌ ကျင်းပမည့် အမေရိကန်-မြောက်ကိုရီးယား နှစ်နိုင်ငံထိပ်သီးအစည်းအဝေးပွဲ စီစဉ်ထားရှိမှုကို ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်အား အသိပေးပြောကြားသည့်အနေဖြင့် ပေးစာတစ်စောင်ပေးပို့ခဲ့ကြောင်း သတင်းများအရ သိရသည်။

နှစ်နိုင်ငံ သမိုင်းတွင်စေမည့် ထိပ်သီးအစည်းအဝေးပွဲကို ဖျက်သိမ်းရခြင်းမှာ မြောက်ကိုရီးယားအစိုးရ၏ ရန်လိုစိတ်များကြောင့်ဖြစ်သည်ဟု သမ္မတထရန့်က အကြောင်းပြခဲ့သည်။

ဇွန် ၁၂ ရက်တွင် အမေရိကန်-မြောက်ကိုရီးယား နှစ်နိုင်ငံ ထိပ်သီးအစည်းအဝေးပွဲကို ကျင်းပမည်ဟု ခေါင်းဆောင်နှစ်ဦးက သဘောတူညီမှုပြုခဲ့သော်လည်း မကြာသေးမီကာလက နှစ်နိုင်ငံခေါင်းဆောင်များအကြား အပြန်အလှန်သက်ာမကင်းဖြစ်မှုများနှင့် ခြိမ်းခြောက်မှုများ မြင့်တက်လာခဲ့သည်။

ပြုံယမ်းက အမေရိကန် ဒုတိယသမ္မတ မိုက်ပန့်စ်အား အသိပညာ အလွန်နည်းပါးသူတစ်ယောက်ဖြစ်သည်ဟု ဝေဖန်ပြောကြားခဲ့ပြီး တစ်ရက်အကြာတွင် သမ္မတထရန့်က နှစ်နိုင်ငံထိပ်သီးအစည်းအဝေးပွဲ ကျင်းပရန် စီစဉ်ထားရှိမှုကို ဖျက်သိမ်းကြောင်း ရေးသားထားသည့် စာတစ်စောင်ကို မြောက်ကိုရီးယားခေါင်းဆောင်ထံ ပေးပို့ခဲ့ခြင်းဖြစ်သည်။

'အဆွေတော်၏ ရန်လိုစိတ်နှင့် ဒေါသလက်ကိုင်ထားသော ပြောဆိုမှုများကြောင့် နှစ်နိုင်ငံထိပ်သီးအစည်းအဝေးပွဲကျင်းပရန် ဒီတစ်ကြိမ် မဖြစ်နိုင်သေးပါ' ဟု သမ္မတထရန့်က ခေါင်းဆောင်ကင်ဂျုံအန်အား ပေးပို့သည့် စာထဲတွင် ရေးသားထားကြောင်း အိမ်ဖြူတော်က ဆိုသည်။

**အေအက်ဖ်ပီ**

# သံမဏိသွင်းကုန်ဆိုင်ရာ သွင်းကုန်ခွန်ကောက်ယူမှု ဒဗလျူတီအို၌ အမေရိကန်ကို အိန္ဒိယ တိုင်တန်း

**နယူးဒေလီ မေ ၂၄**
သံမဏိနှင့် အလူမီနီယံသွင်းကုန်ပစ္စည်းများအပေါ် သွင်းကုန်ခွန်ကြီးလေးစွာကောက်ယူရန် အမေရိကန်ပြည်ထောင်စု၏ ဆောင်ရွက်ချက်ကို အိန္ဒိယနိုင်ငံက ကန့်ကွက်နိုင်ရန် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(ဒဗလျူတီအို)ထံသို့ တိုင်တန်းလွှာပေးပို့လိုက်ကြောင်း အိန္ဒိယ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို ကိုးကားလျက် ပီတီအိုင်သတင်းဌာနက မေ ၂၄ ရက်တွင် သတင်းထုတ်ပြန်သည်။

သွင်းကုန်ခွန်မြှင့်တင်ရန် အမေရိကန်၏ဆုံးဖြတ်ချက်သည် အိန္ဒိယနိုင်ငံက အမေရိကန်ပြည်ထောင်စုသို့ တင်ပို့နေသော သံမဏိနှင့် အလူမီနီယံထုတ်ကုန်များအပေါ် ဆိုးကျိုးသက်ရောက်စေမည်ဖြစ်ကြောင်း၊ အမေရိကန်အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် ကမ္ဘာ့ကုန်သွယ်ရေးဆိုင်ရာ စံချိန်စံနှုန်းများနှင့် ကိုက်ညီမှုမရှိဟု အိန္ဒိယအစိုးရ၏ တိုင်တန်းလွှာတွင် ဖော်ပြထားကြောင်း အိန္ဒိယတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အိန္ဒိယ၏ သံမဏိနှင့် အလူမီနီယံထုတ်ကုန်များအပေါ် အမေရိကန်က သွင်းကုန်ခွန်မြှင့်တင်ရန် ဆုံးဖြတ်ခဲ့ခြင်းနှင့် ပတ်သက်နေသော ဝါဏိဇ္ဇပဋိပက္ခတစ်ရပ်နှင့်ပတ်သက်၍ မိမိတို့က ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ထံ တင်ပြထားကြောင်း ၎င်းကပြောကြားသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ဝါဏိဇ္ဇပဋိပက္ခ ဖြေရှင်းရေးနည်းလမ်းနှင့်အညီ အိန္ဒိယနိုင်ငံသည် အမေရိကန်နှင့် ညှိနှိုင်းမှုများပြုလုပ်သွားနိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ပီတီအိုင်**





# အီတလီမြောက်ပိုင်း တူရင်မြို့အနီး၌ ရထားလမ်းချော်မှုကြောင့် နှစ်ဦးသေဆုံး

**ရောမ မေ ၂၄**
အီတလီနိုင်ငံမြောက်ပိုင်း တူရင်မြို့အနီးတွင် ရထားတစ်စင်းလမ်းချော် တိမ်းမှောက်မှုဖြစ်ပွားခြင်းကြောင့် လူနှစ်ဦးသေဆုံးပြီး လူအများအပြားထိခိုက်ဒဏ်ရာရခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၂၄ ရက်တွင် သတင်းထုတ်ပြန်သည်။

ရထားလမ်းချော်တိမ်းမှောက်မှုသည် မေ ၂၃ ရက် ညနှောင်းပိုင်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆိုပါရထားသည် ရထားလမ်းဖြတ်ကူးစဉ် ရပ်တန့်သွားခဲ့သော ကြီးမားသည့် ကုန်တင်ယာဉ်တစ်စီးနှင့်တိုက်မိခဲ့ပြီးနောက် ရထားတွဲသုံးတွဲလမ်းချော်ခဲ့ကြောင်း ရုပ်မြင်သံကြားသတင်းပြကွက်အရ သိရသည်။

မေ ၂၃ ရက် ဒေသစံတော်ချိန် ည ၁၁ နာရီ မိနစ် ၂၀ တွင် ဒေသတွင်းပြေးဆွဲသည့် ၁၀၀၂၇ တူရင်-အီဗရာ ရထားသည် ရထားလမ်းကူးစဉ် လမ်းပေါ်၌ ရပ်တန့်သွားသည့် ကုန်တင်ကားကို တိုက်မိခဲ့သည်။ မီးရထားလမ်းကူး အရံအတားကို ဝင်တိုက်မိပြီးနောက် ကုန်တင်ယာဉ် ရပ်တန့်သွားခဲ့ခြင်းဖြစ်ကြောင်း အီတလီရထားလမ်းကွန်ရက်စီမံခန့်ခွဲရေးအဖွဲ့(အာရ်အက်ဖ်အိုင်)က ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။

ကနဦးရရှိသော သတင်းများအရ ရထားစက်ခေါင်းမောင်းတစ်ဦးသေဆုံးပြီး အခြားခရီးသည်အများအပြား ထိခိုက်ဒဏ်ရာရခဲ့ကြောင်း အာရ်အက်ဖ်အိုင်၏ကြေညာချက်တွင် ဖော်ပြသည်။

ဒဏ်ရာပြင်းထန်စွာ ရရှိသည့် ဒုတိယမြောက်လူတစ်ဦးကို တူရင်မြို့ရှိ ဆေးရုံတစ်ရုံသို့ ရဟတ်ယာဉ်ဖြင့် တင်ပို့ပေးခဲ့သော်လည်း ၎င်းမှာ သေဆုံးသွားခဲ့ကြောင်း၊ အခြားစိုးရိမ်ရသည့် အမျိုးသမီးခရီးသည်တစ်ဦးမှာ ဦးခေါင်းတွင် ဒဏ်ရာပြင်းစွာ ရရှိခဲ့သော်လည်း သတိလစ်ခြင်းမရှိကြောင်း အေဂျီအိုင်သတင်းဌာနက ဖော်ပြသည်။ **အေအက်ဖ်ပီ**

# ပြည်ပချေးငွေများနှင့်စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်း တစ်ခုချင်းအလိုက် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို လွှတ်တော်သို့ ရှင်းလင်းတင်ပြ

**နေပြည်တော် မေ ၂၄**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ပချေးငွေများနှင့်စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းတစ်ခုချင်းအလိုက် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဝန်ကြီးဌာနနှစ်ခုမှ ရှင်းလင်းတင်ပြခြင်းနှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ၂၀၁၇ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ စင်ကာပူသမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့် ခရီးစဉ်မှတ်တမ်းနှင့် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့တွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသန်းထွန်းအောင်အား ခန့်အပ်တာဝန်ပေးခြင်းကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လွှတ်တော်သို့ တင်သွင်းသည်။

ဆက်လက်၍ ၂၀၁၇ ခုနှစ် မတ် ၃၁ ရက်အထိ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူထားသည့် ပြည်ပချေးငွေများနှင့်စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်း တစ်ခုချင်းအလိုက် ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက လွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် သက်တမ်းတွင် စီမံကိန်း ၁၁ ခုနှင့် ဒုတိယလွှတ်တော် သက်တမ်းတွင် စီမံကိန်း သုံးခုတို့ကို ပြည်ပချေးငွေဖြင့် ဆောင်ရွက်လျက်ရှိပြီး ပို့ဆောင်ရေးကဏ္ဍအနေဖြင့် ကိုးခု၊ ဆက်သွယ်ရေးကဏ္ဍအနေဖြင့် ငါးခုရှိပါကြောင်း၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဧရာဝတီမြစ်ဝှမ်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ဧရာဝတီမြစ်ဝှမ်းနှင့် နိုင်ငံ၏ ရေအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ သဘာဝအန္တရာယ် ဘက်စုံကာကွယ်တားဆီးရေး စီမံခန့်ခွဲမှု အားကောင်းလာစေရန်အတွက် ရည်ရွယ်၍ အမေရိကန် ဒေါ်လာ သန်း ၁၀၀ နှင့် ညီမျှသည့် ချေးငွေဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါကြောင်း၊ စီမံကိန်းကာလမှာ ၂၀၁၅ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ဖြစ်ပါကြောင်း။

### ရေကြီးရေလျှံမှုများ

စီမံကိန်းလုပ်ငန်းများအား သတ်မှတ်ချိန်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အလားတူ ဧရာဝတီတိုင်းဒေသကြီး၏ ရေဝင်ပေါက်ဖြစ်သည့် တွံတေးတူးမြောင်းဖွံ့ဖြိုးရေးစီမံကိန်းကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေဝင်ပေါက်ဖြစ်သည့် တိုးမြစ်မှာ မြင့်ပြီး ရန်ကုန်မြစ်က နိမ့်နေသည့်အတွက် တစ်ဖက်သတ် ရေစီးနေပါကြောင်း၊ အဆိုပါတူးမြောင်းမှာ ၁၉၇၀ ပြည့်နှစ်တွင် တည်ဆောက်ခဲ့သည့် တူးမြောင်းဖြစ်ပြီး ယခုအခါ ကမ်းပြိုမှုများပြားကာ ရေကြီးရေလျှံမှုများ ဖြစ်နေသည့်အတွက် ကိုရီးယားနိုင်ငံ အကူအညီဖြင့် ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ချေးငွေကို လုံးဝသုံးစွဲခြင်း မရှိသေးဘဲ စီမံကိန်းကာလမှာ ၂၀၁၈ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ ဖြစ်ပါကြောင်း၊ စီမံကိန်းလုပ်ငန်းများတွင် ကမ်းပါးထိန်းသိမ်းခြင်း၊ မြစ်ချောင်းထိန်းသိမ်းခြင်း၊ မြစ်ကမ်းထိန်းလုပ်ငန်းတို့ ဆောင်ရွက်ရမည်ဖြစ်ပြီး လုပ်ငန်းများကို သတ်မှတ်ချိန်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး
ဦးသန့်စင်မောင်



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာမျိုးသိမ်းကြီး

ထို့အတူ သီလဝါကမ်းနားဒေသသို့ ရန်ကုန်ဆိပ်ကမ်းတိုးချဲ့ရေးစီမံကိန်း၊ ရန်ကုန်-မန္တလေးရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း အပိုင်း(၁) အဆင့် ၁၊ အဆင့် ၂ စီမံကိန်း၊ မီးရထားစက်ခေါင်းသစ် ပြုပြင်ရေးစက်များနှင့် အရန်ပစ္စည်းများ ဝယ်ယူခြင်း၊ လူစီးတွဲသစ် တွဲ ၁၀၀ ဝယ်ယူရေးစီမံကိန်း၊ ဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ GSM/UMDS မိုဘိုင်းဖုန်းတိုးချဲ့ရေး စီမံကိန်းများကိုလည်း ဆောင်ရွက်လျက်ရှိပြီး သတ်မှတ်ချိန်ကာလအတွင်း ပြီးစီးနိုင်ရေးအတွက် ကြိုးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

### အလုပ်အကိုင်ရရှိရေး

အလားတူ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရယူထားသည့် ပြည်ပချေးငွေဖြင့် ဆောင်ရွက်နေသည့် လုပ်ငန်း သုံးခုရှိပါကြောင်း၊ ချေးငွေ အမေရိကန် ဒေါ်လာ သန်း ၆၀ နှင့် သန်း ၂၀ မှာ ကျောင်းများသို့ ငွေကြေးထောက်ပံ့ခြင်းစီမံကိန်း ဖြစ်ပါကြောင်း၊ စီမံကိန်း အဓိကရည်ရွယ်ချက်မှာ ကျောင်းနေမြဲရေး၊ ကျောင်းထွက်နည်းရေး၊ အတန်းအဆင့်ကူးပြောင်းနှုန်း မြင့်မားရေး၊ ကျောင်းသား ကျောင်းသူများ သင်ယူတတ်မြောက်မှုမြင့်မားရေးတို့ ဖြစ်ပါကြောင်း၊ ထို့ပြင် အာရှဖွံ့ဖြိုးရေးဘဏ် ချေးငွေ အမေရိကန်ဒေါ်လာ ၉၈ သန်းကျော်ဖြင့် ဆောင်ရွက်နေသည့် ပညာရေးသုတေသနစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့မှ လူငယ်များ အလုပ်အကိုင်ရရှိရေးအတွက် လေ့ကျင့်ပြုစုမွေးထုတ်ရေး စီမံကိန်းကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ ချေးငွေများကို စီမံကိန်း ရည်ရွယ်ချက်များ၊ သတ်မှတ်ချက်များနှင့်အညီ နှစ်အလိုက် စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ၂၀၁၇ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဇဗ္ဗာန်းမဲဆန္ဒနယ်မှ ဦးထွန်းမြင့်က ကော်မရှင်အနေဖြင့် လူ့အခွင့်အရေးချိုးဖောက်တိုင်ကြားချက်များကို သက်ဆိုင်ရာဌာနများသို့ အသိပေးလွှဲပြောင်းဆောင်ရွက်ပေးရုံသက်သက်မဟုတ်ဘဲ ထိရောက်စွာ ဟန့်တားအရေးယူနိုင်ရန် လုံလောက်သော အားထုတ်မှု ယခုထက်ပိုမို လိုအပ်မည်ဟု ထင်မြင်သုံးသပ်သင့်ပါကြောင်း၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်တွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို လေးစားတန်ဖိုးထားတတ်သူများနှင့် CSO ကိုယ်စားပြုသူများ ပါဝင်ဖွဲ့စည်းသင့်ပါကြောင်း၊ ကော်မရှင်၏ အဆင့်အတန်းကို ကမ္ဘာ့စံသတ်မှတ်ချက်ရရှိရေး ကြိုးပမ်းဆောင်ရွက်ရန် အကြံပြုတိုက်တွန်းပါကြောင်း ဆွေးနွေးသည်။

### အစီအစဉ်ရေးဆွဲသင့်

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုက အစီရင်ခံစာပါ ဖော်ပြချက်များမှာ ပြည့်စုံကောင်းမွန်မှုရှိသည်ဟု ယူဆပါကြောင်း၊ ကော်မရှင်အနေဖြင့် လူ့အခွင့်အရေးလုပ်ငန်း ဆောင်ရွက်မှုနှင့်ပတ်သက်၍ ပညာပေးရေးလုပ်ငန်း၊ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ၊ ဥပဒေရေးရာဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတကာဆက်ဆံရေးနှင့် ရုံးလုပ်ငန်းစီမံရေးရာ၊ ဘဏ္ဍာရေးရာကိစ္စရပ်ဟူ၍ ငါးပိုင်းတင်ပြထားပါကြောင်း၊ ပညာပေးဟောပြောပွဲများကို ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ကိုးကြိမ်နှင့် ဌာနအဖွဲ့အစည်း ၃၀ တို့တွင်လည်း ပြုလုပ်ခဲ့ပါကြောင်း၊ အလုပ်ရုံနှင့် သင်တန်းများကို ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ မြို့ ကိုးမြို့၊ ရဲတပ်ဖွဲ့၊ ဗဟိုဝန်ထမ်းတက္ကသိုလ် နှစ်ခုနှင့် ကာကွယ်ရေးတက္ကသိုလ်များတွင် သင်ကြားပို့ချပေးနိုင်ခဲ့ကြောင်းကို သိရှိရပါကြောင်း၊ ပညာပေးရေးလုပ်ငန်းများနှင့်ပတ်သက်၍ လူ့အခွင့်အရေးဆိုသည့် ကျယ်ပြန့်သည့်အဓိပ္ပာယ်ကို ဟောပြောပွဲများနှင့် သင်တန်းများတွင် ပြည်သူနှင့် နိုင်ငံ့ဝန်ထမ်းများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်လိုက်နာတတ်စေရန်အတွက် ရှင်းလင်းချပြရန်နှင့် နှစ်စဉ်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကွင်းဆင်းဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရေးဆွဲသင့်သည်ဟု အကြံပြုလိုပါကြောင်း။

လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်မှုအနေဖြင့် ၂၀၁၅ ခုနှစ်တွင် ၂၅၉၈ မှု ကို လက်ခံရရှိပြီး ၁၇၇၈ မှု ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ်တွင် ၂၀၉၄ မှု လက်ခံရရှိပြီး အမှုအားလုံးပြီးပြတ်ကြောင်းနှင့် ၂၀၁၇ ခုနှစ်တွင် ၁၀၆ မှုသာ လက်ခံရရှိပြီး အမှုအားလုံးပြီးပြတ်ခဲ့သည်ဟုလည်း သိရှိရပါကြောင်း၊ ၂၀၁၇ ခုနှစ် လက်ခံရရှိမှုအရ ယခင် လက်ခံရရှိသည့်အမှုပေါင်း၏ ငါးရာခိုင်နှုန်းခန့်သာဖြစ်၍ အမှု မှန်ကန်မှုမရှိ၍ မတိုင်ကြားကြသည်မျိုး မဟုတ်ဘဲ အကြောင်းအမျိုးမျိုးကြောင့် တိုင်ကြားမှုမပြုသည်ဆိုပါက နိုင်ငံအနေဖြင့် ကောင်းသည့်အလားအလာ မဟုတ်ပါကြောင်း၊ ထို့အတွက် ဟောပြောပွဲများနှင့် သင်တန်းများ တိုင်ကြားနိုင်မှုနှင့် တိုင်ကြားနိုင်သည့် အခြေအနေများကို ရှင်းလင်းချပြသင့်သည့်အပြင် ကော်မရှင်အဖွဲ့အနေဖြင့် သတင်းများနှင့် အွန်လိုင်းများမှ သတင်းအချက်အလက်များအပေါ်တွင်လည်း လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်သင့်သည်ဟု အကြံပြုလိုပါကြောင်း ဆွေးနွေးသည်။

### ဆက်လက်ဆွေးနွေး

ယင်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ အိမ်မဲ မဲဆန္ဒနယ်မှ ဒေါ်သန္တာ၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးရဲထွဋ်၊ ဒေါပုံမဲဆန္ဒနယ်မှ ဦးငွေးဝင်းအောင်(ခေါ်) ဦးပြုံးချို၊ ကချင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း၊ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်နိုင်၊ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး၊ မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုးနှင့် ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည်တို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး ပဥ္စမနေ့ကို မေ ၂၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမြင့်၊အောင်ရဲသွင်(သတင်းစဉ်)**

# ARSA ၏ လူမဆန်စွာ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများ ကျူးလွန်ခဲ့ကြောင်း Amnesty International အဖွဲ့၏ ဖော်ထုတ်ချက်များကို ကြိုဆို

**နေပြည်တော် မေ ၂၄**

ရခိုင်ပြည်နယ်အတွင်း ARSA အစွန်းရောက်အကြမ်းဖက်အုပ်စုက အကြမ်းဖက်တိုက်ခိုက်မှုများ၊ လူမဆန်စွာအစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများ ကျူးလွန်ခဲ့ကြောင်း Amnesty International အဖွဲ့၏ ဖော်ထုတ်ချက်များကို ကြိုဆိုကြောင်း တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့က ယနေ့ သတင်းထုတ်ပြန်လိုက်သည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် မေ ၂၃ ရက်က Amnesty International အဖွဲ့က ထုတ်ပြန်သည့် အစီရင်ခံစာ "Attacks by the ArakanRohingya Salvation Army(ARSA) on Hindus in Northern Rakhine State" ပါ အချက်အလက်များကိုဖော်ပြထားပြီး ယင်းအဖွဲ့၏ အစီရင်ခံစာထုတ်ပြန်မှုနှင့်ပတ်သက်၍ ယခုကဲ့သို့ ရခိုင်ပြည်နယ်အတွင်း ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့များ၏ လုပ်ဆောင်ချက်အကြောင်းအရာများအား အထောက်အထားခိုင်လုံစွာရယူပြီး သတင်းအမှန်အတိုင်း ဖော်ပြခဲ့ခြင်းအပေါ် Amnesty International အဖွဲ့၏ သမာသမတ် (Impartiality) ဖြစ်၍ တပ်မတော်အနေဖြင့် ကြိုဆိုပါကြောင်း၊ တပ်မတော်အနေဖြင့်လည်း သတင်းစာရှင်းလင်းပွဲများဖြင့် ရှင်းလင်းခြင်း၊ ရေဒီယို၊ ရုပ်မြင်သံကြားနှင့် သတင်းစာများမှ သတင်းမှန်ထုတ်ပြန်ခြင်းများအား အချိန်နှင့်တစ်ပြေးညီ အကြိမ်ကြိမ်ထုတ်ပြန်ပေးခဲ့သော်လည်း နိုင်ငံတကာသတင်းဌာနကြီးများနှင့် အစိုးရအဖွဲ့များက လက်ခံအသိအမှတ်မပြုဘဲ တစ်ဖက်သတ်စွပ်စွဲချက်များဖြင့်သာ မြန်မာနိုင်ငံအစိုးရနှင့် တပ်မတော်အပေါ် ဖိအားပေးပြောဆိုဆက်ဆံခဲ့ကြောင်း။

Amnesty International အဖွဲ့၏ ဖော်ပြပါဖြစ်စဉ်များအပြင် အဆိုပါ ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့နှင့် ပဋိပက္ခအပေါ် အစပျိုးခဲ့သူများက ကျန်တိုင်းရင်းသားများနှင့် လူမျိုးတူများအပေါ် သတ်ဖြတ်ခဲ့မှုတို့အပေါ်၌လည်း အမှန်တရားဘက်မှ ဆက်လက်ရပ်တည်ဖော်ထုတ်ပေးနိုင်ရန်လည်း တိုက်တွန်းလိုပါကြောင်း။

ARSA အစွန်းရောက်အကြမ်းဖက်သမားများနှင့် အရေးအခင်းကြီးများတွင် ပါဝင်ပြစ်မှုကျူးလွန်ခဲ့သူတို့၏ ဘူးသီးတောင်-မောင်တောဒေသ ပဋိပက္ခဖြစ်စဉ်အမှန်တို့အား နိုင်ငံပိုင်မီဒီယာများ၊ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့အပါအဝင် တပ်မတော်နှင့် နိုင်ငံတကာအဖွဲ့အစည်းများတွေ့ဆုံခြင်းတို့၌လည်း အထောက်အထားခိုင်လုံစွာဖြင့် ရှင်းလင်းပြောဆိုခြင်း၊ အထောက်အထားများ ပေးအပ်ခြင်းတို့ ပြုလုပ်လျက်ရှိရာ ယင်းအကြောင်းအရာနှင့် ဖြစ်စဉ်မှန်များအား နိုင်ငံတကာအဖွဲ့အစည်းများနှင့် နိုင်ငံတကာသတင်းမီဒီယာများမှ အမှန်တရားအတိုင်း ဆက်လက်၍ Amnesty International အဖွဲ့ကဲ့သို့ ရဲရဲဝံ့ဝံ့ဖော်ထုတ်ပေးနိုင်ပါရန် တိုက်တွန်းပါကြောင်း ဖော်ပြထားသည်။

**သတင်းစဉ်**

# တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)သို့ ယာဉ်လိုင်းပြေးဆွဲမည်

**နေပြည်တော် မေ ၂၄**

နေပြည်တော် တိရစ္ဆာန်ဥယျာဉ်နှင့် ဆာဖာရီဥယျာဉ်များသို့ လူအများ စိတ်ဝင်စားစေရန် ရည်ရွယ်၍ နေပြည်တော်အတွင်း အဲကွန်းယာဉ်များ ပြေးဆွဲရန် စီစဉ်ထားကြောင်း သိရသည်။

ဥယျာဉ်အား လူအများပိုမိုစိတ်ဝင်စားစေရန်နှင့် လာရောက်လည်ပတ်သော ပြည်သူများ ပိုမိုအဆင်ပြေစေရန် ရည်ရွယ်၍ ယာဉ်လိုင်းပြေးဆွဲခြင်းကို မေ ၂၆ ရက်မှစတင်ကာ စနေ၊ တနင်္ဂနွေနှင့် အများ ပြည်သူ ရုံးပိတ်ရက်များတွင် ပြေးဆွဲသွားမည်ဖြစ်သည်။ မြို့မဈေးမှ ဂိတ်အစဖြင့် တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) ဂိတ်အဆုံး ပြေးဆွဲသွားမည်။ ကြားမှတ်တိုင်များအနေဖြင့် မြို့မဈေး၊ သပြေကုန်းဈေး၊ စည်ပင်ဧည့်ရိပ်သာ၊ ဥပ္ပါတသန္တိဘုရား၊ ပျဉ်းမနား (ရှမ်းကန်)၊ ဘောဂသိဒ္ဓိကားကြီးကွင်း၊ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)တို့ဖြစ်သည်။ နံနက် ၇ နာရီတွင် မြို့မဈေးမှ စတင်ပြေးဆွဲသွားမည်ဖြစ်ပြီး နှစ်နာရီခြားတစ်ခေါက် ပြေးဆွဲသွားမည်ဖြစ်သည်။ လာရောက်လည်ပတ်သူများ အဆင်ပြေစေရန် အသွားအပြန် ပြေးဆွဲပေးသွားမည်ဖြစ်ပြီး ယာဉ်လိုင်းပြေးဆွဲချိန်ကို နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ ပြေးဆွဲမည်ဖြစ်သည်။

ယာဉ်စီးခများကို မြို့မဈေးမှ ဥပ္ပါတသန္တိဘုရားသို့ ငွေကျပ် ၇၀၀၊ ဥပ္ပါတသန္တိဘုရားမှ တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)သို့ ငွေကျပ် ၇၀၀ ဖြစ်ပြီး ဂိတ်အစ-ဂိတ်အဆုံး ငွေကျပ် ၁၀၀၀ ဖြင့် ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖြိုးထက်အောင်**

# ကျောင်းအပ်နှံရေးသီတင်းပတ်မှသည် မြန်မာ့ပညာရေးအတွက် တာဝန်ကိုယ်စီ

မောင်မြဲမိုး(ဘူမိ)

ပညာရေးဝန်ကြီးဌာနအနေဖြင့် ယခု ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် ၂၀၁၈ ခုနှစ် မေလ ၂၅ ရက်နေ့မှ ၃၁ ရက်နေ့အထိ ရက်သတ္တပတ်ကာလကို အခြေခံပညာကျောင်းတိုင်းတွင် ကျောင်းအပ်နှံရေးလုပ်ငန်းကို အမျိုးသားရေးအသွင်အဖြစ် ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ပညာရေးဝန်ကြီးဌာန၊ ကျောင်းအုပ်၊ ဆရာ ဆရာမများနှင့် ပညာရေးဝန်ထမ်းများသာမက ကျောင်းသားများနှင့် ကျောင်းသားမိဘများတွင် တာဝန်ကိုယ်စီ ရှိကြပါသည်။

ပညာရေးအတွက် လူတိုင်းကိုယ်စီ တာဝန်ရှိ၍ တာဝန်ခံဆောင်ရွက်ရမည်ကို ယူနက်စကို၏ ကမ္ဘာလုံးဆိုင်ရာ ပညာရေးလေ့လာဆန်းစစ်မှု အစီရင်ခံစာ (၂၀၁၇)(UNESCO, Global Education Monitoring Report ,2017)၏ နိဒါန်းတွင် အောက်ပါအတိုင်း ဖော်ပြထားပါသည်။

**"Education is a collective responsibility for all stakeholders."**

ဆိုလိုသည့် အဓိပ္ပါယ်မှာ **"ပညာရေးကိုပညာရေးနှင့် ဆက်နွှယ်ပတ်သက်သူများအားလုံး ပေါင်းစုတာဝန်ယူဆောင်ရွက်ရမည်"** ဖြစ်ပါသည်။

နိုင်ငံတစ်နိုင်ငံ၏ ပညာရေးတွင် အရေးကြီးသော အချက်မှာ ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းနေရေး၊ ကျောင်းနေမြဲရေးနှင့် အရည်အသွေးမြင့် ပညာရေးရရှိရေးဖြစ်ပါသည်။ ထိုအချက်ကို အကောင်အထည်ဖော်နိုင်ရန် ပညာရေးဝန်ကြီးဌာနက အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း(၂၀၁၆-၂၀၂၁)၏ မဟာဗျူဟာမြောက် အပြောင်းအလဲတစ်ရပ်အဖြစ် ကလေးအားလုံး အရည်အသွေးရှိ အခြေခံပညာကို သင်ယူခွင့်ရရှိပြီး တန်းစဉ်အဆင့်ဆင့် ဆက်လက်သင်ယူပြီးမြောက်နိုင်ရန် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

**ပညာရေးဝန်ကြီးဌာန၏ တာဝန်**

ထိုသို့ ဆောင်ရွက်ရာတွင် အခမဲ့မူလတန်းပညာရေးနှင့် အခမဲ့အလယ်တန်း၊ အထက်တန်း ပညာရေးကို အထောက်အကူပြုစေရန် ပြဋ္ဌာန်းစာအုပ်များ၊ လေ့ကျင့်ခန်းဗလာစာအုပ်များ၊ စာရေးကိရိယာနှင့် အထွေထွေအသုံးအဆောင်ပစ္စည်းများ အခမဲ့ထောက်ပံ့ပေးလျက်ရှိပါသည်။ ထို့အပြင် အခြေခံပညာကျောင်းများ တိုးချဲ့ဖွင့်လှစ်ခြင်းနှင့် အဆင့်တိုးမြှင့်ခြင်းများ ဆောင်ရွက်ရာတွင် ဝေးလံခက်ခဲဒေသများအတွက် ဒေသအဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ သတ်မှတ်ထားသော "မူ"ကို ပြင်ဆင်သတ်မှတ်ပြီး ကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ပေးလျက်ရှိပါသည်။ ဤသို့ဆောင်ရွက်ခြင်းကြောင့် အသက် (၅)နှစ်ပြည့်ပြီး သူငယ်တန်းတက်ရောက်သင်ကြားသူဦးရေမှာ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် မူလတန်းအဆင့် သင်ယူသူဦးရေ ၉၅ ဒသမ ၁၀ ရာခိုင်နှုန်း၊ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် သင်ယူသူဦးရေ ၉၆ ဒသမ ၉၂ ရာခိုင်နှုန်းနှင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ၉၇ ဒသမ ၃၉ ရာခိုင်နှုန်းရှိသဖြင့် နှစ်အလိုက် မူလတန်းအဆင့် ကျောင်းနေနှုန်း တိုးတက်လာသည်ကို တွေ့ရှိရပါသည်။

ထို့အပြင် ပြောင်းရွှေ့လုပ်သား မိသားစုများ၏ ကလေးများနှင့် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခသည်ဖြစ်လာသော ကလေးများအတွက် အခြေခံပညာသင်ယူခွင့်ရရှိစေရန် ရွှေ့လျားကျောင်းများနှင့် အထူးအစီအစဉ်ဖြင့် စီစဉ်ပေးသော ကျောင်းများထူထောင်ပေးပြီး ဆရာ ဆရာမများကို တိုးမြှင့်ခန့်ထားခြင်း၊ ထို့မှမက လူတိုင်း အကျုံးဝင်ပညာရေးအရ ပညာသင်ယူမှု အခွင့်အလမ်းနည်းပါးသော၊ အခက်အခဲရှိသော ကျောင်းသားကျောင်းသူများအတွက် အခြေခံပညာကျောင်းများတွင် လက်ခံသင်ကြားပေးပြီး ပညာသင်ထောက်ပံ့ကြေးများ ချီးမြှင့်ပေးလျက်ရှိပါသည်။

**ကျောင်းအပ်နှံရေးရက်သတ္တပတ်တွင် အရွယ်ရောက်သူ ကလေးများအားလုံးကို ကျောင်းအပ်ခြင်းသည် ကလေးများ၏ အနာဂတ် အစွမ်းကုန် ပွင့်လန်းသာယာလှပစေအောင် ဖြည့်ဆည်း ဆောင်ရွက်ခြင်းဖြစ်သည်။ ကျောင်းနေမြဲရေး၊ ကျောင်းထွက်သူ လုံးဝမရှိရေး ဆောင်ရွက်ခြင်းဖြင့် အနာဂတ်မြန်မာနိုင်ငံတော်ကို အကောင်းဆုံးတည်ဆောက်မည့် တန်ဖိုးမြင့်လူသားများကို လေ့ကျင့်ပျိုးထောင်ပေးနေခြင်း ဖြစ်ပါသည်။**

အခြေခံပညာအဆင့်တွင် KG+12 အခြေခံပညာရေး စနစ်ဖွဲ့စည်းပုံအရ သင်ရိုးသစ်များ ရေးဆွဲခြင်းနှင့် သင်ရိုးသစ်ကျောင်းသုံးစာအုပ်များ၊ သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အပြင် အတန်းများ တိုးချဲ့သင်ကြားရမည်ဖြစ်၍ လိုအပ်သော ဆရာ ဆရာမများခန့်ထားရေး၊ စာသင်ခုံများ၊ စာသင်ဆောင်နှင့် စာသင်ခန်းများ၊ သင်ထောက်ကူပစ္စည်းများ၊ စာကြည့်တိုက်၊ လက်တွေ့ခန်းသုံးပစ္စည်းများ ဖြည့်ဆည်းထောက်ပံ့ပေးရေး၊ ပရိဘောဂများ၊ သန့်စင်ခန်းများ လိုအပ်ချက်များကို စနစ်တကျစာရင်းကောက်ယူပြီး ကြိုတင်ပြင်ဆင်မည့် နှစ်အလိုက် အစီအစဉ်ချမှတ် ဖြည့်ဆည်းခြင်းနှင့် ကျောင်းသုံးစာအုပ်များကို အချိန်မီ ကျောင်းသားများလက်ဝယ်ရောက်ရှိရေးကို အထူးအလေးထား ဆောင်ရွက်လျက်ရှိပါသည်။

**ကျောင်းအုပ်၊ ဆရာ ဆရာမများနှင့် ပညာရေးဝန်ထမ်းများ၏ တာဝန်**

ပညာရေးဝန်ကြီးဌာနက ကျောင်းအုပ်၊ ဆရာ ဆရာမများနှင့် ပညာရေးဝန်ထမ်းများအားလုံး တာဝန်ယူ၊ တာဝန်ခံဆောင်ရွက်ရမည့် အချက်များကို တိကျစွာ သတ်မှတ်ပြဋ္ဌာန်းပေးပြီး ၎င်းတို့အနေဖြင့် ကျောင်းအပ်လက်ခံရာတွင် မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း၊ လက်ခံခြင်းမပြုခြင်းနှင့် ငွေကြေး၊ လက်ဆောင်ပစ္စည်း တစ်စုံတစ်ရာလက်ခံခြင်းမပြုဘဲ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အသက် (၅)နှစ်ပြည့်သူတိုင်းအား သူငယ်တန်း(KG) တန်းနှင့် အသက် (၆)နှစ်ပြည့်ပြီးသူများကို ပထမတန်း (Grade1)သို့ လာရောက်အပ်နှံရာတွင် မွေးစာရင်းနှင့် အိမ်ထောင်စုစာရင်း မရှိသေးသူများအတွက်လည်း အဆင်ပြေစွာ ကျောင်းအပ်လက်ခံခြင်းကို ဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။

ထို့အပြင် မူလတန်းအဆင့်တွင် ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်း ကျောင်းသား ကျောင်းသူများ စာဖတ်တတ်ရန်၊ စာရေးတတ်ရန်၊ အခြေခံတွက်ချက်တတ်ရန်အတွက် အလေးအနက်ထား ဆောင်ရွက်ကြရမည်ဖြစ်သည်။ သင်ကြားသင်ယူမှုကိစ္စများကို မိဘများနှင့် ပူးပေါင်းဆောင်ရွက်ရမည့်အပြင် ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက်ပညာသင်ယူနိုင်ရေးကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။

**ကျောင်းသား ကျောင်းသူများ၏ တာဝန်**

ဆရာ ဆရာမများအနေဖြင့် ပုံမှန်အတန်းဝင်ပြီး စာသင်ချိန်ဇယားအတိုင်း သင်ကြားသင်ယူပေးလျက်ရှိပါသည်။ ထိုသို့ ဆရာ ဆရာမများအနေဖြင့် သင်ကြားသင်ယူသည့်လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်သည့်နည်းတူ ကျောင်းသားများအနေဖြင့်လည်း မိမိတက်ရောက်လျက်ရှိသော ကျောင်းများကို စာသင်ဖို့သက်သက်အတွက်သာဟု သဘောမထားဘဲ ပူးပေါင်းဆောင်ရွက်တတ်၍ တာဝန်ယူ၊ တာဝန်ခံဆောင်ရွက်တတ်သော တီထွင်ကြံဆနိုင်စွမ်းရှိသည့် လူသားကောင်းများ မွေးထုတ်ရာကျောင်းတော်မဟာအဖြစ် ခံယူကြရမည်ဖြစ်ပါသည်။ အဆိုပါကျောင်းများမှ လိမ္မာသူ၊ ယဉ်ကျေးပျူငှာသူ၊ အကျင့်စာရိတ္တမြင့်မားသူ၊ စဉ်းစားတွေးခေါ်နိုင်သူ၊ တီထွင်ကြံဆနိုင်သူနှင့် ထူးချွန်ထက်မြက်သူများ၊ ကမ္ဘာ့နိုင်ငံသားကောင်းများဖြစ်အောင် လေ့ကျင့်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

**မိဘများ၏ တာဝန်**

ပညာရေးဝန်ကြီးဌာန၊ ကျောင်းအုပ်၊ ဆရာ ဆရာမများ တာဝန်ယူ၊ တာဝန်ခံဆောင်ရွက်ရမည့်၊ အထက်ပါလုပ်ငန်းများအပြင် မိဘများအနေဖြင့်လည်း မိမိ၏သားသမီးများ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး၊ သင်ယူတတ်မြောက်မှု အရည်အသွေးကောင်းမွန်ရေး ကျောင်းအုပ်၊ ဆရာ ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ကျောင်းသားများ၏ လူမှုရေးစိတ်ဓာတ်များ ပြည့်ဝစေရန်အတွက် ကျောင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်တတ်စေရေးကို မိဘများအနေဖြင့် ကျောင်းသား ကျောင်းသူများကို တိုက်တွန်းအားပေးကြရမည်ဖြစ်သည်။ ထို့မှမက ကျောင်းသားမိဘများအားလုံးသည် မိဘဆရာအသင်းနှင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စိတ်အားထက်သန်စွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

**တာဝန်ကိုယ်စီ ဟန်ချက်ညီညီ**

ကျောင်းအပ်နှံရေး ရက်သတ္တပတ်တွင် အရွယ်ရောက်သူကလေးများအားလုံးကို ကျောင်းအပ်ခြင်းသည် ကလေးများ၏အနာဂတ် အစွမ်းကုန် ပွင့်လန်းသာယာလှပစေအောင် ဖြည့်ဆည်းဆောင်ရွက်ခြင်းဖြစ်သည်။ ကျောင်းနေမြဲရေး၊ ကျောင်းထွက်သူ လုံးဝမရှိရေး ဆောင်ရွက်ခြင်းဖြင့် အနာဂတ်မြန်မာနိုင်ငံတော်ကို အကောင်းဆုံးတည်ဆောက်မည့် တန်ဖိုးမြင့်လူသားများကို လေ့ကျင့်ပျိုးထောင်ပေးနေခြင်း ဖြစ်ပါသည်။ ကျောင်းတိုင်းသည် တန်ဖိုးမြင့်လူသားအလှ ပန်းဥယျာဉ်များဖြစ်သဖြင့် အဆိုပါဥယျာဉ်များတွင် ရနံ့မျိုးစုံ သင်းထုံကြိုင်သင်းပြီး အလှပန်းပေါင်းစုံ ဝွားဝွားစွင့်စွင့် ပွင့်ဖူးနေစေရေးမှာ ပညာရေးဝန်ကြီးဌာနသာမက ကျောင်းအုပ်များ၊ ဆရာ ဆရာမများ၊ ပညာရေးဝန်ထမ်းများ၊ မိဘများနှင့် ကာယကံရှင်ကျောင်းသားများအားလုံး တာဝန်ကိုယ်စီရှိကြပါသည်။ ထိုတာဝန်တို့ကို ဟန်ချက်ညီညီထမ်းဆောင်ခြင်းဖြင့် မကြာသောကာလတွင် အမိမြန်မာနိုင်ငံတော်မှာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်ခုအဖြစ် ပေါ်ထွန်းလာမည်ဖြစ်ပါသည်။ နိုင်ငံတော်၏ ပုံရိပ်သည်လည်း နိုင်ငံတကာအသိုင်းအဝိုင်း၏အလယ်တွင် ပြန်လည်တောက်ပ မြင့်မားလာမည် ဖြစ်သဖြင့် ကျောင်းအပ်နှံရေးသီတင်းပတ်၏ အဓိဌာန်အဖြစ် **"တာဝန်ကိုယ်စီ ဟန်ချက်ညီညီဖြင့် မြန်မာ့ပညာရေး အဆင့်အတန်းမြင့်မားရေး ဆောင်ရွက်ကြပါစို့"** ဟု ဆန္ဒပြုတိုက်တွန်းအပ်ပါသတည်း။

## ပညာရေးဝန်ကြီးဌာန
## "၂၀၁၈-၂၀၁၉ ပညာသင်နှစ်"
## ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ

❖ မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/လက်ခံခြင်းမပြုရ။
❖ **ငွေကြေး/လက်ဆောင်ပစ္စည်း** တစ်စုံတစ်ရာ လက်ခံခြင်းမပြုရ။
❖ ကျောင်းဝတ်စုံအတွက် **အတန်းတံဆိပ်နှင့် ကျောင်းတံဆိပ်များ** ရောင်းချခြင်းမပြုရ။
❖ အခြား **မည်သည့်ပစ္စည်းကိုမျှ** ရောင်းချခြင်းမပြုရ။
❖ အသက် (၅) နှစ်ပြည့်သူတိုင်းအား သူငယ်တန်း(KG)တွင် လည်းကောင်း၊ အသက်(၆)နှစ်ပြည့်သူတိုင်းအား ပထမတန်း(Grade 1)တွင် လည်းကောင်း၊ ကျောင်းနေအရွယ်အားလုံး ကျောင်းအပ်လက်ခံဆောင်ရွက်ရန်။
❖ ကျောင်းတက်မှန်၍ စာသင်ချိန်ဇယားအတိုင်း ပုံမှန်အတန်းဝင် သင်ကြားသင်ယူပေးရန်၊ ရုံးတက်မှန်ရန်။
❖ ကျောင်းသား၊ ကျောင်းသူများအား ပူးပေါင်းဆောင်ရွက်တတ်၍ တာဝန်ယူ တာဝန်ခံ ဆောင်ရွက်တတ်သော တီထွင်ကြံဆနိုင်စွမ်းရှိသည့် လူသားကောင်းများ ဖြစ်လာစေရန်အတွက် ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ် လုပ်ဆောင်ရေး၊ သင်ယူတတ်မြောက်မှု အရည်အသွေးကောင်းမွန်ရေး၊ မိဘများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပါရန်။
❖ သက်ဆိုင်ရာ အတန်းများအလိုက် အခန်းဆုံးစစ်ဆေးခြင်းများကို ၂၀၁၈ ခုနှစ် ဇူလိုင်လတွင် တစ်ကြိမ်နှင့် ဒီဇင်ဘာလတွင် တစ်ကြိမ်၊ နှစ်လယ်စစ်ဆေးခြင်းကို အောက်တိုဘာလတွင်တစ်ကြိမ်၊ နှစ်ဆုံးစစ်ဆေးခြင်းကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် တစ်ကြိမ် စုစုပေါင်း (၄)ကြိမ်သာ ဆောင်ရွက်ရန်။
❖ ကျောင်းခေါ်ချိန်မပြည့်သူများ၊ သင်ယူတတ်မြောက်မှုအားနည်းသော ကျောင်းသား၊ ကျောင်းသူများအတွက် ဖြည့်ဆည်းသင်ကြားပေးခြင်း (Remedial Education)ကို ဇူလိုင်လမှစတင်၍ နှစ်ဆုံးစစ်ဆေးခြင်းမတိုင်မီအထိ စဉ်ဆက်ဆောင်ရွက်ရန်။
❖ ကျောင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်တတ်စေရေး ကျောင်းသား၊ ကျောင်းသူများကို တိုက်တွန်းအားပေးပါရန်။
❖ မူလတန်းအဆင့်တွင် ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်း ကျောင်းသား၊ ကျောင်းသူများအားလုံး စာဖတ်တတ်ရန်၊ စာရေးတတ်ရန်၊ အခြေခံသင်္ချာတွက်ချက်တတ်ရန်အတွက် အလေးအနက်ထား ဆောင်ရွက်ပြီး ကျောင်းထွက်သူ လုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန်။
❖ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အကြံပြုလို၊ တိုင်ကြားလိုပါက ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁၃)၊ နေပြည်တော်(သို့မဟုတ်) dpsoffice@moe-mm.com သို့ ပေးပို့ တိုင်ကြားနိုင်ပါသည်။

**ပညာရေးဝန်ကြီးဌာန**

# စက်သုံးဆီဈေးနှုန်း ဆက်တိုက်မြင့်တက်နေ၍ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာရန် ပြည်သူများ မျှော်လင့်

**ရန်ကုန် မေ ၂၄**

လတ်တလော ရေနံဈေးနှင့် ဒေါ်လာဈေးများ ဆက်တိုက်မြင့်တက်လာနေပြီး ပြည်တွင်း စက်သုံးဆီဈေးကွက်တွင် လုပ်ငန်းရှင်များက အရှုံးခံရောင်းချပေးနေသည်ဟုဆိုသော်လည်း စက်သုံးဆီဈေးနှုန်းများမှာ ဆက်လက်မြင့်တက်နေပြီး အမြင့်ဆုံးဈေးနှုန်းသို့ ရောက်ရှိလာနေကာ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာရန် ပြည်သူများက မျှော်လင့်နေကြောင်း ဈေးကွက်သတင်းအချက်အလက်များအရ သိရသည်။

ပြည်တွင်း စက်သုံးဆီဈေးကွက်တွင် ဈေးနှုန်းများ ဆက်တိုက်မြင့်တက်လာနေပြီး မြန်မာနိုင်ငံ စက်သုံးဆီ တင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းက မေ ၂၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရုံး၌ လက်ရှိရောင်းချနေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ အပါအဝင် အစိုးရအဖွဲ့ဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

လက်ရှိတွင် စက်သုံးဆီဈေးနှုန်းများ ဆက်တိုက်မြင့်တက်လာနေမှုကြောင့် ကုန်စည်စီးဆင်းရာတွင် အခြေခံကုန်ဈေးနှုန်းများ မြင့်တက်လာလျက်ရှိပြီး ယင်းအပေါ် လွှတ်တော်ကိုယ်စားလှယ်များကလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့အား လွှတ်တော်မှတစ်ဆင့် မေးခွန်းမေးမြန်းခြင်းများကို ပြုလုပ်လျက်ရှိသည်။ သို့ရာတွင် ပြည်တွင်း စက်သုံးဆီဈေးကွက်တွင် စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးနေသော လုပ်ငန်းရှင်များအနေဖြင့် လက်ရှိအခြေအနေတွင် အရှုံးခံ၍ ရောင်းချပေးနေခြင်းဖြစ်ကြောင်း မီဒီယာများထံသို့ ဖြေကြားထားသည်။

သင်္ကြန်ကာလအပြီးတွင် တဖြည်းဖြည်း မြင့်တက်လာသော စက်သုံးဆီဈေးနှုန်းသည် ဧပြီလကုန်ပိုင်းတွင် အမြင့်ဆုံးသို့ မြင့်တက်လာခဲ့ပြီး ဆီတစ်ဂါလန်လျှင် ငွေကျပ် ၁၀၀ ကျော်ခန့် မြင့်တက်သွားခဲ့ရာမှ ယခုအခါ ငွေကျပ် ၁၅၀ မှ ငွေကျပ် ၂၀၀ နီးပါးအထိ မြင့်တက်လာခဲ့ကြောင်း ဈေးကွက်ပေါက်ဈေးများအရ သိရသည်။

လက်ရှိ ရန်ကုန်မြို့ စက်သုံးဆီအရောင်းဆိုင်များတွင် ရောင်းချလျက်ရှိသော ဈေးနှုန်းများမှာ အောက်တိန်း ၉၂ တစ်လီတာလျှင် ကျပ် ၈၇၀၊ အောက်တိန်း ၉၅ တစ်လီတာလျှင် ငွေကျပ် ၉၀၀ ကျော်သို့ ရောက်ရှိလာခဲ့ပြီး ဒီဇယ်တစ်လီတာနှင့် အဆင့်မြင့်ဒီဇယ် တစ်လီတာချင်း ဈေးနှုန်းများမှာလည်း ငွေကျပ် ၉၀၀ ကျော်သို့ ရောက်ရှိလာခဲ့ကြောင်း မေ ၂၄ ရက် ဈေးနှုန်းများအရ သိရသည်။ ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းသည် တစ်စည်လျှင် ဒေါ်လာ ၇၀ အထက်တွင်ရှိနေပြီး ပြည်တွင်းဒေါ်လာငွေ လဲလှယ်ဈေးနှုန်းမှာလည်း ဗဟိုဘဏ်ရည်ညွှန်းနှုန်းအရ အမေရိကန်တစ်ဒေါ်လာလျှင် မြန်မာငွေ ၁၃၅၃ ကျပ်ဖြစ်ကြောင်း သိရသည်။

"ကမ္ဘာ့ဆီဈေးတက်တာတို့၊ ဒေါ်လာဈေးတက်တာတို့ဆိုရင် ဆီဈေးက ချက်ချင်း တက်တာမြန်တယ်၊ ကျတဲ့အခါကျတော့ ငါးကျပ်လောက် ကျလိုက်၊ ၁၀ ကျပ်လောက် ကျလိုက်နဲ့၊ ဆီဈေးတက်ရင်၊ သယ်ယူပို့ဆောင် စရိတ်တက်ရင် အကုန်တက်မှာပဲ၊ ကုန်ဈေးနှုန်း တည်ငြိမ်ဖို့ဆိုရင် စက်သုံးဆီမူဝါဒကောင်းဖို့လိုတယ်၊ အများပြည်သူကို ကြည့်သင့်တယ်၊ အစိုးရအနေနဲ့ ဈေးကို လိုက်ထိန်းချုပ်တာမျိုးထက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ခွင့်ပြုသင့်တယ်၊ ပြည်တွင်းမှာပဲ လူနည်းစုက ဈေးကွက်လက်ဝါးကြီးအုပ်ထားတာထက် အများပြည်သူ အဆင်ပြေစေဖို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ခွင့်ပြုပေးသင့်တယ်၊ လိုအပ်နေတဲ့ ဆီသိုလှောင်ကန်တွေ၊ အခြေခံအဆောက်အအုံမျိုးတွေ ပံ့ပိုးပေးသင့်တယ်" ဟု ရန်ကုန်မြို့ခံလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းသို့ နေ့စဉ်စက်သုံးဆီ ပျမ်းမျှဓာတ်ဆီ ၂ ဒသမ ၂ သန်းနှင့် ဒီဇယ်ဆီဂါလန် ၁ ဒသမ ၄၅ သန်း လက်ခံရရှိပြီး ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များမှ နေ့စဉ် ပျမ်းမျှဓာတ်ဆီ သုည ဒသမ ၂၇ သန်းနှင့် ဒီဇယ်ဆီဂါလန် သုည ဒသမ ၁၈ သန်း ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးတွင် တိုင်းဒေသကြီး မွေးမြူရေး၊ စိုက်ပျိုးရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးဟံထွန်း၏ ပြောကြားမှုများအရ သိရသည်။

စက်သုံးဆီကဏ္ဍတွင် ပြည်တွင်းပုဂ္ဂလိက လုပ်ငန်းရှင်များကို လုပ်ကိုင်ခွင့်ပြုထားသော်လည်း ဈေးကွက်စီးပွားရေးစနစ်အရ ပြိုင်ဆိုင်မှုရှိသည့် ဈေးကွက်အနေအထားထက် ဈေးနှုန်းညှိနှိုင်းရောင်းချနေမှုများရှိနေပြီး စက်သုံးဆီသိုလှောင်ကန်များအပါအဝင် အခြေခံအဆောက်အအုံအားနည်းချက်များကြောင့်လည်း ပြည်တွင်း စက်သုံးဆီဈေးကွက်တွင် ဈေးနှုန်းမြင့်မားလျက်ရှိကြောင်း ဈေးကွက်ကျွမ်းကျင်သူများက သုံးသပ်ကြသည်။ ယင်းကြောင့် ပြည်တွင်းလိုအပ်ချက်ရှိနေသော စက်သုံးဆီဈေးကွက်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ကာ အရည်အသွေးနှင့် ဈေးနှုန်းဝန်ဆောင်မှုကောင်းသော ဆောင်ရွက်မှုများကို ပြုပြင်ပြောင်းလဲသင့်ပြီး ကုန်ဈေးနှုန်းတည်ငြိမ်ရေးကို ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း အကြံပြုဝေဖန်နေကြခြင်းဖြစ်သည်။

**ဝဝ၁**

# မန္တလေး အိုးဘိုဓာတ်အားခွဲရုံ ထရန်စဖော်မာ မီးလောင်ကျွမ်းအပြီး နာရီပိုင်းအတွင်း လျှပ်စစ်ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့

**မန္တလေး မေ ၂၄**

မန္တလေးခရိုင် အိုးဘိုဓာတ်အားခွဲရုံတွင် မေ ၂၃ ရက် ညနေ ၃ နာရီက 20 MvA ထရန်စဖော်မာ Internal fault ဖြစ်စဉ်ကြောင့် မီးလောင်ကျွမ်းခဲ့ပြီး ဓာတ်အားပြတ်တောက်ခဲ့ခြင်းကို အမြန်ဆုံးပြုပြင်တပ်ဆင်မှုများ ပြုလုပ်ခဲ့ရာ နာရီပိုင်းအတွင်း ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း အောင်မြေသာစံမြို့နယ် လျှပ်စစ်မန်နေဂျာ ဦးခင်မောင်ဝင်းက ပြောသည်။

အဆိုပါဓာတ်အားခွဲရုံမှ ဓာတ်အားများ ပြန်လည်ဖြန့်ဖြူးပေးနိုင်ရန်အတွက် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ခေတ္တအမှုဆောင်အရာရှိချုပ်၏ အနီးကပ်ကြီးကြပ်မှု၊ ဓာတ်အားစနစ်ဌာန လျှပ်စစ်စမ်းသပ်စစ်ဆေးရေးနှင့် အကာအကွယ်ပေးရေးဌာနမှ ဝန်ထမ်းများနှင့် မန္တလေးခရိုင်အတွင်းမှ စုပေါင်းအင်အားများဖြင့် ဆောင်ရွက်ခဲ့ရာ ညနေ ၅ နာရီခွဲတွင် ဓာတ်အားပြတ်တောက်မှုဧရိယာ၏ ၄၀ ရာခိုင်နှုန်းကိုလည်းကောင်း၊ ညနေ ၆ နာရီခွဲတွင် ၆၀ ရာခိုင်နှုန်းကိုလည်းကောင်း၊ နံနက် ၂ နာရီတွင် ၉၀ ရာခိုင်နှုန်းနှင့် နံနက် ၅ နာရီတွင် ဓာတ်အားပြတ်တောက်မှုဧရိယာ၏ ၁၀၀ ရာခိုင်နှုန်း အပြည့်အဝ ပြန်လည်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း သိရသည်။

"မီးလောင်ကျွမ်းပြီး နှစ်နာရီကျော်အတွင်းမှာပဲ ညောင်ကွဲဓာတ်အားခွဲရုံနဲ့ တိုက်တော်ဓာတ်အားခွဲရုံကနေ ဓာတ်အားတွေခွဲယူပြီး အိုးဘိုရပ်ကွက်နဲ့ မန္တလေးတောင်ခြေတစ်ဝိုက်ကို ဓာတ်အား ၆၀ ရာခိုင်နှုန်း ပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်၊ နောက်တစ်နေ့ နံနက် ၂ နာရီမှာ 10MvA SEM ထရန်စဖော်မာအိုးကို ထပ်တိုးတပ်ဆင်ခဲ့တာကြောင့် ၉၀ ရာခိုင်နှုန်း ပြန်လည်ပို့လွှတ်နိုင်ခဲ့ပြီး နံနက် ၅ နာရီမှာတော့ ဓာတ်အားပြတ်တောက်မှုအားလုံးကို ပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်၊ ဒီလိုထရန်စဖော်မာ Internal fault ဖြစ်စဉ်ကတော့ ဖြစ်ခဲပါတယ်" ဟု ၎င်းကပြောသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဥပုသ်တော်ရပ်ကွက်မှ ဒေသခံတစ်ဦးကလည်း "နှစ်ပေါင်းလေးဆယ်အတွင်းမှာ ဒီတစ်ကြိမ်ပဲ ကြုံခဲ့တယ်၊ ဖြစ်ဖြစ်ချင်းမှာတော့ လျှပ်စစ်မီး အကြာကြီး ပြတ်တောက်မယ်လို့ထင်ခဲ့ပေမယ့် နာရီပိုင်းအတွင်းမှာပဲ မီးပြန်လည်ရရှိအောင် လုပ်ဆောင်ပေးကြတဲ့ မြို့နယ်လျှပ်စစ်မန်နေဂျာနဲ့ ဝန်ထမ်းတွေကို လေးစားဂုဏ်ယူမိပါတယ်" ဟု ပြောသည်။

မန္တလေးခရိုင်အတွင်းရှိ မြို့နယ်ခုနစ် မြို့နယ်အတွက် ဓာတ်အားခွဲရုံနှစ်ဆယ်မှ ဓာတ်အားများဖြန့်ဖြူးပေးလျက်ရှိရာ အောင်မြေသာစံမြို့နယ်တွင် ဓာတ်အားခွဲရုံ လေးရုံ၊ ချမ်းအေးသာစံမြို့နယ်တွင် နှစ်ရုံ၊ ချမ်းမြသာစည်မြို့နယ်တွင် လေးရုံ၊ မဟာအောင်မြေမြို့နယ်တွင် နှစ်ရုံ၊ ပြည်ကြီးတံခွန်မြို့နယ်တွင် သုံးရုံ၊ ပုသိမ်ကြီးမြို့နယ်တွင် သုံးရုံနှင့် အမရပူရမြို့နယ်တွင် နှစ်ရုံရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



**○ ပန်းတနော်မှ**

ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"မင်းတစု-ပျဉ်းမတောမြောင်းကို ပြန်လည်တူးဖော်ပေးလိုက်တာဟာ ကျွန်တော်တို့ ဒေသခံတောင်သူတွေရဲ့ ဘဝကို မြှင့်တင်ပေးလိုက်သလိုပါပဲ၊ စိုက်ပျိုးရေးအပြင် သွားလာဆက်သွယ်ရေးနဲ့ ကျေးလက်ကုန်ထုတ်လမ်းအဖြစ်ပါ အဆင်ပြေတော့မှာဖြစ်လို့ ဝမ်းသာပါတယ်"ဟု ရေလဲ-နဲ့ကောကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသံချောင်းက ပြောသည်။

"မင်းတစု-ပျဉ်းမတောမြောင်း တူးဖော်ပေးလိုက်တဲ့အတွက် ပန်းတနော်မြို့နယ်အတွက်သာမက ဇလွန်၊ ကျုံပျော်နဲ့ ဓနုဖြူမြို့နယ်တွေအတွက်ပါ ရေစီးရေလာ ပိုမိုကောင်းမွန်လာမှာ ဖြစ်ပါတယ်၊ နွေစပါးအတွက် အောင်ရေရရှိမှုနဲ့ မိုးစပါးအတွက် ရေကြီးနစ်မြုပ်မှုကနေ လျော့ပါးသက်သာလာမှာ ဖြစ်ပါတယ်၊ ဒေသအတွက် အကျိုးရှိတဲ့ ဆောင်ရွက်မှုတစ်ခုဖြစ်ပါတယ်၊ နဲ့ကောမြောင်းနဲ့ မင်းတစုဘုရားရိုးမြောင်းကိုလည်း ဆက်လက်တူးဖော်ပေးစေချင်ပါတယ်" ဟု မင်းတစု (မင်းဂရု)ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဇော်မင်းစိုးက ပြောသည်။

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ် ရေလဲ-နဲ့ကောကျေးရွာအုပ်စုအတွင်းရှိ ပျဉ်းမတောရေတံခါး အဝင်မြောင်းဖြစ်သည့် မင်းတစု- ပျဉ်းမတောမြောင်းအား ယခုကဲ့သို့ ပြန်လည်တူးဖော်ပေးလိုက်သဖြင့် ဓနုဖြူမြို့နှင့် ပန်းတနော်မြို့နယ်အတွင်းရှိ နွေစပါးစိုက်ဧက ၄၅၀၀ အား အောင်ရေကောင်းစွာ ပေးဝေနိုင်မည့်အပြင် ချောင်း၊ မြောင်းတိမ်ကော၍ ရေကြီးနစ်မြုပ်မှု ဖြစ်ပေါ်လေ့ရှိသည့် ဧက ၆၀၀၀ ခန့်အား ရေကြီးနစ်မြုပ်မှုမှ လျော့ချကာကွယ်သွားနိုင်မည်ဖြစ်သဖြင့် စိုက်ဧကများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**သပြေထွန်း**

# စဉ့်ကူးနှင့် ဝက်လက်မြို့နယ်ကြားသောင်ခုံတွင် ဧရာဝတီလင်းပိုင်တစ်ကောင် သောင်တင်သေဆုံး

**မန္တလေး မေ ၂၄**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်နှင့် ဝက်လက်မြို့နယ်ကြား ကမ်းဖြူကျေးရွာအရှေ့ဘက် သောင်ခုံတွင် ဧရာဝတီလင်းပိုင်တစ်ကောင် သောင်တင်သေဆုံးနေကြောင်း မြစ်ကမ်းကြီး ရေလုပ်သား ဦးသန်းမြင့်က တွေ့ရှိရာမှ တစ်ဆင့် ငါးလုပ်ငန်းဦးစီးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့သို့ အသိပေးအကြောင်းကြားလာသည့်အတွက် သားငှက်ထိန်းသိမ်းရေးအဖွဲ့ဝင်များ သွားရောက်ပြီး လင်းပိုင်သေ၏ ပြင်ပရုပ်ပိုင်းဆိုင်ရာ လေ့လာတိုင်းတာမှုများ၊ ခန္ဓာကိုယ်အစိတ်အပိုင်းများအား စစ်ဆေးဆောင်ရွက်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သေဆုံးသွားသည့် လင်းပိုင်မှာ အမဖြစ်၍ ခန္ဓာကိုယ်အလျားမှာ ခြောက်ပေ ရှစ်လက်မရှိပြီး တိုင်းတာစစ်ဆေး၍ ရေလွတ်ရာ သောင်ခုံအမြင့်တွင် မြေမြှုပ်ပြီးနောက်တွင် ငါးလုပ်ငန်းဦးစီးဌာနမှ အရိုးငြမ်းရယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လင်းပိုင်သေဆုံးမှုနှင့် ပတ်သက်၍ ရေလုပ်သားများ၏ပြောပြချက်နှင့် လင်းပိုင်ကိုယ်ပေါ်ရှိ ဒဏ်ရာများအား ကြည့်ရှုစစ်ဆေးခြင်းဖြင့် ပိုက်ငြိသေဆုံးသည်ဟု ယူဆရကြောင်းနှင့် စဉ့်ကူးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး၊ ဝန်ထမ်းများနှင့်အတူ သားငှက်ထိန်းသိမ်းရေးအဖွဲ့မှ စစ်ဆေးအတည်ပြုခဲ့ကြကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)မှ သိရသည်။

**နိုင်လင်းကြည်**

# မြန်မာ - အိန္ဒိယ နယ်စပ်တံတားပေါ် ယာဉ်များဖြတ်သန်းသွားလာခွင့် အိန္ဒိယဘက်မှ ပိတ်ပင်ထားဆဲဖြစ်

**ရိခေါဒါရ် မေ ၂၄**

ချင်းပြည်နယ်ရှိ နယ်စပ်ကုန်သွယ်ရေးဝင်၊ ထွက်ပေါက် တစ်ခုဖြစ်သည့် ရိခေါဒါရ်မြို့ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ နယ်စပ်တံတားတွင် မေ ၂၁ ရက်မှစ၍ ယာဉ်များ ဝင်၊ ထွက်ဖြတ်သန်းသွားလာမှုကို အိန္ဒိယနိုင်ငံဘက်မှ ခေတ္တပိတ်ပင်ထားခဲ့ရာ ကုန်ပစ္စည်းများအား တွန်းလှည်းများဖြင့် သယ်ယူပို့ဆောင်လျက်ရှိသည်။

"ကျွန်တော်တို့ဘက်က အထည်အလိပ်(မူဆယ်) ကုန်ပစ္စည်းတွေကိုလူ၊ တွန်းလှည်းတွေနဲ့ တစ်ဖက်အိန္ဒိယနိုင်ငံကို ပို့ဆောင်ပါတယ်၊ ကွမ်းသီးတွေကျတော့ ဒီနေ့အထိ တင်ပို့ခြင်းမရှိသေးပါဘူး၊ အိန္ဒိယနိုင်ငံဘက်က သွင်းကုန်ဖြစ်တဲ့ ဓာတ်မြေဩဇာတွေကိုတော့ သူတို့အလုပ်သမားအဖွဲ့ကလူနဲ့ ကျွန်တော်တို့ဘက် တံတားနားအထိလာရောက်ပို့ဆောင်ပါတယ်၊ ကုန်စည်ပို့ဆောင်စီးဆင်းမှု နှောင့်နှေးကြန့်ကြာမှုအခက်အခဲက ဒီနေ့နဲ့ဆို လေးရက်ရှိပြီ၊ ဘာမှထူးခြားမှုမရှိသေးပါဘူး၊ နယ်စပ်တံတားပေါ်မှာ နှစ်နိုင်ငံပို့ကုန်၊ သွင်းကုန် ထမ်းပို့တဲ့အလုပ်သမားတွေနဲ့ ပြည့်ကျပ်နေတာပဲ၊ ယာဉ်တွေဘယ်တော့ဖြတ်သန်းခွင့်ပြုမှာလဲဆိုတာ မသိနိုင်သေးဘူး" ဟု ကုန်တင်၊ ကုန်ချအသင်းမှ ဦးဒင့်ဆန်းငါက ပြောသည်။

အဆိုပါ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ နယ်စပ်တံတားတွင် စက်တပ်ယာဉ်များ ဖြတ်သန်းသွားလာမှု ပိတ်ပင်ခြင်းကို အိန္ဒိယနိုင်ငံ အာသံရိုင်ဖယ်တပ်မှ ခေတ္တပြုလုပ်ထားခြင်း ဖြစ်ပြီး မည်သည့် အကြောင်းပြချက်ဖြင့် မည်မျှကြာအောင် ပိတ်ပင်သွားမည်ကိုမသိရှိရကြောင်း၊ ယခုအခါ တွန်းလှည်းများ၊ ကုန်ထမ်းပိုးသူများဖြင့် သယ်ယူပို့ဆောင်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရန်ကုန်မြို့နယ်အချို့ ဓာတ်အားပြတ်တောက်နိုင်

**နေပြည်တော် မေ ၂၄**

230 KV လှိုင်သာယာ-ကျိုက်လတ် ဓာတ်အားလိုင်းအား ဇွန်လပထမပတ်တွင် ဓာတ်အားပို့လွှတ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိရာ 230 KV လှိုင်သာယာ ပင်မဓာတ်အားခွဲရုံတွင် ကျိုက်လတ် Switch Bay တိုးချဲ့ခြင်းလုပ်ငန်းမှာ ၈၀ ရာခိုင်နှုန်းပြီးစီး၍ Bus D/S တပ်ဆင်ပေးရန် ကျန်ရှိသည်။

အဆိုပါ 230 KV Bus D/S တပ်ဆင်ခြင်းနှင့် Dropper ချခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မေ ၂၅ ရက် ည ၁၂ နာရီမှ မေ ၂၆ ရက် နံနက် ၆ နာရီအထိ 230 KV လှိုင်သာယာပင်မဓာတ်အားခွဲရုံ၏ 230 KV Bus အား ဓာတ်အားပိတ်၍ လုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်သည်။

လုပ်ငန်းဆောင်ရွက်မည့် နေ့အချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လှိုင်သာယာ၊ ထန်းတပင်၊ တွံတေး၊ ဒလ၊ ကွမ်းခြံကုန်း၊ ကော့မှူး၊ လက်ခုပ်ကုန်း၊ ဆိပ်ကြီးခနောင်တို၊ ရွှေလင်ပန်းမြို့နယ်များ အချိန်ပိုင်းယာယီဓာတ်အားပြတ်တောက်မည်ဖြစ်သည်။ လှိုင်၊ ကမာရွတ်၊ မင်္ဂလာတောင်ညွန့်၊ တာမွေ၊ ပုဇွန်တောင်၊ ဗိုလ်တထောင် မြို့နယ်များရှိ ရပ်ကွက်အချို့တို့တွင်လည်း မေ ၂၆ ရက် နံနက် ၅ နာရီမှ ၆ နာရီအတွင်း ယာယီဓာတ်အားပြတ်တောက်နိုင်ကြောင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းက အသိပေးပန်ကြားထားသည်။

**ကြေးမုံ**

# အထူးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း စင်ကာပူသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၄**
ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာစင်ကာပူသံအမတ်ကြီး H.E. Ms.Vanessa Elisabeth Chan Yuen Ying အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-1) ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် ဥပဒေရေးရာကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာကိစ္စရပ်များနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**



# မြန်မာဥပဒေသတင်းအချက်အလက်စနစ် စတင်ထုတ်လွှင့်ခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၂၄**
မြန်မာဥပဒေသတင်းအချက်အလက်စနစ် စတင်ထုတ်လွှင့်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ဟိုတယ်ဇုန်ရှိ Hilton Hotel ၌ ကျင်းပရာ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

**ရှာဖွေကြည့်ရှုနိုင်မည်**

ပြည်ထောင်စုရှေ့နေချုပ်က မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများတွင် ဦးစားပေးကဏ္ဍဖြစ်သည့် တရားဥပဒေစိုးမိုးမှု တိုးတက်လာရေးကို အထောက်အကူဖြစ်စေမည့် မြန်မာဥပဒေ သတင်းအချက်အလက်စနစ်ကို ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ website မှတစ်ဆင့် စတင်ထုတ်လွှင့်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဥပဒေပြဋ္ဌာန်းချက်၊ ထုတ်ပြန်ချက်ကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရန် မြန်မာဥပဒေသတင်းအချက်အလက်စနစ်ကို ထူထောင်ဆောင်ရွက်နိုင်ခဲ့ခြင်းသည် ပြည်သူများအနေဖြင့် ဥပဒေသတင်းအချက်အလက်များကို အင်တာနက်ဝက်ဘ်ဆိုက်နှင့် မိုဘိုင်းဖုန်းများမှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ အလွယ်တကူ ရှာဖွေကြည့်ရှုနိုင်မည်ဖြစ်ကြောင်း။

**ဥပဒေအသိပညာများ တိုးပွား**

ထိုစနစ်ကြောင့် ဥပဒေအသိပညာများ တိုးပွားကြမည်ဖြစ်ကြောင်း၊ နိုင်ငံ၏တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှုများသည် အလွန်အရေးပါကြောင်း၊ ယခု မြန်မာဥပဒေသတင်းအချက်အလက်စနစ် တည်ထောင်ရေးနှင့်စပ်လျဉ်း၍ ကိုရီးယားသမ္မတနိုင်ငံ အစိုးရဥပဒေပြုဝန်ကြီးဌာန၊ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (KOICA) နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့သည် ၂၀၁၅ ခုနှစ် အောက်တိုဘာလ ဆွေးနွေးမှုမှတ်တမ်းကို လက်မှတ်ရေးထိုးကာ တည်ဆဲဥပဒေများသာမက ဥပဒေသမိုင်းကြောင်းကို သိရှိနိုင်ရန်၊ ရုပ်သိမ်းပြီးဥပဒေများကိုလည်း ဖော်ပြထားကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက်၊ အဖွဲ့အစည်းအလိုက်ခွဲခြား၍ ဖော်ပြထားရုံသာမက အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးစသည့်ကဏ္ဍအလိုက်လည်း ခွဲခြားဖော်ပြထားကြောင်း။

**Law Library**

ဥပဒေတစ်ခုချင်းတွင်လည်း မူလပြဋ္ဌာန်းချက်၊ ပြင်ဆင်ချက်၊ ပြင်ဆင်သည့် အကြိမ်အရေအတွက်၊ ပြင်ဆင်သည့်ခုနှစ်နှင့် အကြောင်းအရာကိုလည်း အလွယ်တကူ ရှာဖွေကြည့်ရှုနိုင်ရန် ဖော်ပြထားကြောင်း၊ မြန်မာနိုင်ငံတရားစီရင်ထုံးများအပြင် မြန်မာနိုင်ငံနှင့် ချုပ်ဆိုသော အပြည်ပြည်ဆိုင်ရာ စာချုပ်များကိုလည်း ထည့်သွင်းဖော်ပြထားကြောင်း၊ ထိုစနစ်သည် မြန်မာနိုင်ငံ၏ ဥပဒေသတင်းအချက်အလက်များကို ပြည့်ပြည့်စုံစုံ ဖော်ပြထားသောကြောင့် ဥပဒေသုတေသီများ၊ ဥပဒေကျောင်းသားကျောင်းသူများ၊ ဥပဒေရေးဆွဲသူ၊ ဥပဒေပြုစုသူ၊ ဥပဒေလေ့လာသူများအတွက်လည်း Law Library တစ်ခုလို အထောက်အကူများစွာဖြစ်မည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအနေဖြင့်လည်း လုပ်ငန်းနှင့်သက်ဆိုင်သည့် ဥပဒေသတင်းအချက်အလက်များကို မြန်မြန်ဆန်ဆန် ပြည့်ပြည့်စုံစုံ လေ့လာနိုင်၍ လုပ်ငန်းများကို လွယ်ကူချောမွေ့စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြန်မာနိုင်ငံ၏ ဥပဒေမူဘောင်များကို ပိုမိုသိရှိနားလည်လာပြီး ရင်းနှီးမြှုပ်နှံမှုအတွက် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း ပြောကြားသည်။

**နိုင်ငံတစ်နိုင်ငံ တိုးတက်ရန်**

ဆက်လက်၍ ကိုရီးယားသမ္မတနိုင်ငံ အစိုးရဥပဒေပြုဝန်ကြီးဌာနဝန်ကြီး Ms. Kim Oe-sook က အမှာစကားပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ တိုးတက်ရန် ဥပဒေသတင်းအချက်အလက်စနစ်သည် အရေးကြီးသောအခန်းကဏ္ဍတွင်ရှိကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံသည် ပြည်သူများ၏ ဥပဒေအသိပညာ ဗဟုသုတနှင့် ဥပဒေ၏ ဝန်ဆောင်မှုလုပ်ငန်းများကို တိုးချဲ့လုပ်ဆောင်နိုင်ခဲ့၍ ကိုရီးယားနိုင်ငံ၏ စီးပွားရေးသည် အချိန်တိုအတွင်း လျင်မြန်စွာ တိုးတက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာဥပဒေရေးရာတိုးတက်ရေးတွင် မြန်မာဥပဒေသတင်းအချက်အလက်စနစ်သည် အဓိကအခန်းကဏ္ဍမှ ပါဝင်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီး Mr. Lee Sang-hwa နှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ ဌာနေကိုယ်စားလှယ် Dr.Shi Eui Cheol တို့က အမှာစကား ပြောကြားကြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုလှိုင်က မြန်မာဥပဒေသတင်းအချက်အလက်စနစ် လွှင့်တင်နိုင်ရေးအတွက် ဆောင်ရွက်မှုနှင့် မြန်မာဥပဒေသတင်းအချက်အလက်စနစ် လွှင့်တင်ခြင်း သရုပ်ပြမှုကို ရှင်းလင်းတင်ပြသည်။

**အခမဲ့ဝန်ဆောင်မှုပေး**

အဆိုပါ မြန်မာဥပဒေသတင်းအချက်အလက်စနစ်ကို ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ Website ဖြစ်သော www.oag.gov.mm နှင့် www.mlis.gov.mm တို့မှ ကြည့်ရှုနိုင်ပြီး အင်တာနက် website အပြင် မိုဘိုင်းဖုန်းများမှလည်း ကြည့်ရှုနိုင်ပြီး မြန်မာဘာသာဖြင့်သာမက အင်္ဂလိပ်ဘာသာဖြင့်ပါ ဝင်ရောက်ကြည့်ရှုနိုင်သော ပြည်တွင်း ပြည်ပသို့ အခမဲ့ဝန်ဆောင်မှုပေးသည့်စနစ်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ လွှတ်တော်ရေးရာကော်မတီများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ကိုရီးယားသမ္မတနိုင်ငံ ဥပဒေပြုဝန်ကြီးဌာနဝန်ကြီးနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး၊ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) မှ ဌာနေကိုယ်စားလှယ်နှင့်အဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ်ဥပဒေချုပ်များနှင့် တိုင်းဒေသကြီး/ပြည်နယ်ဥပဒေအရာရှိများ၊ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# ဥပဒေသတင်းအချက်အလက်များကို မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် ဖော်ပြထားသောဝက်ဘ်ဆိုက် စတင်လွှင့်တင်

**နေပြည်တော် မေ ၂၄**
မြန်မာနိုင်ငံ၏ ဥပဒေသတင်းအချက်အလက်များကို ပြည်သူများအား ဝန်ဆောင်မှုပေး မျှဝေနိုင်ရန် မြန်မာဥပဒေသတင်းအချက်အလက်စနစ် (Myanmar Law Information System) ဝက်ဘ်ဆိုက် www.mlis.gov.mm ကို မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ စတင်လွှင့်တင်ဆောင်ရွက်ခဲ့သည်။

အဆိုပါ မြန်မာဥပဒေသတင်းအချက်အလက်စနစ် ဝက်ဘ်ဆိုက် www.mlis. gov.mm စတင်လွှင့်တင်သည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Hilton Hotel ၌ ကျင်းပသည်။

မြန်မာဥပဒေ သတင်းအချက်အလက်စနစ် ဝက်ဘ်ဆိုက်အပြင် မိုဘိုင်းဖုန်းမှ ကြည့်ရှုနိုင်ရန်လည်း မိုဘိုင်းဖုန်းဝန်ဆောင်မှုကိုပါ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဆောင်ရွက်ထားကြောင်း သိရသည်။

မြန်မာဥပဒေ သတင်းအချက်အလက်စနစ် ဝက်ဘ်ဆိုက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ ပြည်ထောင်စုဥပဒေများ၊ ပြည်ထောင်စုတစ်ဆင့်ခံဥပဒေများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ဆင့်ခံ ဥပဒေများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသဥပဒေများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ တစ်ဆင့်ခံဥပဒေများ၊ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များ၊ စီရင်ထုံးများကို ကဏ္ဍအလိုက် ထည့်သွင်းဖော်ပြထားသည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် ဥပဒေများ၊ နည်းဥပဒေများအပြင် အမိန့်နှင့် ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများကိုလည်း ထည့်သွင်းဖော်ပြမည်ဖြစ်သဖြင့် ဆက်လက်ထွက်ပေါ်လာမည့် ဝန်ကြီးဌာနများ၏ ဥပဒေများ၊ နည်းဥပဒေများအပြင် အမိန့်နှင့်ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများကိုပါ အချိန်နှင့်တစ်ပြေးညီ လွှင့်တင်ဖော်ပြနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆက်သွယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီဝက်ဘ်ဆိုက်မှာ ဥပဒေနဲ့ နည်းဥပဒေတွေကို အချိန်နဲ့တစ်ပြေးညီ တင်ဖို့က အဆင်ပြေပါတယ်၊ ဒါပေမယ့် ဥပဒေကနေ ပေါ်ပေါက်လာတဲ့ အမိန့်၊ ညွှန်ကြားချက်တွေ၊ လုပ်ထုံးလုပ်နည်းတွေ၊ စည်းမျဉ်းစည်းကမ်းတွေကိုတော့ ဒါတွေကို ထုတ်ပြန်တဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေကနေပြီး ကျွန်မတို့ဆီကို အချိန်နဲ့တစ်ပြေးညီပေးပို့နိုင်မှ လွှင့်တင်နိုင်မှာဖြစ်ပါတယ်၊ အဲဒီလိုလွှင့်တင်နိုင်ဖို့လည်း သက်ဆိုင်ရာဝန်ကြီးဌာနက



ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ အမြဲတမ်းအတွင်းဝန် ဒေါ်နုနုယဉ်။

ဆက်သွယ်ရမယ့် တာဝန်ရှိသူအမည်စာရင်းကို တောင်းထားပါတယ်၊ ဒီလို သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ဆက်သွယ်ပြီး ပြည်သူတွေသိရှိနိုင်ဖို့ ဥပဒေဆိုင်ရာ သတင်းအချက်အလက်တွေကို လွှင့်တင်ပေးသွားမှာပါ" ဟု ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ အမြဲတမ်းအတွင်းဝန် ဒေါ်နုနုယဉ်က ပြောသည်။

ခေတ်ကာလနှင့် မလျော်ညီ၍ ရုပ်သိမ်းလိုက်သည့် ဥပဒေများကိုလည်း မြန်မာဥပဒေ သတင်းအချက်အလက်စနစ် ဝက်ဘ်ဆိုက်တွင် ဖော်ပြထားကြောင်း ပြည်ထောင်စုရှေ့နေချုပ်ရုံးမှသိရပြီး ဝက်ဘ်ဆိုက်တွင် ဥပဒေနှင့်ပတ်သက်သည့် မူလပြဋ္ဌာန်းချက်၊ ပြင်ဆင်ချက်၊ ပြင်ဆင်သည့် အကြိမ်အရေအတွက်၊ ပြင်ဆင်သည့်ခုနှစ်နှင့် အကြောင်းအရာများကို အလွယ်တကူရှာဖွေနိုင်ရန် ဆောင်ရွက်ပေးထားကြောင်း သိရသည်။

"တချို့အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်တွေမှာ လက်မှတ်ရေးထိုးပြီးရင် ပြည်တွင်းဥပဒေပြဋ္ဌာန်းရတာရှိပါတယ်၊ ဒီဥပဒေနဲ့ ဆက်စပ်နေတဲ့ ကွန်ဗင်းရှင်းတွေကိုလည်း ထည့်သွင်းဖော်ပြထားပါတယ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ချမှတ်ထားတဲ့ စီရင်ထုံးတွေကိုလည်း ထည့်သွင်းဖော်ပြထားပါတယ်၊ ဒီစနစ်မှာ အားသာချက်တစ်ခုက မူရင်းဥပဒေကို ပြင်ဆင်တဲ့အချက်ရှိရင် ပြင်ဆင်တဲ့အချက်ကို Edit လုပ်ပြီးတော့ မူရင်းဥပဒေမှာ တည်ဆဲဥပဒေအနေနဲ့ ပြဋ္ဌာန်းထားပါတယ်" ဟု ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ အမြဲတမ်းအတွင်းဝန် ဒေါ်နုနုယဉ်က ပြောကြားသည်။

**သတင်းစဉ်**





# အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစိုးရ-ပုဂ္ဂလိက အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်း အလုပ်ရုံဆွေးနွေး

**နေပြည်တော် မေ ၂၄**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် Sandhi Governance Institute တို့ ပူးပေါင်းကျင်းပသည့် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစိုးရ-ပုဂ္ဂလိက အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်း အလုပ်ရုံဆွေးနွေးပွဲ (Workshop on Public-Private partnership in Infrastructure) ကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် သင်္ဂဟဟိုတယ်၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။**(အပေါ်ပုံ)**

ဒုတိယဝန်ကြီးက နိုင်ငံအတွင်း အရင်းအနှီးများပြားသည့် စီမံကိန်းကြီးများကို အကောင်အထည်ဖော်ရာတွင် အစိုးရတစ်ခုတည်းက လုပ်ကိုင်ဆောင်ရွက်ရန် မဖြစ်နိုင်သည့်အတွက် ပုဂ္ဂလိကနှင့် အများပြည်သူတို့ထံမှ ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ရယူရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အာဏာပိုင် အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် Public-Private Partnership သို့မဟုတ် PPP ဟု လူသိများသည့် စီးပွားရေးလုပ်ကိုင်ဆောင်ရွက်ပုံစနစ်၏ အားသာချက်၊ အားနည်းချက်များကို ကောင်းစွာနားလည်သိရှိထားရန် လိုအပ်ပါကြောင်း။

ယခုပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲမှ PPP နှင့်ပတ်သက်သည့် လုံလောက်သည့် ဗဟုသုတများကို ရရှိနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲကို တာဝန်ယူကျင်းပပေးသည့် Sandhi Governance Institute ကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် အလားတူ အလုပ်ရုံဆွေးနွေးပွဲများကို နိုင်ငံအနှံ့တွင် အများအပြား ကျင်းပပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် Sandhi Governance Institute မှ ဒါရိုက်တာဦးခိုင်ဝင်းက အလုပ်ရုံဆွေးနွေးပွဲအကြောင်းကို ရှင်းလင်းတင်ပြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ဖွင့်ပွဲအပြီးတွင် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ Professor Andre Palacios၊ Sandhi Governance Institute မှ ဒါရိုက်တာ ဦးခိုင်ဝင်း၊ IFC မှ John leber နှင့် Khatib Alam တို့က အောင်မြင်သော Public-Private Partnership (PPP) ဆိုင်ရာလုပ်ငန်းများ၊ အခြေခံမူများ၊ စည်းမျဉ်းစည်းကမ်းများ၊ မူဘောင်များနှင့် သဘောတူညီချက်များ၊ ဥပဒေကြောင်းနှင့် ထိန်းကျောင်းရေးဆိုင်ရာကိစ္စရပ်များ၊ အထွေထွေဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် PPP စနစ် အသုံးပြုနိုင်သည့်အခြေအနေ၊ PPP လုပ်ငန်းများ အောင်မြင်ရန် အားဖြည့်ထိန်းညှိပေးခြင်းနှင့် PPP လုပ်ငန်းများအား စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များကို ဦးဆောင်ဆွေးနွေးပြောကြားကြပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြသည်။

တစ်ရက်ကြာ ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ဗဟိုအဆင့်အဖွဲ့အစည်းများနှင့် နေပြည်တော်ကောင်စီတို့မှ အဆင့်မြင့်အရာရှိကြီးများနှင့် အရာထမ်းများ စုစုပေါင်း ၅၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စာပေဗိမာန်စာမူဆု (၂၀၁၇) ဘာသာပြန်စာမူအတွက် ပြိုင်ပွဲဝင်စာမူပြဌာန်း

**ရန်ကုန် မေ ၂၄**

၂၀၁၇ ခုနှစ်အတွက် စာပေဗိမာန်စာမူပြိုင်ပွဲတွင် ဘာသာပြန်စာမူဆုအတွက် Michael T.Snarr & D.Neil Snarr တို့ တည်းဖြတ်သည့် "INTRODUCING GLOBAL ISSUES" စာအုပ်၏ Conflict and Security အပိုင်းမှ "Weapons Proliferation and Conflict" "Nationalism" "The Challenge of Human Rights" နှင့် "Global Security" အခန်းလေးခန်းကို ထုတ်နုတ်ပြဌာန်းလိုက်သည်။ (Suggested Readings များကို ပြန်ဆိုရန် မလိုပါ။) ယင်းစာအုပ်ကို ရန်ကုန်မြို့ ကုန်သည်လမ်း အမှတ် (၅၂၉-၅၃၁) စာပေဗိမာန် အရောင်းဆိုင်တွင် တန်ဖိုးငွေကျပ် ၆၀၀ ဖြင့် ယနေ့မှ စတင်ရောင်းချလျက်ရှိရာ ဝယ်ယူပြန်ဆို၍ ပြိုင်ပွဲဝင်နိုင်သည်။

ပြိုင်ပွဲဝင်ရာတွင် သတ်မှတ်ထားသည့် ပြိုင်ပွဲဝင်ပုံစံဖြင့် တင်သွင်းခြင်းကိုသာ လက်ခံမည်ဖြစ်ပြီး ပုံစံနှင့်စည်းကမ်းချက်များကို စာပေဗိမာန်တွင် ငွေကျပ် ၂၀၀ ဖြင့် ဝယ်ယူနိုင်ပြီး နယ်မှပြိုင်ပွဲဝင်လိုသူများသည် စာအုပ်တန်ဖိုးနှင့် စာအုပ်ပို့ခအပါအဝင် စုစုပေါင်း ငွေကျပ် ၂၅၀၀ ကို ငွေပို့လွှာဖြင့် ဥက္ကဋ္ဌ၊ စာပေဆုများ အုပ်ချုပ်ထောက်ပံ့မှုကော်မတီ စာပေဗိမာန်ရုံး အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၃၈၁၄၄၉ တို့သို့ လိပ်မူ၍ မှာယူနိုင်သည်။ ဘာသာပြန်စာမူကို ဩဂုတ် ၃၁ ရက် နောက်ဆုံးထား၍ ဦးစီးအရာရှိ(စီမံ) စီမံရေးရာဌာနစု စာပေဗိမာန် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့သို့ ပေးပို့ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ❂ အောင်လအန်ဆန်းမှ

၂၀၁၇ ခုနှစ် ဇွန် ၃၀ ရက်က ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့်ပွဲတွင် ရုရှားနိုင်ငံသား ဗစ်တာလီဘစ်ဒက်ရှ်ကို အနိုင်ယူပြီး ရရှိခဲ့ခြင်းဖြစ်သည်။ အောင်လအန်ဆန်းက "ချန်ပီယံတစ်ယောက်အနေနဲ့ လာရောက်ယှဉ်ပြိုင်တဲ့သူတိုင်းကို အလဲထိုးအနိုင်ယူသွားမှာပါ။ ချန်ပီယံဆုတွေ ကာကွယ်နိုင်ဖို့ အစွမ်းကုန်လေ့ကျင့်ပြင်ဆင်နေပါတယ်။ ကျွန်တော်နဲ့ ထိုးသတ်ရမယ့် ဟာဆီဂါဝါအကြောင်းကိုလည်း လေ့လာနေပါတယ်။ အနိုင်ထိုးသတ်နိုင်ဖို့ ကြိုးစားနေပါတယ်"ဟု ပြောသည်။

အောင်လအန်ဆန်းသည် မစ်ဒယ်ဝိတ်တန်းအပြင် လိုက်ဟဲဗီးဝိတ်ကမ္ဘာ့ချန်ပီယံဆုကိုလည်း ရရှိထားပြီး ယခုနှစ်အတွင်း ချန်ပီယံဆုကာကွယ်ပွဲများ ထိုးသတ်ရမည်ဖြစ်သည်။ အောင်လအန်ဆန်းသည် မြန်မာနိုင်ငံ၌ ထိုးသတ်သည့် ပွဲတိုင်းအနိုင်ရထားပြီး ချန်ပီယံဆုကာကွယ်ပွဲကိုလည်း ရန်ကုန်မြို့၌ ထိုးသတ်ရမည်ဖြစ်သောကြောင့် ချန်ပီယံဆုကို ဆက်လက်ထိန်းသိမ်းနိုင်ဖွယ် ရှိနေသည်။

**ရဲရင့်ရှိုင်း**

# ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွင်း တိုင်းဒေသကြီး/ပြည်နယ်အလိုက် အခြေခံပညာကျောင်းများအား ကျောင်းအဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ပြုခြင်း

**နေပြည်တော် မေ ၂၄**

၁။ ပညာရေးဝန်ကြီးဌာနသည် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွင်း တိုင်းဒေသကြီး/ပြည်နယ်အလိုက် အခြေခံပညာကျောင်းများအား ကျောင်းအဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ပြုခဲ့သည်-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | အထက | အလက | အမက | အထက (ခွဲ) | အလက (ခွဲ) | မူလွန် | အမက (ခွဲ) | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| ၁ | ကချင် | ၁၂ | ၁၆ | ၂၅ | ၁၃ | ၁၉ | ၁၉ | ၂၀ | ၁၂၅ |
| ၂ | ကယား | ၂ | ၉ | ၁၃ | ၃ | ၁၀ | ၁၁ | ၉ | ၅၇ |
| ၃ | ကရင် | ၉ | ၅၃ | ၉၉ | ၁၀ | ၂၀ | ၃၁ | ၃၈ | ၂၆၀ |
| ၄ | ချင်း | ၁၇ | ၁၀၅ | ၅၄ | ၁၅ | ၅၂ | ၄၃ | ၃၃ | ၃၁၉ |
| ၅ | စစ်ကိုင်း | ၅၀ | ၅၂၈ | ၁၆၂ | ၁၂၃ | ၂၂၃ | ၂၂၇ | ၆၄ | ၁၃၇၇ |
| ၆ | တနင်္သာရီ | ၁၀ | ၂၇ | ၁၅ | ၁၀ | ၃၁ | ၂၆ | ၁၀ | ၁၂၉ |
| ၇ | ပဲခူး (ရ) | ၂၀ | ၉၁ | ၂၆ | ၂၈ | ၃၃ | ၁၇ | ၂၃ | ၂၃၈ |
| ၈ | ပဲခူး (န) | ၁၁ | ၅၀ | ၅၀ | ၇ | ၂၆ | ၃၂ | ၁၆ | ၁၉၂ |
| ၉ | မကွေး | ၄၇ | ၄၁၇ | ၈၅ | ၁၄၃ | ၁၈၇ | ၁၄၈ | ၂၇ | ၁၀၅၄ |
| ၁၀ | မန္တလေး | ၃၁ | ၁၆၆ | ၄၁ | ၉၈ | ၁၀၄ | ၉၉ | ၂၃ | ၅၆၂ |
| ၁၁ | မွန် | ၇ | ၁၆ | ၇ | ၅ | ၁၈ | ၁၄ | ၉ | ၇၆ |
| ၁၂ | ရခိုင် | ၁၇ | ၁၄၃ | ၂၉ | ၄၀ | ၁၂၆ | ၇၂ | ၅၂ | ၄၇၉ |
| ၁၃ | ရန်ကုန် | ၆ | ၂၆ | ၀ | ၅ | ၁၃ | ၁၄ | ၄ | ၆၈ |
| ၁၄ | ရှမ်း (တ) | ၁၁ | ၅၈ | ၇၃ | ၅ | ၃၇ | ၄၆ | ၄၁ | ၂၇၁ |
| ၁၅ | ရှမ်း (မ) | ၄ | ၁၇ | ၆၆ | ၄ | ၂၇ | ၅၀ | ၇၃ | ၂၄၁ |
| ၁၆ | ရှမ်း (ရ) | ၁ | ၅ | ၂၀ | ၁ | ၁၃ | ၈ | ၂၅ | ၇၄ |
| ၁၇ | ဧရာဝတီ | ၅၆ | ၂၆၀ | ၈၄ | ၇၂ | ၁၁၅ | ၁၂၄ | ၅၅ | ၇၆၇ |
| ၁၈ | နေပြည်တော် | ၄ | ၂၀ | ၁၄ | ၄ | ၂၀ | ၂၇ | ၅ | ၉၆ |
| | စုစုပေါင်း | ၃၁၅ | ၂၀၀၉ | ၈၆၄ | ၅၈၆ | ၁၀၇၆ | ၁၀၀၈ | ၅၂၈ | ၆၃၈၆ |

၂။ အဆိုပါ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ကျောင်းအဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ပြုခဲ့သည့် ကျောင်းစာရင်းများအား www.moe.gov.mm တွင် ပြည်သူများသိရှိနိုင်ရန်အတွက် ဖော်ပြထားရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ❖ ကျောဖုံးမှ

ထို့နောက် မြန်မာနိုင်ငံ နယ်ခြားစောင့်ရဲတပ်ဖွဲ့မှူးက နှစ်နိုင်ငံနယ်နိမိတ်မျဉ်းအနီး ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်းတွင် CCTV ကင်မရာ လေးလုံး တပ်ဆင်ခြင်းနှင့် လုံခြုံရေးဆိုလာမီးတိုင် ၁၀ တိုင် တပ်ဆင်ထားခြင်းများသည် တစ်ဖက်နိုင်ငံ၏ နယ်မြေအခြေအနေများနှင့် လှုပ်ရှားမှုများကို စောင့်ကြည့်သတင်းရယူခြင်းဖြစ်၍ ကုလသမဂ္ဂစည်းမျဉ်းအရ မလုပ်သင့်သဖြင့် အမြန်ဖယ်ရှားပေးစေလိုကြောင်း၊ နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းအနီး လူမနေထိုင်ရန် သတ်မှတ်ထားသည့်နေရာတွင် လူဦးရေတိုးပွားလာမှုများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် လျစ်လျူရှုပြီး ထောက်ခံအားပေးသည့် သဘောဆောင်နေကြောင်း၊ အိမ်ထောင်စုများ တိုးချဲ့လာမှု၊ ရွှေ့ပြောင်းလာမှုများကို ထိန်းသိမ်းရန်အတွက် အသံချဲ့စက်ဖြင့် သတိပေးတားမြစ်မှုများ ဆောင်ရွက်နေရခြင်းဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ ပူးပေါင်းဆောင်ရွက်ပါက မိမိတို့အနေဖြင့် ထိုကဲ့သို့ လုပ်ဆောင်ရန် မလိုကြောင်း၊ ငါးဖမ်းစက်လှေနှင့်အတူ တွေ့ရှိထိန်းသိမ်းထားသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား အာမောက်ဖော်လောင်ပါ ငါးဦးတို့အား လွှဲပြောင်းပေးအပ်ရန်အတွက် အကြောင်းကြားထားသော်လည်း ယခုအချိန်အထိ အကြောင်းပြန်ကြားလာခြင်း မရှိကြောင်း၊ နှစ်နိုင်ငံ သတင်းဖလှယ်မှုအား ယခုထက် ပိုမိုတိုးမြှင့်ဆောင်ရွက်ပေးရန် အဆိုပြုပါကြောင်း၊ နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းအနီးရှိ အဆောက်အအုံ မဆောက်လုပ်ရန် တားမြစ်ထားသည့် ဇုန်အတွင်း၌ တဲအသစ်များ ထပ်မံတိုးချဲ့ဆောက်လုပ်ခြင်းများအား ရပ်ဆိုင်းပေးစေလိုပြီး ရိက္ခာလာရောက် ပေးပို့နေမှုများနှင့် လုံခြုံရေးလိုက်ပါကူညီပေးနေမှုများကို ကန့်ကွက်ပါကြောင်း ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# စက်သုံးဆီဈေးနှုန်းတက်မှုကြောင့် ကုန်စည်ပို့ဆောင်မှုစရိတ်တွေ တက်တယ်ဆိုတဲ့ကိစ္စက ပြန်ပြီးသုံးသပ်သင့်တဲ့ ကိစ္စပါ

**လက်ရှိ စက်သုံးဆီဈေးကွက်အခြေအနေနှင့်ပတ်သက်၍ မေ ၂၃ ရက်ကကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးတွင် မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချ ဖြန့်ဖြူးရေးအသင်း အတွင်းရေးမှူး ဒေါက်တာဝင်းမြင့်က ရှင်းလင်းတင်ပြခဲ့သည်။**

**မြန်မာနိုင်ငံတွင် တင်သွင်းလျက်ရှိသော စက်သုံးဆီများသည် ပြည်ပနိုင်ငံများမှ တင်သွင်းလာသော စက်သုံးဆီများဖြစ်ကြောင်း၊ ပြည်ပမှ ဝယ်ယူရသည့်မူရင်းဈေး၊ ဖြစ်ပေါ်လျက်ရှိသည့် ငွေလဲနှုန်းကို အဓိကအခြေခံလျက် နိုင်ငံတော်သို့ပေးသွင်းသည့် အခွန်အခများကို ကြိုတင်ပေးသွင်းပြီး စက်သုံးဆီများကို ဆီတင်သင်္ဘောများဖြင့် တင်သွင်း၍ သိုလှောင်စရိတ်၊ သယ်ယူပို့ဆောင်ရေးစရိတ်၊ စက်သုံးဆီဆိုင်များတည်ဆောက်မှုနှင့် ဝန်ထမ်းစရိတ် စသည်တို့ကို ထည့်သွင်းတွက်ချက်ကာ ဖြန့်ဖြူးရောင်းချမှုများ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ၎င်းက ရှင်းလင်းတင်ပြစဉ် ထည့်သွင်းပြောကြားခဲ့သည်။ တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအပြီးတွင် မြန်မာနိုင်ငံ စက်သုံးဆီ တင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း အတွင်းရေးမှူး ဒေါက်တာဝင်းမြင့်ကို လက်ရှိ စက်သုံးဆီဈေးနှုန်းအခြေအနေများနှင့်ပတ်သက်၍ မြန်မာ့သတင်းစဉ်က ယခုကဲ့သို့တွေ့ဆုံမေးမြန်းခဲ့သည်။**



အတွင်းရေးမှူး ဒေါက်တာဝင်းမြင့်

**မေး။ ။ လတ်တလောဖြစ်ပေါ်နေတဲ့ စက်သုံးဆီဈေးနှုန်းအခြေအနေနဲ့ပတ်သက်ပြီး သုံးသပ်ပြောကြားပေးပါရှင့်။**

ဖြေ။ ။ စက်သုံးဆီဈေးနှုန်း မြင့်တက်ရတဲ့ကိစ္စက တကယ်တမ်းက ရိုးရိုးရှင်းရှင်းလေးပါပဲ။ ဒီစက်သုံးဆီတွေကို ကျွန်တော်တို့က နိုင်ငံတကာဈေးကွက်ကနေ ဝယ်ယူရတာပါ။ ကျွန်တော်တို့နိုင်ငံကလည်း ထွက်တယ်။ ထွက်ပေမယ့် ကျွန်တော်တို့ရဲ့ လိုအပ်ချက်ကို ကျွန်တော်တို့နိုင်ငံက ထွက်တဲ့အရေအတွက်က ငါးရာခိုင်နှုန်းလောက်ပဲ အကြမ်းဖျင်း ဖြည့်ဆည်းပေးနိုင်တယ်။ ၉၅ ရာခိုင်နှုန်းလောက် ကိန်းဂဏန်းအားဖြင့် ဓာတ်ဆီက တစ်လကို တန်ချိန် နှစ်သိန်း၊ ဒီဇယ်ဆီက တစ်လကို တန်ချိန် လေးသိန်းလောက် နိုင်ငံတကာဈေးကွက်ကနေဝယ်ပြီး ပြန်ရောင်းရတယ်။ ဝယ်ပြီးပြန်ရောင်းတဲ့ ပစ္စည်းတွေဖြစ်တဲ့အခါကျတော့ နိုင်ငံတကာဈေးကွက်မှာ ဝယ်ရတဲ့ ဈေးကိုအခြေခံပြီး ကျွန်တော်တို့ ပြန်ရောင်းရတယ်။ အဲဒီလိုရောင်းတဲ့အခါမှာ လက်ရှိတော့ အားလုံးသိတဲ့အတိုင်းပဲ။ နိုင်ငံတကာမှာ စက်သုံးဆီဈေးနှုန်းက နိုင်ငံရေးမူဝါဒတွေ၊ စီးပွားရေးမူဝါဒတွေအရ ကစားကြတယ်။ ကစားရင်းနဲ့ မြင့်တက်တဲ့ဘက်ကို တောက်လျှောက်တစ်နေ့ထက် တစ်နေ့ ရောက်သွားတယ်။ စောစောက လွှတ်တော်မှာ ရှင်းလင်းတင်ပြတဲ့အထဲမှာလည်း ပါပါတယ်။ ဧပြီ ၂ ရက်နဲ့ မေ ၁၇ ရက်ကို နှိုင်းယှဉ်တဲ့အခါမှာ ရေနံတစ်စည်၊ ဓာတ်ဆီတစ်စည်၊ ဒီဇယ်တစ်စည်ကို ၁၀ ဒေါ်လာပတ်ဝန်းကျင်လောက် ဧပြီလဈေးထက်စာရင် တက်သွားတယ်။ ကျွန်တော်တို့ နိုင်ငံမှာရှိတဲ့ ဒေါ်လာငွေ ငွေလဲနှုန်းကလည်း ပြီးခဲ့တဲ့တစ်လလောက်က ၁၃၃၀ ကျပ်ရှိရာကနေ ကျပ် ၁၃၅၀ ကျော်သွားတယ်။ ၁၉ ကျပ်လောက် ဈေးတက်သွားတယ်။ အဲဒီနှစ်ခုရဲ့ ရိုက်ခတ်မှုကြောင့် ကျွန်တော်တို့ရောင်းမယ့် ကုန်ပစ္စည်းကလည်း အရင်းဈေးထက် တစ်လီတာကို ကျပ် ၁၀၀ လောက် တက်သွားတယ်။ အရင်းဈေးတွေ တက်သွားတဲ့အခါကျတော့ ရောင်းတဲ့နေရာမှာလည်း အရင်းဈေး ကျပ် ၁၀၀ တက်တာကြောင့် တစ်ဖက်ကလည်း ရောင်းဈေးမှာ တစ်နေ့ကို တစ်ဆယ်၊ တစ်ဆယ်နဲ့ တစ်ခါတစ်ခါကျရင် မတက်ဘဲနဲ့ ပြန်ကျမလားဆိုပြီး နေကြည့်တယ်။ အဲဒီလိုနေတဲ့အခါ ဧပြီ ၂ ရက်က ရောင်းနေတဲ့ဈေးတွေကပင် အဲဒီအချိန်မှာ ရောင်းဈေးက အရင်းဈေးထက် သုံးရာခိုင်နှုန်းလောက် အရှုံးနဲ့ ရောင်းနေတာဖြစ်တယ်။ အဲဒီအချိန်မှာ ရောင်းနေတဲ့ ကုန်ပစ္စည်းတွေက အဲဒီမတိုင်ခင်က ဝယ်ထားခဲ့တဲ့ ဆီလက်ကျန်လေးတွေ ကျန်တော့ ဒါကို ပြန်ကျလာမလားဆိုပြီး မေ့ပြီးရောင်းနေတဲ့အတွက်ကြောင့် ဖြစ်ပေါ်နေတာ။ အခုတော့ နောက်ထပ် တစ်လအတွင်းမှာ ကျပ် ၁၀၀ လောက်ထပ်တက်တော့ တစ်နေ့ကို ၁၀ ကျပ် တက်လိုက်၊ ကျပ် ၂၀ တက်လိုက်နဲ့ ဒီနေ့က ပြီးခဲ့တဲ့ တစ်လဈေးနှုန်းနဲ့ နှိုင်းယှဉ်ရင် တစ်လီတာကို ကျပ် ၁၀၀ လောက်တက်သွားတာဖြစ်ပါတယ်။

**မေး။ ။ လက်ရှိဖြစ်ပေါ်နေတဲ့ စက်သုံးဆီဈေးနှုန်းအခြေအနေနဲ့ပတ်သက်ပြီး ဘယ်လိုအကျိုးဆက်တွေ ရှိနိုင်မလဲ။**

ဖြေ။ ။ နိုင်ငံမှာ စက်ရုံတွေရှိတယ်။ သတ္တုမိုင်းတွေရှိတယ်။ ငါးဖမ်းလုပ်ငန်းတွေရှိတယ်။ အဲဒီကုန်ထုတ်လုပ်ငန်းတွေမှာ စက်သုံးဆီကို သုံးတယ်။ ဒါ့အပြင် လယ်ယာလုပ်ငန်းတွေမှာ သုံးတယ်။ မြို့တွင်းအဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်းတွေမှာလည်း သုံးတယ်။ ဒါက ကျွန်တော်တို့ရဲ့ အခြေခံလူသုံးကုန်ပစ္စည်းမှာအရေးကြီးတဲ့ ခေါင်းစဉ်ထဲမှာပါတာကြောင့် သက်ရောက်မှုဖြစ်တယ်။ တက်တာကတော့ စောစောကပြောသလို ဝယ်ရင်းဈေးတွေတက်တယ်၊ နိုင်ငံခြားငွေလဲနှုန်းတွေ တက်ရင် တက်မှာပဲ။ အရင်တုန်းက ကျသွားတယ်ဆိုတာ နိုင်ငံခြားမှာ ရေနံတစ်စည်ကို ဒေါ်လာ ၁၃၀ လောက်အထိ တက်သွားတယ်၊ အဲဒီကနေ ၅၀၊ ၆၀ လောက်အထိ ပြန်ကျသွားတယ်။ အဲဒါကြောင့် ကျသွားတာပါ။ အခုဈေးတက်တာကတော့ အစိုးရရဲ့ လုပ်ဆောင်ချက်ကြောင့် မဟုတ်ပါဘူး။ နိုင်ငံတကာမှာ ဈေးတက်လို့ တက်သွားတာဖြစ်ပါတယ်။ ကုန်ဈေးနှုန်းအပေါ်မှာ ဘယ်လောက် ထိခိုက်မှုရှိမလဲ၊ ကျွန်တော်တို့ တွက်ကြည့်တာ တစ်လီတာကို ၁၀ ကျပ် တက်သွားတယ်ဆိုပါတော့၊ ရန်ကုန်နဲ့ မန္တလေးသွားတဲ့ ကားကြီးတစ်စီးက တစ်ခေါက်



သွားရင် လီတာ ၂၀၀ ပဲ ကုန်ပါတယ်။ ၂၀၀ ဆိုရင် ဆီဖိုး ကျပ် ၂၀၀၀ ပိုကုန်သွားမယ်။ သူက တန်ချိန် ၃၀ လောက် သယ်သွားပါတယ်။ တစ်တန်ကို ဘယ်လောက်ကုန်ကျမလဲ ဆိုတော့ တွက်လိုက်ရင် မြန်မာငွေကျပ် ၇၀ ပိုကုန်ပါမယ်။ တစ်တန်မှာ အကြမ်းဖျင်း ပိဿာ ၆၀၀ ရှိတော့ တစ်ပိဿာကို ၁၀ ပြားလောက်ပဲ သယ်ယူပို့ဆောင်ခတက်ပါမယ်။ ဒါက ဆီတစ်လီတာကို ၁၀ ကျပ် တက်ရင်ပေါ့၊ အကယ်၍ ၁၀ ဆ၊ အခု ကျပ် ၁၀၀ တက်သွားတာဆိုတော့ ကုန်သယ်ယူမှုစရိတ်က တစ်ပိဿာကို တစ်ကျပ်တက်မှာပါ၊ အဲဒါပဲ တက်မှာဖြစ်ပါတယ်။ တစ်ပိဿာကို တစ်ကျပ်လောက် တက်မယ့်ကိစ္စကို ဆီဈေးတွေတက်လို့ဆိုပြီး အချို့က တစ်ပိဿာကို ကျပ် ၂၀၊ ၃၀ လောက်တက်တယ်၊ တက်ချင်တဲ့ လေသံတွေ လွှင့်ကြပါတယ်။ ဒါတွေကတော့ မဖြစ်သင့်ဘူးလို့ မြင်ပါတယ်။ တကယ် ပိုမိုကုန်ကျတဲ့ဈေးအပေါ်မှာ တွက်မယ်ဆိုရင် ကျွန်တော့်အမြင်တော့ ပြောပလောက်တဲ့ သက်ရောက်မှုမဟုတ်ပါဘူး။ အခု တစ်လီတာကို ကျပ် ၁၀၀ တက်တယ်ဆိုတာ တော်တော်များတာပါ။ အဲဒါက ရေနံတစ်စည်ကို ၁၀ ဒေါ်လာတက်မှ တစ်လီတာကို ၁၀၀ တက်တာပါ။ ၁၀ ဒေါ်လာတက်တဲ့ အခြေအနေကလည်း တော်တော်ကို ရှားပါတယ်။ နောက်ထပ် ၁၀ ဒေါ်လာ ထပ်ဈေးတက်ရင်တောင် တစ်ပိဿာကို နောက်ထပ် တစ်ကျပ်ပဲတက်မှာဖြစ်တဲ့အတွက် စက်သုံးဆီဈေးနှုန်း တက်မှုကြောင့် ကုန်စည်ပို့ဆောင်မှုစရိတ်တွေ တက်တယ်ဆိုတဲ့ကိစ္စက နည်းနည်းပြန်ပြီး သုံးသပ်သင့်တဲ့ကိစ္စပါ။ ထိုနည်းတူစွာပဲ စောစောက ကျွန်တော်ပြောသလို တွက်လိုက်မယ်ဆိုရင် ခရီးသွားတဲ့ သူတွေအပေါ်မှာလည်း ပြောပလောက်တဲ့သက်ရောက်မှု မရှိပါဘူး။

**မေး။ ။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ အခုလို စက်သုံးဆီဈေးနှုန်းတက်သွားတဲ့အပေါ်မှာ အသင်းကို ဆောင်ရွက်ဖို့ ညွှန်ကြားထားတာများ ရှိပါသလား။**

ဖြေ။ ။ စက်သုံးဆီလုပ်ငန်းကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့တော့ သုံးစွဲသူတွေ သက်သာဖို့ ပုဂ္ဂလိကအချို့နဲ့ ပူးပေါင်းဆောင်ရွက်မယ်ဆိုပြီး စီစဉ်နေတာတွေရှိပါတယ်။

**မေး။ ။ သင့်တင့်လျောက်ပတ်တဲ့ စက်သုံးဆီဈေးနှုန်းဖြစ်ဖို့ အသင်းအနေနဲ့ ဘယ်လို ကိုင်တွယ်ဖြေရှင်းသွားမလဲ။**

ဖြေ။ ။ ကျွန်တော်တို့အသင်းအနေနဲ့ စက်သုံးဆီလုပ်ငန်းနဲ့ ပတ်သက်တဲ့ နိုင်ငံတော်က ချမှတ်တဲ့မူဝါဒတွေအတိုင်း ကျွန်တော်တို့ သိသလောက်၊ တတ်သလောက် ဖြစ်စေချင်တာ၊ ဖြစ်သင့်တာတွေကို ဝိုင်းဝန်းပြီး သက်ဆိုင်ရာအဖွဲ့အစည်းတွေကို အကြံဉာဏ်ပေးပါမယ်။ မိဘဆီမှာ သားသမီးတွေ လိုချင်တာတွေပြောပြီး တောင်းဆိုသလို လိုချင်တာတွေကိုလည်း တောင်းဆိုပါမယ်။ ဒါပေမယ့် ကျွန်တော်တို့က ဂုဏ်သိက္ခာရှိတဲ့သူတွေဖြစ်ဖို့ဆိုတာ တောင်းဆိုသင့် တောင်းဆိုထိုက်တဲ့ အရာတွေကိုသာ ကျွန်တော်တို့က တောင်းဆိုရမှာ ဖြစ်ပါတယ်။ မဟုတ်တာတွေကိုသွားပြီး တောင်းဆိုမယ်ဆိုရင်တော့ အားလုံးက ဝိုင်းပြီး လက်ညှိုးထိုးတာကို ခံရမှာဖြစ်ပါတယ်။ ကျွန်တော်တို့အသင်းအနေနဲ့ ကျွန်တော်တို့နိုင်ငံရဲ့ စက်သုံးဆီလုပ်ငန်း တိုးတက်အောင်၊ တိုးတက်အောင်ဆိုတာ အဓိကကတော့ လွတ်လပ်၍ တရားမျှတမှုရှိဖို့ပါ။ အဲဒါလေး ဆက်လက်ပြီး ရရှိအောင်ပါ။ လူတစ်စုကိုပဲပေးပြီး လုပ်ခိုင်းမယ်။ စက်သုံးဆီ အရည်အသွေးက မကောင်းဘူး၊ ကောင်းအောင်ဆိုရင် လူတွေ အများကြီးလုပ်နေတာ မကောင်းဘူးဆိုပြီး တချို့က အဲဒီလို သွတ်သွင်းတယ်။ အဲဒါမျိုးတွေ မရောက်အောင် ကျွန်တော်တို့ ကြိုးစားပြီး အစိုးရအဖွဲ့ကို တင်ပြပါမယ်။

**မေး။ ။ လက်ရှိ စက်သုံးဆီဈေးနှုန်းကနေ ပြန်ကျသွားနိုင်တဲ့ အလားအလာရှိပါသလား။**

ဖြေ။ ။ ကုန်ပစ္စည်းတစ်ခုက တန်ရာတန်ကြေးရရင် ရောင်းချင်ကြတာပဲ။ တန်ရာတန်ကြေးထက် နည်းနည်းပိုရရင် များများရောင်းချင်တာပဲ။ အခု ကျွန်တော်မြင်တာကတော့ ရေနံတစ်စည်ကို ထုတ်လုပ်မှုကုန်ကျစရိတ်က အရင်က ဒေါ်လာ ၄၀ လောက်ပြောကြတယ်။ အခု ဒေါ်လာ ၇၀ လောက်ရနေပြီဆိုတော့ ရောင်းချင်တာ နည်းနည်းများပါလိမ့်မယ်၊ ရောင်းချင်တဲ့သူများလာပြီဆိုရင်တော့ နည်းနည်းပြန်ကျလာလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ဒါပေမယ့် အင်အားကြီးမားတဲ့သူတွေရဲ့ ဖန်တီးမှုကိုလည်း ကျွန်တော်တို့ ထည့်တွက်ရမယ့်ကိစ္စဖြစ်တယ်။ အင်အားကြီးမားတဲ့သူတွေဆိုတာက ဒါတွေကို အများဆုံးထုတ်လုပ်နေတဲ့သူတွေ၊ ပိုင်ဆိုင်တဲ့သူတွေ၊ အရောင်းအဝယ်လုပ်တဲ့သူတွေပေါ့၊ သူတို့က တက်ချင်တယ်ဆိုရင်တော့ ဒီပစ္စည်းတွေကို ဝယ်သိမ်းထားမယ်။ ဥပမာ - မြန်မာပြည်မှာ စပါးတင်းဘယ်နှသိန်းထွက်မယ်၊ ဒါတွေကို သူတို့ကဝယ်သိမ်းပြီး ဈေးကိုင်ထားမယ်ဆိုရင်တော့ စပါးဈေးက တက်သွားမယ်။ အခု ကမ္ဘာကြီးအနေနဲ့တော့ ကမ္ဘာကြီးက ထုတ်နိုင်တာ ဒီလောက်ပဲ။ ဒါကို ကုမ္ပဏီကြီးတစ်ခုက၊ လူတစ်ယောက်က သိမ်းနိုင်တယ်ဆိုရင်တော့ သူဆွဲတဲ့ဈေးပါမှာပေါ့။

**တွေ့ဆုံမေးမြန်း - ဝင်းဝင်းမော်၊ နန္ဒာဝင်း**
**ဓာတ်ပုံ - ဇော်မင်းလတ်**

ပညာရေးဝန်ကြီးဌာန
“၂၀၁၈-၂၀၁၉ ပညာသင်နှစ်”
အသိပေးကြေညာချက်
❖ **၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။**
❖ **၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade 1) သို့ အပ်နှံရန်။**
ပညာရေးဝန်ကြီးဌာန

ရာသီတုပ်ကွေးရောဂါ မိမိကစ၍ ကာကွယ်ပါ
- ရာသီတုပ်ကွေးရောဂါသည် တုပ်ကွေးရောဂါပိုးရပ်စ်ပိုးကြောင့် ဖြစ်ပွားပြီး အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်နိုင်ပါသည်။
- နှာချေတိုင်း၊ ချောင်းဆိုးတိုင်း ပါးစပ်နှင့်နှာခေါင်းကို လုံအောင်အုပ်ပါ။
- နှာချေ၊ ချောင်းဆိုးပြီးချိန်နှင့် ရောဂါလက္ခဏာရှိသူများအား ထိတွေ့ကိုင်တွယ်ပြီးချိန်တိုင်း လက်ကို ရေနှင့်ဆပ်ပြာတို့ဖြင့် စင်ကြယ်စွာ ဆေးကြောပါ။
- တုပ်ကွေးရောဂါဖြစ်ပွားသူနှင့် နီးကပ်စွာနေထိုင်ခြင်း၊ လူထူထပ်သောနေရာများသို့ သွားလာခြင်းတို့ကို ရှောင်ကြဉ်ပါ။
- လုံလောက်စွာအနားယူပြီး အာဟာရပြည့်ဝသည့် အစားအစာများ စားသုံးပါ။

ရာသီတုပ်ကွေးရောဂါလက္ခဏာများဖြစ်ပွားပါက နီးစပ်ရာဆေးရုံ၊ ဆေးခန်းများနှင့် ကျန်းမာရေးဌာနများတွင် ကုသမှုခံယူပါ။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

**နေပြည်တော် မေ ၂၄**

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ နောက် ၂၄ နာရီအတွင်း ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

**ကြေးမုံ**

# ပုဏ္ဏားကျွန်းမြို့နယ် မင်းဇီချောင်းကျေးရွာ ဘေးကင်းလုံခြုံသော ကျောင်းဆောင်သစ်ဖွင့်

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် မင်းဇီချောင်းကျေးရွာတွင် ဘေးကင်းလုံခြုံသော ကျောင်းဆောင်သစ်ဖွင့်ပွဲကို ယနေ့ကျင်းပရာ ဖွင့်ပွဲတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ကျောင်းဆောင်သစ် ဆောက်လုပ် လှူဒါန်းရခြင်းနှင့် ပတ်သက်၍ "ဆွစ်ဇာလန်နိုင်ငံက ဆွစ်ဖွံ့ဖြိုးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(SDC)က ရခိုင်ပြည်သူတွေအတွက် ဆိုင်ကလုန်းချာတာလည်း သုံးလို့ရအောင်နဲ့ ကျောင်းအနေနဲ့လည်း အသုံးပြုလို့ရအောင် ကျောင်းဆောင်သစ်လှူဒါန်းပွဲ ဖွင့်ပွဲအခမ်းအနားကို တက်ရောက်လာခြင်း ဖြစ်ပါတယ်၊ ဒီကျောင်းကို မြင်ရတာတော့ အင်မတန်မှ ကျက်သရေရှိပါတယ်၊ ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာ ရှားရှားပါးပါး ကျောင်းဆောင်ပါ၊ ဒီဇိုင်းလည်းအသစ်ဖြစ်ပါတယ်၊ ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာ အားလုံးသိကြတဲ့အတိုင်းပါ၊ နှစ်စဉ် နှစ်တိုင်း ဆိုင်ကလုန်းမုန်တိုင်း၊ ရေကြီးရေလျှံမှုတွေ၊ မြေပြိုတာတွေ စတဲ့ သဘာဝဘေးအန္တရာယ်တွေကို ကျွန်တော်တို့ ရင်ဆိုင်ရတတ်ပါတယ်၊ အဲဒီလိုရင်ဆိုင်ရတဲ့အခါ ကျွန်တော်တို့ ရခိုင်ပြည်သူတွေအနေနဲ့ လူမှုစီးပွားနိမ့်ကျတဲ့အတွက်ကြောင့် ခိုလှုံရာနေရာတွေ အင်မတန်နည်းပါတယ်၊ ဒါကြောင့် ဒီစာသင်ကျောင်းကို ကျွန်တော်တို့က ရေကြီးတဲ့အခါဖြစ်စေ၊ ဆိုင်ကလုန်းမုန်တိုင်းတိုက်တဲ့အခါဖြစ်စေ ခိုလှုံရာနေရာတစ်ခုအဖြစ်ပါ ဆောင်ရွက်လို့ရပါတယ်၊ ဒီစာသင်ကျောင်းကို ဒီဇိုင်းအသစ်နဲ့ ဆောက်လုပ်ထားတဲ့အတွက်ကြောင့် ဒီစာသင်ကျောင်းဟာ ခိုင်ခံ့လှပပါတယ်၊ ရခိုင်ပြည်နယ်သူ ပြည်နယ်သားတွေအတွက် အင်မတန်မှ ပနံရတဲ့ ကျောင်းတစ်ကျောင်းဖြစ်ပါတယ်၊ ဒီကျောင်းဟာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ဖြစ်ပါတယ်၊ ကျောင်းသားနှစ်ရာကျော်ရှိပါတယ်၊ ဒီစာသင်ကျောင်းဖွင့်ခြင်းအားဖြင့် ကျောင်းသားဦးရေတိုးတက်လာပြီး အလယ်တန်းကျောင်းအဆင့်၊ အထက်တန်းအဆင့်အထိ တိုးတက်လာပါမယ်၊ ကျောင်းရှိတဲ့အတွက်ကြောင့် ဒီရွာမှာရှိတဲ့ကလေးတွေ ပညာရေးတိုးတက်မြင့်မားလာပြီးတော့ ဒီရွာကနေ ထူးချွန်တဲ့၊ ပညာတတ်တဲ့ လူသားအရင်းအမြစ်တွေ ပေါ်ထွက်လာမှာဖြစ်ပါတယ်" ဟု ပြောသည်။



ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ



ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီး H.E. Mr. Paul R. Seger



ကျောင်းအကျိုးတော်ဆောင်ကော်မတီအဖွဲ့ စာရင်းစစ် ဦးကျော်ကျော်

"ဒီစာသင်ကျောင်းကို ဆောက်လုပ်လှူဒါန်းရတာ ရည်ရွယ်ချက် နှစ်မျိုးရှိပါတယ်၊ ပထမတစ်ခုကတော့ ကလေးတွေအတွက် စာသင်ကျောင်းအနေနဲ့ ဆောက်လုပ်ပေးပါတယ်၊ နောက်တစ်ခုကတော့ ဘေးအန္တရာယ်တစ်ခုခုဖြစ်လာခဲ့မယ်ဆိုလို့ရှိရင် နားခိုလို့ရမယ့် မုန်တိုင်းဒဏ်ခံနိုင်တဲ့ အဆောက်အအုံအဖြစ်လည်း ဆောက်လုပ်ခြင်းဖြစ်ပါတယ်၊ ပြောရမယ်ဆိုရင်တော့ ပညာရေးအတွက်ရော၊ ကာကွယ်ရေးအတွက်ရော ရည်ရွယ်ချက်နှစ်ခုနဲ့ ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ပါတယ်၊ ဆောက်လုပ်ခဲ့တာကတော့ ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံးနဲ့ အိုင်အိုအမ် အဖွဲ့အစည်းနဲ့ ပူးပေါင်းပြီးတော့ ဒေသခံဆောက်လုပ်ရေးကန်ထရိုက်တာနဲ့ ဆောက်လုပ်ခြင်းဖြစ်ပါတယ်၊ ဒီလို ဆောက်လုပ်ခြင်းအားဖြင့် ကျောင်းဆောင်ရဲ့ ကုန်ကျစရိတ်ကတော့ အမေရိကန်ဒေါ်လာ တစ်သိန်းကျော်ကုန်ကျပါတယ်၊ ဒါပေမယ့် ကျောင်းဆောင်ရဲ့ ခံနိုင်ရည်အားနှင့် နှိုင်းစာလို့ရှိရင် ဒီငွေက အများကြီးကုန်ကျတယ်လို့ ပြောမရပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဘေးအန္တရာယ် တစ်ခုခုကြုံလာခဲ့မယ်လို့ဆိုရင် ဒီလူထုအနေနဲ့ နားခိုရာတစ်ခုလည်းရမယ်၊ နောက်ပြီးတော့ ဘေးကင်းလုံခြုံတဲ့ နေရာတစ်ခုအဖြစ်လည်း အသုံးပြုလို့ ရတဲ့အတွက်ကြောင့်ပါ၊ ကျေးရွာလူထုအနေနဲ့ အကျိုးရလဒ်အနေနဲ့ကတော့ ဒီကျောင်းဆောင်မှာ ကလေးနှစ်ရာကျော်လောက်ကို နေရာပေးပြီးတော့ သင်ကြားခွင့်ရကြတော့မှာပါ၊ နောက်ပြီးတော့ ဒီရွာက ကလေးတွေဟာ ပထမကဆိုရင် စာသင်ခန်းတွေ မလုံလောက်တဲ့အတွက်ကြောင့် ဘုန်းတော်ကြီးကျောင်းမှာပဲ စာသင်ကြားနေရတယ်၊ အဲဒီလိုဆိုရင် ကလေးတွေ အတွက်သာမက သူတို့ရဲ့ မိဘတွေအတွက်ပါ အကျိုးပြုနိုင်တယ်၊ ယုံယုံကြည်ကြည် စိတ်ချစွာနဲ့ သူတို့ရဲ့ ကလေးတွေကို ပို့နိုင်တယ်၊ နောက်တစ်ချက်က ရခိုင်ပြည်နယ်ဆိုတာ ဘေးအန္တရာယ်ထူပြောတဲ့ ပြည်နယ်ဆိုတော့ ဒီကျောင်းဆောင်ရှိတဲ့အတွက် ဒီရွာကလူတွေအတွက် စိတ်ပူပင်စရာမရှိဘဲနဲ့ လုံခြုံဘေးကင်းတဲ့နေရာတစ်ခုကို ခိုလှုံလို့ရပြီ၊ ဒါကြောင့် ဒီကျောင်းဆောင်ဟာ နှစ်မျိုးနှစ်စား အကျိုးပြုလို့ရတဲ့ ကျောင်းဆောင်တစ်ဆောင်ဆိုတာ သိသာပါတယ်" ဟု မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီး H.E. Mr. Paul R. Seger က ပြောသည်။

ကျေးရွာဒေသခံ ကျောင်းအကျိုးတော်ဆောင်ကော်မတီအဖွဲ့ စာရင်းစစ် ဦးကျော်ကျော်ကလည်း ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းခြင်းနှင့် ပတ်သက်ပြီး ယခုလို ကျေးဇူးတင်ဂုဏ်ယူဝမ်းမြောက်စကား ပြောကြားသည်။ "ဒီကျောင်းဆောင်သစ်ကို ၂၀၁၇- ၂၀၁၈ ပညာသင်နှစ်မှာ ဆောက်လုပ်တာဖြစ်ပါတယ်၊ ကျောင်းဆောင်သစ် ဆောက်လုပ်တဲ့အခါ ဆောက်လုပ်ရေးကုမ္ပဏီတွေက အခက်အခဲအမျိုးမျိုးနဲ့ ကြုံရပါတယ်၊ အဲဒီအချိန်က ရေကြီးနေတော့ ဆောက်လုပ်ရတာ တော်တော့်ကို ခက်ခဲကြပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့ ဒီကျောင်းဆောင်သစ်ကို ရလိုက်တာကတော့ တကယ့်ကို ကံထူးတယ်လို့ ယူဆပါတယ်၊ အလှူရှင်အဖွဲ့တွေကို ကျေးဇူးလည်းတင်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ မင်းဇီချောင်းကျေးရွာအနေနဲ့ ဒီလိုကျောင်းမျိုးကို အိပ်မက်တောင် မမက်ခဲ့ပါဘူး၊ တောင်သူလယ်သမားတွေ အများကြီးရှိတဲ့ဒီရွာမှာ ဒီလို သိန်းထောင်ကျော်တန်တဲ့ ကျောင်းကြီးတစ်ဆောင် ဆောက်လုပ်မယ်ဆိုတာလည်း မဖြစ်နိုင်ပါဘူး၊ အဲဒါကြောင့် ဆွစ်ဖွံ့ဖြိုးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SDC)နဲ့ အိုင်အိုအမ်အဖွဲ့တို့ကို တကယ်ကို ကျေးဇူးတင်ပါတယ်၊ ဒီကျောင်းဆောင်ဆောက်လုပ်တဲ့အခါလည်း ကျွန်တော်တို့ ရွာသူ ရွာသားတွေက ဘက်ပေါင်းစုံက ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးကြပါတယ်၊ ဒီအတွက်ကြောင့် ဒီကျောင်းဆောင်ဟာ ကျွန်တော်တို့ရွာက အနာဂတ်ကြယ်ပွင့်လေးတွေ ပေါ်ထွက်လာဖို့ အစပျိုးပေးသလို သဘာဝဘေးကျရောက်တဲ့အခါလည်း ရွာသူ ရွာသားတွေ ခိုလှုံနိုင်တဲ့နေရာတစ်ခုဖြစ်လာပါပြီ၊ ဒါ့အပြင် ဒီရွာကလူတွေ တစ်လနီးပါး သောက်သုံးနိုင်တဲ့ ရေလီတာ နှစ်ထောင်ဆံ့တဲ့ရေဘူးကြီး ၁၄ ဘူးကိုပါ လှူဒါန်းပေးထားခဲ့ပါတယ်၊ တကယ့်ကို မွန်မြတ်တဲ့သူတွေပါ၊ လူမျိုးမတူပေမယ့် ကျွန်တော်တို့ မင်းဇီချောင်းကျေးရွာက ပြည်သူတွေအတွက် တကယ့်ကို တန်ဖိုးမဖြတ်နိုင်တဲ့ ရလဒ်တစ်ခုကို ရရှိခဲ့ပါတယ်"ဟု ပြောကြားသည်။

**တွေ့ဆုံမေးမြန်း-ကံထွန်း(ဟံသာမြေ)**

**ဓာတ်ပုံ-တင်ထွန်း(ပြန်/ဆက်)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ မဟာဗန္ဓုလလမ်း (၅၇ လမ်းထောင့်)၊ စတုတ္ထထပ်၊ အမှတ်(၁၂၄)တွင် ပါတီရုံးချုပ်တည်ရှိသော **လူ့အောင်သစ်ဒီမိုကရက်တစ်ပါတီ**သည် ယင်းပါတီ၏ တံဆိပ်ကို ဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့်ပါတီ၏ တံဆိပ်ကို ကန့်ကွက်လိုကယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**လူ့အောင်သစ်ဒီမိုကရက်တစ်ပါတီ၏ တံဆိပ်ပုံစံ**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ပန်းချီဆရာကြီး ဦးသိန်းဟံအား ဂုဏ်ပြုသည့် ဆရာနှင့်တပည့် အထူးပန်းချီပြပွဲ ကျင်းပမည်

**ရန်ကုန် မေ ၂၄**

၁၉၈၆ ခုနှစ်တွင် ကွယ်လွန်ခဲ့သော နာမည်ကျော်ပန်းချီဆရာကြီး ဦးသိန်းဟံအား ဂုဏ်ပြုသောအားဖြင့် တပည့်ရင်းဖြစ်သူ Myanmar Impressionist Artist ဒေါက်တာဦးလွန်းကြွယ်က ဆရာနှင့်တပည့် အထူးပန်းချီပြပွဲအဖြစ် ဆရာကြီး ဦးသိန်းဟံရေးဆွဲခဲ့သော ပန်းချီကားများနှင့် ဆရာဦးလွန်းကြွယ်ရေးဆွဲခဲ့သော မြင်းပန်းချီကားများကို မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံ (၁၇) ရပ်ကွက် တောင်ငူလမ်းရှိ Artist Life Gallery တွင် မေ ၂၆ ရက်မှ ၃၀ ရက်အထိ ပြသမည်ဖြစ်သည်။

ပြပွဲတွင် ပြသထားသည့် ပန်းချီဆရာကြီးဦးသိန်းဟံနှင့် ဆရာဦးလွန်းကြွယ်တို့ ရေးဆွဲခဲ့သည့် ပန်းချီကားများကို ရောင်းချမည်မဟုတ်ကြောင်း သိရသည်။

ပြပွဲဖွင့်လှစ်သည့် မေ ၂၆ ရက် နံနက် ၁၁ နာရီတွင် ပန်းချီဆရာကြီး ဒေါက်တာဦးလွန်းကြွယ်က ဆရာကြီးဦးသိန်းဟံပုံတူကို လက်တွေ့ဂုဏ်ပြုရေးဆွဲမည်ဖြစ်သည်။ ထို့ပြင် ဆရာကြီးဦးသိန်းဟံ၏ ကျန်ရစ်သူမိသားစုများဖြစ်သောသမီး၊ ချွေးမနှင့် မြေး နှစ်ဦးတို့ကို ပန်းချီဆရာကြီး ဒေါက်တာဦးလွန်းကြွယ်နှင့် ပန်းချီဒေါ်လွန်းမြမြတို့က ကျပ်သိန်း ၅၀ ကိုလည်းကောင်း၊ ပန်းချီလွန်းသစ်၊ ပန်းချီလွန်းကျော်ရီ မိသားစုတို့က ကျပ်သိန်း ၅၀ ကို လည်းကောင်း ပေးအပ်လှူဒါန်းမည်ဖြစ်သည်။

ပန်းချီဆရာကြီး ဒေါက်တာဦးလွန်းကြွယ်သည် အသက် (၈၈)နှစ်ရှိပြီဖြစ်ပြီး ၂၀၁၄ ခုနှစ်တွင် ရန်ကုန်အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ကို ရရှိခဲ့သည်။

**သတင်းစဉ်**

## အမာမြို့မှ ကျွဲခိုးသူများအား တွံတေးတွင် ဖမ်းဆီးရမိ

**ဖျာပုံ မေ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် အမာမြို့ အောက်ဆိပ်ကွင်းကျေးရွာ လယ်ကွင်းအတွင်းမှ ခိုးယူသယ်ဆောင်သွားသော ကျွဲများအား ခိုးယူသွားသူများနှင့်အတူ ပြန်လည်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၃ ရက်တွင် အောက်ဆိပ်ကွင်းကျေးရွာတွင် နေထိုင်သူများဖြစ်သည့် ဦးချစ်ဦးမောင်၊ ဦးကျော်စိုးနှင့် ဦးဝကြီးတို့ ပိုင်ဆိုင်သော ကျွဲရှစ်ကောင်အား လယ်ကွင်းထဲ လွှတ်ကျောင်းထားစဉ် ပျောက်ဆုံးသွားကြောင်း၊ အနီးပတ်ဝန်းကျင်တွင် ရှာဖွေရာ မတွေ့ရသဖြင့် မေ ၉ ရက်တွင် အမာနယ်မြေရဲစခန်းသို့ ကျွဲပျောက်ဆုံးသွားကြောင်း အမှုဖွင့်တိုင်တန်းချက်အရ ရှာဖွေဖော်ထုတ်ခဲ့ရာ ကျွဲများ တွံတေးမြို့သို့ ရောက်ရှိနေကြောင်း သိရပြီး အမာနယ်မြေရဲတပ်ဖွဲ့စခန်း ဒုတိယရဲအုပ် ဝင်းမင်းသိမ်းနှင့် တပ်ဖွဲ့ဝင်များနှင့် တွံတေးရဲစခန်းတို့ ပူးပေါင်းပြီး မေ ၁၀ ရက်တွင် ခိုးယူသွားသူများထဲမှ မျိုးမင်းနှင့် လက်ခံရောင်းချပေးသူ တွံတေးမြို့ စမ်းရွာနေ မင်းမင်း(ခ)အန်မက်တို့အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လက်ခံရောင်းချပေးသူ မင်းမင်း(ခ)အန်မက် အိမ်နောက်ဘက်မှ ကျွဲလေးကောင်နှင့် ၎င်းကိုယ်တိုင်ရောင်းချခဲ့သော တွံတေးမြို့ လိုင်စင်ရ ဦးလှရွှေ၏သားသတ်ရုံမှ ကျွဲငါးကောင် ပေါင်းကျွဲကိုးကောင်အား ပြန်လည်ရရှိခဲ့ပြီး အောက်ဆိပ်ကွင်းကျေးရွာမှ ပျောက်ဆုံးသွားသော ကျွဲရှစ်ကောင်အနက် ခုနစ်ကောင်နှင့် ပိုင်ရှင်မသိသော ကျွဲနှစ်ကောင်ဖြစ်ကြောင်း သိရသည်။

ပိုင်ရှင်မသိသော ကျွဲနှစ်ကောင်အား နီးစပ်ရာစခန်းများသို့ အကြောင်းကြားပေးခဲ့ပြီး ၎င်းအမှုအား အမာနယ်မြေရဲစခန်း စခန်းမှူး ရဲအုပ်ကျော်ကျော်စိုးက အမှုခိုင်မာအောင် တည်ဆောက်ခြင်း၊ ကွင်းဆက်တရားခံများအား ဖမ်းဆီးနိုင်ရေးဆောင်ရွက်ပြီး တရားစွဲဆိုနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမြင့်အောင်**

## လောက်ကိုင်၌ စိတ်ဖောက်ပြန်သူက ဓားဖြင့်ခုတ်သဖြင့် ဇနီးနှင့်သမီးအပါအဝင် ၁၄ ဦး ဒဏ်ရာရရှိပြီး ခြောက်ဦးသေဆုံး

**နေပြည်တော် မေ ၂၄**

လောက်ကိုင်မြို့နယ် မန်တုံပါးကျေးရွာအုပ်စု ဟိုစင်ချိုးကျေးရွာမှ မူးယစ်ဆေးဝါးသုံးစွဲပြီး စိတ်ဖောက်ပြန်နေသူ ကျင်လောက်အိုင်ဆိုသူက ဇနီးနှင့်သမီးအပါအဝင် ရွာတွင်းတွေ့ရှိသူများအား ဓားဖြင့်ခုတ်သဖြင့် ခြောက်ဦးသေဆုံးပြီး ၁၄ ဦးဒဏ်ရာရရှိကာ ကျင်လောက်အိုင်မှာလည်း ခုခံကာကွယ်သူများကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၂ ရက် ည ၁၁ နာရီခွဲခန့်တွင် ကျင်လောက်အိုင်သည် နေအိမ်၌ မူးယစ်ဆေးဝါးသုံးစွဲပြီး စိတ်ဖောက်ပြန်ကာ နေအိမ်အတွင်းရှိနေသည့် ဇနီးဖြစ်သူ ဒေါ်ယောင်ရှောက်စန်း (၃၂)နှစ်နှင့် သမီးဖြစ်သူ မကျင်စောက်စန်း(၆)နှစ်တို့အား ဓားဖြင့်ခုတ်ခဲ့ပြီးနောက် ရွာထဲသို့ ထွက်သွားကာ ကျေးရွာအတွင်းရှိ နေအိမ်များအား တံခါးလိုက်ခေါက်၍ တွေ့ရှိသူများကို ဓားမဖြင့် လိုက်လံခုတ်သဖြင့် ရွာသားများဖြစ်သည့် ဦးဝမ်လောက်ဆေး၊ ဦးလီလောက်စစ်တို့က ခုခံကာကွယ်သောကြောင့် ကျင်လောက်အိုင်မှာ ဒဏ်ရာများရရှိကာ သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်တွင် ဒေါ်ယောင်ရှောက်စန်း (ပြစ်မှုကျူးလွန်သူ၏ဇနီး)၊ မကျင်စောက်စန်း (ပြစ်မှုကျူးလွန်သူ၏သမီး)၊ ရွာသူ ရွာသားများဖြစ်ကြသည့် မောင်ယောက်ကွမ်းချန်၊ မောင်ယောက်ကွမ်းရှော၊ လီကွမ်ဝယ်၊ မယင်စီ၊ ဒေါ်ကျောက်မိန်၊ ဒေါ်မာစန်း၊ ဒေါ်ရန်စစ်ဟွာ၊ ဦးရောင်လောက်စန်း၊ မောင်ရောင်ကိုက်ချိုး၊ ဒေါ်ရောင်ရှောက်တာ၊ ဒေါ်ရောင်ရှောက်အဲနှင့် မရှောက်ဖေးတို့မှာ မစိုးရိမ်ရဒဏ်ရာများ ရရှိခဲ့ပြီး ဒေါ်ဝမ်ရှောက်စန်း၊ ဦးလီလောက်စစ်၊ ဒေါ်ယောက်ရှောက်တာ၊ မောင်ကျင်းဝေ၊ ဝမ်လောက်ဆေးနှင့် ဦးယောင်လောက်စန်းတို့မှာ သေဆုံးသွားကြောင်း သိရသည်။

**သတင်းစဉ်**

# အမ်း-မင်းဘူးကားလမ်းတွင် ၁၂ ဘီးဆီသယ်ယာဉ်တစ်စီး တိမ်းမှောက်၍ နှစ်ဦးသေဆုံး

**စစ်တွေ မေ ၂၄**
ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ် အမ်း-မင်းဘူးကားလမ်း မိုင်တိုင်(၇၃/၂)အနီးတွင် ယနေ့နံနက် ၆ နာရီခန့်က ဒီဇယ်ဆီသယ်ဆောင်လာသော နှစ်ဆန်းအမျိုးအစား ၁၂ ဘီးယာဉ် တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မင်းဘူးမြို့မှ အမ်းမြို့ဘက်သို့ ကျော်သူရ မင်းလှမြို့နေသူ မောင်းနှင်လာသော ဆီသယ်ယာဉ်သည် အမ်းတောင်အဆင်း အကွေ့တွင် ဘရိတ်ပေါက်ကာ လမ်း၏ညာဘက် ပေ ၅၀ ခန့်သို့ ထိုးကျတိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်း ကျော်သူရနှင့် ဇနီး မဝင်းဝင်းအေးတို့မှာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး ယာဉ်နောက်လိုက် ဦးလှထွန်း မင်းဘူးမြို့နယ် ညောင်ပင်သာကျေးရွာ နေသူမှာ ယာတင်ပါးဆုံ၊ ယာဘက်ကျောနာဒဏ်ရာများရရှိပြီး အမ်းမြို့နယ် ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်ရာနေရာသို့ အမ်းမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ အမ်းမြို့နယ်မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်ရေးများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်း-ဟန်လင်းနိုင်**
**ဓာတ်ပုံ-ရခိုင်ပြည်နယ်မီးသတ်တပ်ဖွဲ့**





# ပေါက်မြို့၌ တံတားပေါ်မှ ယာဉ်တစ်စီးပြုတ်ကျ

**ပေါက် မေ ၂၄**
မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်၌ ယနေ့ နံနက် ၈ နာရီခွဲခန့်က ပခုက္ကူဘက်မှ ပေါက်ဘက်သို့ မောင်းနှင်လာသည့် ဆီသယ်ယာဉ်တစ်စီးသည် အမှတ်(၂)ရေပြာတံတားပေါ်တွင် အရှိန်မထိန်းနိုင်ဘဲ ပြုတ်ကျခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယာဉ်မောင်း ဦးရဲမြင့်သန်း မြင်းခြံမြို့နေသူ မောင်းနှင်လာသောယာဉ်သည် တံတားတိုင်အမှတ် (P19) နှင့် (P20)အကြား တံတားယာဘက်ခြမ်းရှိ လက်ရန်းတိုင်များကို ဝင်တိုက်မိပြီး တံတားအောက်အနက် ၁၅ ပေခန့်ရှိ သဲချောင်းအတွင်းသို့ပြုတ်ကျခဲ့သည်။ ယာဉ်ပြုတ်ကျခဲ့မှုကြောင့် ယာဉ်မောင်းမှာ ဒဏ်ရာမရရှိခဲ့ကြောင်း၊ ယာဉ်ပေါ်လိုက်ပါလာသော ဦးမောင်မောင်သန်းနှင့် ဦးအာကာလင်းတို့မှာ ဒဏ်ရာအနည်းငယ်ရရှိ၍ ရေပြာတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ ဦးရဲမြင့်သန်းအား ရေပြာနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ညဏ်တိုး(ပေါက်)**

# တရားမဝင်ကုန်စည်များ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၄**
မေ ၂၃ ရက်တွင် မူဆယ်နှင့် မန္တလေးမြို့များသို့ သွားရောက်မည့်ယာဉ်များကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် ခရီးသည်တင်ယာဉ်တစ်စီးကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ဆိုင်ကယ်အပိုပစ္စည်းများ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် လျှပ်စစ်ပစ္စည်းများ (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၃၆၅ သန်းခန့်)ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့သည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် မေ ၂၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၁၁၄၈ စီး၊ သွင်းကုန် ၉၆၉ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၁ စီး၊ သွင်းကုန် ၁၈၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂၃ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁ ဒသမ ၁၆၅ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုခြောက်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉ ဒသမ ၁၅ သန်းခန့်) စုစုပေါင်းတားဆီးမှု ၁၁ မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀ ဒသမ ၃၁၅ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# လူသတ်မှုကျူးလွန်သူများအား နှစ်ရက်အတွင်း ဖမ်းမိ

**ရန်ကုန် မေ ၂၄**
ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အမှတ်(၈)ရပ်ကွက်ရှိ ရွှေအိမ်ရာဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူဆောက်လုပ်နေသည့် ဆောက်လက်စ အဆောက်အအုံအတွင်း ဖြစ်ပွားခဲ့သော လူသတ်မှုမှ ပြစ်မှုကျူးလွန်သူများကို ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့က အခင်းဖြစ်ပြီး နှစ်ရက်အတွင်း ဖမ်းဆီးခဲ့သည်။

ဖြစ်စဉ်မှာ မေ ၂၂ ရက်နံနက် ၈ နာရီခွဲက အခင်းဖြစ်ပွားခဲ့သည့် အဆောက်အအုံအတွင်းတွင် လုံခြုံရေးဝန်ထမ်း ဦးဇော်ဝမ်း(၄၀)နှစ်မှာ ခြေနှစ်ဖက်ကို ဝါယာကြိုးဖြင့် ချည်နှောင်ထားပြီး ပါးစပ်ကို စက္ကူတိပ်ဖြင့်ပတ်လျက် ၎င်းအပေါ်မှ စွပ်ကျယ်ဖြင့် ထပ်မံချည်နှောင်ကာ ဦးခေါင်းနောက်စေ့တွင် ပေါက်ပြဲဒဏ်ရာများဖြင့် သေဆုံးလျက်တွေ့ရှိရသည်။

ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေးအတွက် ပူးပေါင်းအဖွဲ့က စုံစမ်းခဲ့ရာ မြောက်ဥက္ကလာပမြို့နယ် အမှတ်(၂)ရပ်ကွက်တွင် နေထိုင်၍ တွန်းလှည်းဖြင့် ပစ္စည်းအဟောင်းများ လိုက်လံဝယ်ယူ ရောင်းချသူများဖြစ်သည့် ဝင်းနိုင်ဖြိုး(ခ)ငရှိုင်း(၁၉)နှစ်နှင့် အောင်ဖြိုးကို(ခ)ကပွလီ(၂၁)နှစ်တို့မှာ မေ ၂၂ ရက် နံနက် ၅ နာရီခန့်က နေအိမ်သို့ ရောက်ရှိလာပြီး မှန်ကွဲနေသည့် ဖုန်းတစ်လုံးပါရှိကြောင်း၊ ၎င်းတို့ဝတ်ဆင်ထားသည့် အဝတ်များကို ဖွက်ထားကြောင်း၊ ညစောင့်တစ်ဦးကိုလည်း ရိုက်နှက်ခဲ့ကြောင်း သတင်းရရှိသဖြင့် ၎င်းတို့နှစ်ဦးအား လိုက်လံရှာဖွေရာ မေ ၂၃ ရက် ညနေ ၅ နာရီခွဲတွင် မြောက်ဥက္ကလာပမြို့နယ် အမှတ်(၂)ရပ်ကွက်ရှိ အဟောင်းဆိုင်သို့ ပစ္စည်းများ လာရောက်ရောင်းချနေစဉ် ဖမ်းဆီးရမိခဲ့သည်။

ပြစ်မှုကျူးလွန်သူ အောင်ဖြိုး(ခ)ကပွလီမှာ ၂၀၁၂ ခုနှစ်တွင် မြောက်ဥက္ကလာပမြို့နယ်ရှိ ဘုရားဝင်းအတွင်း ထားရှိသော အလှူခံပုံးမှ ငွေများခိုးယူခဲ့၍ သန်လျင်မြို့နယ် လူငယ်ပြုစုထိန်းသိမ်းရေးသင်တန်းကျောင်းတွင် ထောင်ဒဏ် တစ်နှစ်နှင့် နှစ်လ ပြစ်ဒဏ်ကျခံခဲ့ဖူးကြောင်း သိရပြီး ဝင်းနိုင်ဖြိုး(ခ)ငရှိုင်းနှင့် အောင်ဖြိုး(ခ) ကပွလီတို့အား ဥပဒေနှင့်အညီ ထိရောက်သည့် ပြစ်ဒဏ်ရရှိရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





# မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ်ဂိတ်အနီး၌ ဘိန်းဖြူများ သိမ်းဆည်းရမိ

**တမူး မေ ၂၄**
စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် တမူးမြို့ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ် အမှတ်(၁)ဂိတ်အနီး ဂိုဒေါင်ပေါက်လမ်း၌ ဘိန်းဖြူသယ်ဆောင်လာသူတစ်ဦးအား မေ ၂၃ ရက်က ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တမူးမြို့ မူးယစ်တပ်ဖွဲ့စု(၇)မှ တပ်ဖွဲ့ဝင်များနှင့် ခရိုင်ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ မေ ၂၃ ရက် ည ၉ နာရီ မိနစ် ၅၀ ခန့်က မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ် အမှတ်(၁)ဂိတ်အနီး ဂိုဒေါင်ပေါက်လမ်းတွင် စောင့်ဆိုင်းနေစဉ် အိန္ဒိယနိုင်ငံ မိုးရေးမြို့ဘက်မှ မြန်မာနိုင်ငံ တမူးမြို့ဘက်သို့ လမ်းလျှောက်လာသူ တမူးမြို့ ဈေးတန်း(၁)ရပ်ကွက်နေ ဇော်ဇော်ထူး(ခ)ဗေလားနှင့် ဈေးတန်း(၄)ရပ်ကွက်နေ ချန်လွန်း(ခ)ရာမစ်တို့နှစ်ဦးကို စစ်ဆေးရှာဖွေရာ ဇော်ဇော်ထူး(ခ)ဗေလား၏ ဝဲဘက်လက်တွင် အစိမ်းရောင်ခေါက်ထီး၊ ထီးစွပ်အိတ်နှင့်အတူ ဆုပ်ကိုင်ထားသည့် ကော်ဘူးငယ်အတွင်းမှ ဘိန်းဖြူမှုန့် အလေးချိန် သုညဒသမ ၀၃ ဂရမ် သိမ်းဆည်းရမိ၍ ၎င်းတို့နှစ်ဦးအား တမူးမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ထွန်းမင်းအောင်(ကဘော်မြေ)**

# တပ်ကုန်းမြို့၌ လူရိုက်ပြီး ဖုန်းနှင့် ဆိုင်ကယ်လုယူမှု ဖြစ်ပွား

**တပ်ကုန်း မေ ၂၄**
နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့တွင် မေ ၂၃ ရက် ည ၇ နာရီခန့်က ပိုင်ရှင်အား တုတ်ဖြင့်ရိုက်ပြီး ဖုန်းနှင့်ဆိုင်ကယ်လုယူမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မပြည့်စန္ဒာကျော် မြဝတီရပ်ကွက် တပ်ကုန်းမြို့နေသူသည် TVS DAZZ အော်တို 110 ဆိုင်ကယ်ဖြင့် ၎င်းမိဘများနေထိုင်သော အောင်ဇေယျရပ်ကွက်သို့ သွားရောက်ပြီးအပြန် ပိတောက်လမ်းနှင့် ခရေလမ်းဆုံအရောက် ဖုန်းပြောရန် ရပ်တန့်စဉ် အမျိုးသားတစ်ဦးက ၎င်း၏ဦးခေါင်းအား တုတ်ဖြင့်ရိုက်ပြီး ဖုန်းနှစ်လုံးနှင့် ဆိုင်ကယ်လုယူ၍ ထွက်ပြေးသွားကြောင်း သိရသည်။

**တင်စိုးလွင်(မြန်/ဆက်)**

## မြန်မာ့ရုပ်မြင်သံကြား

**၂၅-၅-၂၀၁၈ (သောကြာနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | Breakfast News |
| ၇း၃၅ | MRTV Travelogue |
| ၈း၃၅ | မျက်မှောက်ရေးရာအဖြာဖြာ |
| ၉း၁၀ | "အမြတ်တနိုး တန်ဖိုးထားစရာ တွင်းထွက်ရတနာ" |
| ၉း၄၀ | "မျှော်လင့်ခြင်းနေ့သစ်များ |
| ၁၀း၃၀ | လူမှုစီးပွားမြင်ကွင်းများ |
| ၁၁း၁၅ | အလုပ်သမားရေးရာအစီအစဉ် |
| ၁၁း၄၀ | သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "မတစ်ထောင်၊ တစ်ကောင်ဘွား" (ကျော်ရဲအောင်၊ အောင်ရဲလင်း၊ ခိုင်သင်းကြည်၊သင်ဇာဝင့်ကျော်၊ ထွန်းလွင်အောင်) (ဒါရိုက်တာ-ခင်စောမျိုး) |
| ၁၂း၃၀ | မြန်မာဇာတ်လမ်းတွဲ "ကြမ္မာနွံ" (အပိုင်း-၂၄) |
| ၁၃း၁၅ | ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Level-II) (ပွဲစဉ်-၂) (မန္တလေးမြို့)(တတိယပိုင်း) |
| ၁၄း၀၀ | မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၂) (ဒါရိုက်တာ-ကြည်စိုးထွန်း၊ အကယ်ဒမီ-မေဝင်းမောင်) |
| ၁၅း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၂၇) |

**ညပိုင်း**

| | |
|---|---|
| ၁၆း၃၅ | "၂၀၁၉ ခုနှစ်မတ်လတက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် စတင်အသုံးပြုမည့်မေးခွန်းပုံစံသစ်ဆိုင်ရာသိမှတ်ဖွယ်ရာများ" (ဘောဂဗေဒဘာသာရပ်) |
| ၁၆း၄၅ | Weekly MNL Review (Week-12) |
| ၁၇း၂၀ | ကျန်းမာရေးမဂ္ဂဇင်း "အရေးပေါ် ဆီးချို၊ သွေးချို တက်လျှင် ဘယ်လိုကုသရမလဲ" (အပိုင်း-၁) |
| ၁၇း၃၅ | Weekly Sport Info |
| ၁၈း၂၀ | ရုပ်ရှင်ရိုက်မယ် (ဟိုလီ၊ကြေးမုံပြင်) |
| ၁၉း၁၅ | မြန်မာဇာတ်လမ်းတွဲ "ကြမ္မာနွံ" (အပိုင်း-၂၅) |
| ၂၀း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | "ထင်ရှားထူးခြား မြန်မာ့ပုံရိပ်များ" "ရွှေပြည်အမရသာပေစွ" -America's Got Talent -ပြည်သူ့နီတိ"ညစောင့်" -ဟာသရုပ်စုံစင်တော်ကြီး "လေခွန်"(ဇာတ်လမ်းတို) (ပါဝင်သူများ-အောင်ချစ်၊ နန်းရွှေအိမ်၊စိန်းလန်း၊ ဈာန်လေးမာန်၊ရှိန်း၊ ကျော်စွာဟိန်း၊ဖြိုးဝေ၊ အငယ်လေး) -အစီအစဉ်ပြီး၏။ |

# ဆာရီကို ထုတ်ပယ်ပြီးနောက် နာရီပိုင်းအတွင်းမှာပင် အန်စလော့တီကို နည်းပြသစ်အဖြစ် နာပိုလီခန့်အပ်

နာပိုလီအသင်းသည် နည်းပြ ဆာရီကို ထုတ်ပယ်ပြီးနောက် ရီးယဲလ်မက်ဒရစ်၊ ဘိုင်ယန်မြူးနစ်နည်းပြဟောင်း အန်စလော့တီကို နာရီပိုင်းအတွင်း နည်းပြသစ်အဖြစ် ခန့်အပ်လိုက်သည်။

ဆာရီမှာ ပရိသတ်စိတ်ကြိုက်နည်းပြဖြစ်သော်လည်း နာပိုလီအသင်း စီးရီးအေတွင် အဆင့်(၂)နေရာဖြင့်သာ ရာသီသိမ်းနိုင်ခဲ့သဖြင့် ထုတ်ပယ်ခံရတော့မည်ဟု သတင်းထွက်လာပြီးနောက် နာရီပိုင်းအတွင်းမှာပင် အန်စလော့တီကို နည်းပြသစ်အဖြစ် ခန့်အပ်လိုက်ပြီဖြစ်ကြောင်း နာပိုလီအသင်းဘက်မှ အတည်ပြုခဲ့သည်။

အန်စလော့တီမှာ ချန်ပီယံလိဂ်ဖလား သုံးကြိမ်၊ ပရီမီယာလိဂ်၊ ဘွန်ဒက်စ်လီဂါ၊ လီဂူး-၁ နှင့် စီးရီးအေဖလားတို့ကို ရရှိထားသည့် ခေတ်သစ်ဘောလုံးလောကတွင် အအောင်မြင်ဆုံးနည်းပြတစ်ဦး ဖြစ်သည်။ ၎င်းက အီတလီလက်ရွေးစင်နည်းပြအဖြစ် ကမ်းလှမ်းခံခဲ့ရမှုကို ငြင်းပယ်ခဲ့ပြီး နာပိုလီနည်းပြအဖြစ် တာဝန်ယူရန် သဘောတူခဲ့ခြင်းဖြစ်သည်။

ဆာရီမှာ ချယ်လ်ဆီးနည်းပြသစ်အဖြစ် ခန့်အပ်ခံရမည်ဟု ထိပ်ဆုံးမှ ရေပန်းစားနေပြီး ချယ်လ်ဆီးအသင်းပိုင်ရှင် အေဗရာမိုဗစ် ဗြိတိန်တွင် မရှိသည့်အတွက်ကြောင့် ဗီဇာကိစ္စဆောင်ရွက်ရန် အဆင်မပြေသေးသည့်အတွက် ဆာရီကို နည်းပြသစ်အဖြစ် ခန့်အပ်မှုလည်း အနည်းငယ် နှောင့်နှေးနေခြင်းဖြစ်ကြောင်း သိရသည်။

**မေလှဲ့သင်း**






ပီအက်စ်ဂျီအသင်းနည်းပြဟောင်း အဲမ်မရီအား အာဆင်နယ်အသင်း နည်းပြအဖြစ် ခန့်အပ်လိုက်ပြီဖြစ်ကြောင်း အမှုဆောင်အရာရှိချုပ် အီဗန်ဂါဇီဒစ်က ပြောကြားလိုက်သည်။

အသက် ၄၆ နှစ်အရွယ်ရှိ နည်းပြအဲမ်မရီသည် ပီအက်စ်ဂျီအသင်းအား ပြင်သစ် ပထမတန်းဖလားရယူပေးခဲ့ပြီးနောက် ပီအက်စ်ဂျီအသင်းနှင့် လမ်းခွဲခဲ့ခြင်းဖြစ်သည်။

စပိန်နိုင်ငံသားနည်းပြ အဲမ်မရီသည် ဆီဗီလာအသင်းတွင် တာဝန်ယူကိုင်တွယ်စဉ်က ယူရိုပါလိဂ်ချန်ပီယံအဖြစ် သုံးနှစ်ဆက်တိုက်ရယူပေးနိုင်ခဲ့ပြီး ပြင်သစ် ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းသို့ ရောက်ရှိလာခဲ့ချိန်တွင်လည်း ပြင်သစ်ပြည်တွင်းဖလားလေးလုံးအထိ ရယူပေးနိုင်ခဲ့သူဖြစ်သည်။

နည်းပြ အဲမ်မရီသည် နည်းပြ အာစင်ဝင်းဂါးနေရာတွင် အစားထိုးခန့်အပ်ခြင်းခံခဲ့ရသူဖြစ်ပြီး အာစင်ဝင်းဂါးမှာ အာဆင်နယ်အသင်းတွင် ၂၂ နှစ်ကြာ တာဝန်ယူကိုင်တွယ်ခဲ့သည့် နည်းပြတစ်ဦး ဖြစ်သည်။

မန်စီးတီးအသင်း၏ လက်ထောက်နည်းပြနှင့် အာဆင်နယ်အသင်း၏ အသင်းခေါင်းဆောင်ဟောင်းတစ်ဦးဖြစ်သည့် မိုက်ကယ်အာတီတာသည်လည်း အာဆင်နယ်အသင်းနည်းပြဖြစ်လာရန် ရေပန်းစားခဲ့သော်လည်း အာဆင်နယ်အသင်းသည် နည်းပြဘဝတွင်အတွေ့အကြုံရင့်ပြီး အောင်မြင်မှုသရဖူဆောင်းနိုင်ခဲ့သည့် အဲမ်မရီကိုသာ နည်းပြသစ်အဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

အဲမ်မရီသည် နည်းပြဘဝတွင်သာမက ကစားသမားဘဝကလည်း ခြေစွမ်းကောင်းတစ်ခုပိုင်ဆိုင်ခဲ့သူဖြစ်ပြီး ရီးယဲလ်ဆိုစီဒက်အသင်းနှင့် တိုလီဒိုအသင်းတို့တွင် ပါဝင်ကစားပေးခဲ့ပြီး နည်းပြဘဝကို အယ်လ်မာရီးယားအသင်းနှင့် ဗလင်စီယာအသင်းတို့တွင် စတင်ခဲ့သူဖြစ်သည်။

ထို့နောက် နည်းပြ အဲမ်မရီသည် ၂၀၁၃ ခုနှစ်တွင် ဆီဗီလာအသင်းနည်းပြအဖြစ် တာဝန်ယူကိုင်တွယ်ခဲ့သူဖြစ်ပြီး ၎င်းကိုင်တွယ်ခဲ့သည့် ၂၀၁၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း ဆီဗီလာအသင်းကို ဥရောပ၏ ဒုတိယအကြီးဆုံးပြိုင်ပွဲဖြစ်သည့် ယူရိုပါလိဂ်ဖလားကို သုံးကြိမ်ရယူပေးခဲ့သူဖြစ်သည်။ ထို့ကြောင့် နည်းပြ အဲမ်မရီသည် ၂၀၁၃-၂၀၁၄ တွင် ဥရောပ၏ အကောင်းဆုံးနည်းပြဆုကို ရယူနိုင်ခဲ့သည်။

လက်ရှိတွင် နည်းပြအဲမ်မရီသည် အာဆင်နယ်အသင်းနည်းပြဖြစ်လာခဲ့ပြီး အာဆင်နယ်အသင်းတွင်လည်း အခြားကလပ်အသင်းများကဲ့သို့ ဆုဖလားများ ရယူပေးနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားစရာကောင်းနေခဲ့သည်။ **ငွေကြယ်**



## အသက် ၄၁ နှစ်အထိ ဘောလုံးကစားဦးမည်ဖြစ်ပြီး နေမာကိုခေါ်ယူရန် စိတ်အားထက်သန်မှုမရှိကြောင်း စီရိုနယ်လ်ဒို ပြောကြား

ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး စီရိုနယ်လ်ဒိုက လက်ရှိတွင် အသက် ၃၃ နှစ်ရှိနေပြီဖြစ်ပေမယ့် သူ့အနေနဲ့ ဇီဝဖြစ်စဉ်အရတော့ အသက် ၂၃ နှစ် အရွယ်သာ ရှိနေသေးသလို ခံစားရပြီး အသက် ၄၁ နှစ်အရွယ်အထိ ဘောလုံးဆက်ကစားဦးမှာဖြစ်ကြောင်း ထပ်မံအတည်ပြုခဲ့ပါတယ်။

သူက "ကျွန်တော့်ရဲ့ ဇီဝဗေဒအသက်က ၂၃ နှစ်သာ ရှိပါသေးတယ်၊ ဒါကြောင့် ကျွန်တော့်မှာ အချိန်တွေအများကြီး ကျန်သေးပါတယ်၊ ကျွန်တော့်အနေနဲ့ အသက် ၄၁ နှစ်အထိ ဘောလုံးကစားဦးမှာပါ၊ ကျွန်တော် ကောင်းမွန်နေပြီး ပျော်ရွှင်တယ်လို့ ခံစားရပါတယ်" လို့ ဖြေကြားသွားခဲ့တာဖြစ်ပါတယ်။

စီရိုနယ်လ်ဒိုဟာ လက်ရှိဘောလုံးရာသီမှာလည်း ချန်ပီယံလိဂ်ပွဲစဉ် ၁၂ ပွဲမှာ သွင်းဂိုး ၁၅ ဂိုး သွင်းယူထားနိုင်ပြီး ခြောက်နှစ်ဆက်တိုက် ချန်ပီယံလိဂ် ဂိုးသွင်းအများဆုံးကစားသမားအဖြစ် ရပ်တည်ဖို့ အလားအလာကောင်းနေပါတယ်။ စနေနေ့(မေ ၂၆ရက်) လီဗာပူးနဲ့ ချန်ပီယံလိဂ်ဗိုလ်လုပွဲစဉ်မှာသာ ဂိုးသွင်းနိုင်ရင် ချန်ပီယံလိဂ် ဗိုလ်လုပွဲလေးပွဲမှာ ဂိုးသွင်းနိုင်တဲ့ ပထမဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်မှာဖြစ်ပါတယ်။

ရီးယဲလ်တိုက်စစ်မှူးတွေဖြစ်တဲ့ ဂါရတ်ဘေးလ်နဲ့ ဘင်ဇီမာတို့ ဂိုးသွင်းနှုန်းကျဆင်းလာမှုကြောင့် စီရိုနယ်လ်ဒိုတစ်ယောက် ရီးယဲလ်တိုက်စစ်ပိုင်းအတွက် တာဝန်ပိုမိုယူထားရပေမယ့် စီရိုနယ်လ်ဒိုကတော့ နေမာ ရောက်ရှိလာဖို့ရှိသလားဆိုတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး မေးမြန်းခံရချိန်မှာ "ကျွန်တော် ဒီ(ရီးယဲလ်)မှာ ရှိနေတာ ရှစ်နှစ်ရှိနေပြီဖြစ်ပြီး လူတွေပြောနေကြတဲ့ ပုံစံအရဆို ကစားသမား ၅၀ လောက် ဒီကို ရောက်လာပြီးပြီ၊ ပြီးခဲ့တဲ့ စက်တင်ဘာလလောက်တုန်းကဆို လူတွေပြောပုံအရ ရီးယဲလ်ကို ကစားသမားသစ်တွေ အများကြီး ရောက်ရှိလာကြသလိုပဲ၊ ခု ကျွန်တော်တို့ ဗိုလ်လုပွဲကို ရောက်ရှိနေပါပြီ၊ မက်ဒရစ်မှာ ဘေးလ်၊ ဘင်ဇီမာ၊ လူးကပ်စ်ဘက်စကွက်ဇ်နဲ့ အဆန်စီယိုတို့လို ကမ္ဘာ့အကောင်းဆုံးတွေ ရှိနှင့်နေပြီးသားပါ"လို့ ဖြေကြားသွားခဲ့တာကို တွေ့ရပါတယ်။ **မေလှဲ့သင်း**

## အယ်လ်ဒါဝီးလ်အား ပေါင်သန်း ၅၀ ဖြင့် ခေါ်ယူရေး မန်ယူဆွေးနွေး

မန်ယူအသင်းသည် စပါးနောက်တန်း ကစားသမား အယ်လ်ဒါဝီးလ်အား စာချုပ်ချုပ်ဆိုခေါ်ယူရေးအတွက် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

အသက် ၂၉ နှစ်အရွယ်ရှိ ဘယ်လ်ဂျီယံနောက်တန်းကစားသမား အယ်လ်ဒါဝီးလ်သည် လာမည့်ဘောလုံးရာသီတွင် စပါးအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း စာချုပ်သစ်ချုပ်ဆိုရေးအတွက်မူ အောင်မြင်ခဲ့ခြင်းမရှိခဲ့ပေ။

စပါးအသင်း၏ ဘဏ္ဍာရေးအခြေအနေကြောင့် နွေရာသီအပြောင်းအရွှေ့ကာလအတွင်း ရောင်းထုတ်မည့် ကစားသမား ငါးဦးစာရင်းတွင်လည်း နောက်တန်းကစားသမား အယ်လ်ဒါဝီးလ်ပါဝင်လာခဲ့ပြီး စပါးအသင်းက အယ်လ်ဒါဝီးလ်၏ ပြောင်းရွှေ့ကြေးကို ပေါင်သန်း ၅၀ တောင်းဆိုထားကာ ဒန်နီရိုစ့်နှင့် ဒမ်ဘီလီတို့ကို ကမ်းလှမ်းလာမည့်အသင်းများကိုလည်း စောင့်မျှော်လျက်ရှိကြောင်း သိရသည်။

ဒန်နီရိုစ့်နှင့် ဒမ်ဘီလီတို့ကို ဥရောပကလပ်အသင်းအချို့အပါအဝင် နယ်သာလန်ကလပ်အေဂျက်အသင်းကလည်း ခေါ်ယူရန်စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။ သို့ရာတွင် တရားဝင်ကမ်းလှမ်းလာခြင်းမရှိသေးကြောင်း သိရသည်။

မန်ယူအသင်းကမူ လက်ရှိအသင်း၏ ခံစစ်ပိုင်းအားနည်းမှုကို ဖြည့်တင်းရန်အတွက် ဘယ်လ်ဂျီယံနှင့် စပါးနောက်တန်းကစားသမား အယ်လ်ဒါဝီးလ်ကို ကမ်းလှမ်းထားပြီး အိုးထရက်ဖို့ဒ်အရောက်ခေါ်ယူရေး ဆွေးနွေးလျက်ရှိကြောင်း သိရသည်။



**ငွေကြယ်**

# ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

၃၅။ အုပ်ချုပ်ရေးမှူးသည် သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်းဖြစ်စေ၊ အစိုးရအဖွဲ့က စီမံအုပ်ချုပ်သည့် သို့မဟုတ် အစုရှယ်ယာမတည်ငွေရင်းပါဝင်သည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်အတွင်းဖြစ်စေ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သူအား အနည်းဆုံး ကျပ်သုံးသောင်းမှ အများဆုံး ကျပ်တစ်သိန်းအထိ ဒဏ်ကြေးငွေကို ပေးဆောင်စေရန် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်နိုင်သည် -

(က) လုံးဝတားမြစ်ထားသောနေရာသို့ ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်ခြင်း၊
(ခ) ခွင့်ပြုချက်မရှိဘဲ စီးပွားရေးအလို့ငှာ ရုပ်ရှင် သို့မဟုတ် ဗီဒီယို ရိုက်ကူးခြင်း၊
(ဂ) မြေကိုတူးဆွခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် လုပ်ငန်းတစ်ခုခုလုပ်ကိုင်ခြင်း၊
(ဃ) သဘာဝအပင် သို့မဟုတ် စိုက်ပျိုးထားသည့် အပင်တစ်မျိုးမျိုးကို ထုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း။

၃၆။ သစ်တောအရာရှိသည် ရာသီအလိုက် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကို တားမြစ်ထားသည့်ရာသီအတွင်း ခွင့်ပြုချက်မရှိဘဲ သတ်ဖြတ်ခြင်း၊ အမဲလိုက်ခြင်း၊ အနာတရ ဖြစ်စေခြင်း သို့မဟုတ် စီးပွားရေးအလို့ငှာ မွေးမြူခြင်း ပြုလုပ်သူအား အနည်းဆုံး ကျပ်ခုနစ်သောင်းမှ အများဆုံး ကျပ်နှစ်သိန်းအထိ ဒဏ်ကြေးငွေကို ပေးဆောင်စေရန် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်နိုင်သည်။

၃၇။ အုပ်ချုပ်ရေးမှူးသည် -
(က) စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်သည့်အခါ သဘာဝထိန်းသိမ်းရေးနယ်မြေမှဖြစ်စေ၊ အစိုးရအဖွဲ့က စီမံအုပ်ချုပ်သည့် သို့မဟုတ် အစုရှယ်ယာ မတည်ငွေရင်းပါဝင်သည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်မှဖြစ်စေ ထွက်ရှိသောပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။
(ခ) ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသော ပစ္စည်းကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စီမံခန့်ခွဲရမည်။

### အခန်း (၁၀)
### အယူခံခြင်း

၃၈။ (က) သစ်တောအရာရှိ သို့မဟုတ် အုပ်ချုပ်ရေးမှူးက ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ကို မကျေနပ်သူသည် ယင်းအမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ အယူခံနိုင်သည်။
(ခ) ညွှန်ကြားရေးမှူးချုပ်သည် သစ်တောအရာရှိ သို့မဟုတ် အုပ်ချုပ်ရေးမှူးက ချမှတ်ထားသည့် အမိန့်အပေါ် အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။
(ဂ) ညွှန်ကြားရေးမှူးချုပ်၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

### အခန်း (၁၁)
### ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၉။ မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်နှစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(က) လိုင်စင်မရရှိဘဲ အမဲလိုက်ခြင်း၊
(ခ) အမဲလိုက်ခွင့်လိုင်စင် စည်းကမ်းချက် တစ်ရပ်ရပ်ကို ချိုးဖောက်ခြင်း၊
(ဂ) မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ထိန်းချုပ်သည့် တောရိုင်းတိရစ္ဆာန်ကို ခွင့်ပြုချက်မရှိဘဲ စီးပွားရေးအလို့ငှာ မွေးမြူခြင်း၊
(ဃ) သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း မြေဆီလွှာထု၊ ရေထု၊ လေထုကို တမင် ညစ်ညမ်းစေခြင်း၊ ရေစီးရေလာ ပျက်စီးစေခြင်း သို့မဟုတ် ရေတွင် အဆိပ်ခတ်ခြင်း၊ လျှပ်စစ်ဓာတ်အားကို ဖြတ်စီးစေခြင်းနှင့် ဓာတုဗေဒပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ်သောအရာများ အသုံးပြုခြင်း၊
(င) သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းကိုဖြစ်စေ၊ ဓာတ်သတ္တု အညစ်အကြေးကိုဖြစ်စေ လက်ဝယ်ထားခြင်း သို့မဟုတ် စွန့်ပစ်ခြင်း၊
(စ) တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို လုပ်ငန်းလိုင်စင်မရှိဘဲ တည်ထောင်လုပ်ကိုင်ခြင်း၊
(ဆ) ကွန်ဗင်းရှင်း၏ စီမံအုပ်ချုပ်မှု အခွင့်ရပုဂ္ဂိုလ်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသူက ထုတ်ပေးသော စာရွက်စာတမ်း၊ အမှတ်အသား၊ အချက်အလက်နှင့် ကိန်းဂဏန်းများကို မသမာသောနည်းဖြင့် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း သို့မဟုတ် အတုအပ ပြုလုပ်ခြင်း၊
(ဇ) နိုင်ငံတကာကုန်သွယ်မှုတွင် ကာကွယ်ထိန်းချုပ်သည့် တိရစ္ဆာန်နှင့်အပင်များ၊ ယင်းတို့၏ မျိုးစိတ်နမူနာများ၌ ပြုလုပ်ထားသော အမှတ်အသားကို ပြောင်းလဲခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ပျက်စီးစေခြင်း၊
(ဈ) ပြည်ပမျိုးတောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကိုဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းကို ဖြစ်စေ၊ ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ တင်သွင်းခြင်း၊ မွေးမြူခြင်း၊ စိုက်ပျိုးခြင်း သို့မဟုတ် လက်ဝယ်ထားရှိခြင်း။

၄၀။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကို အမဲလိုက်ခြင်း သို့မဟုတ် ရောင်းချခြင်း၊ ယင်းတောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်း၏ အစိတ်အပိုင်းကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း၊
(ခ) ကာကွယ်ထားသည့် သဘာဝအပင်တစ်မျိုးမျိုးကို သတ်မှတ်ထားသည့် နေရာဒေသအတွင်း ခွင့်ပြုချက်မရှိဘဲ ထုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း၊
(ဂ) သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း သို့မဟုတ် ဂေဟစနစ်ကိုဖြစ်စေ၊ သဘာဝအနေအထားတစ်ခုခုကိုဖြစ်စေ ဖျက်ဆီးခြင်း၊
(ဃ) သဘာဝထိန်းသိမ်းရေးနယ်မြေ၏ နယ်နိမိတ်အမှတ်အသားတစ်ခုခုကိုဖြစ်စေ၊ အစိုးရအဖွဲ့က စီမံအုပ်ချုပ်သည့် သို့မဟုတ် အစုရှယ်ယာ မတည်ငွေရင်းပါဝင်သည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်၏ နယ်နိမိတ် အမှတ်အသားတစ်ခုခုကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲပြင်ဆင်ခြင်း၊ ရွှေ့ပြောင်းခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ပုံသဏ္ဌာန်ပျက်စေရန် ပြုလုပ်ခြင်း။

၄၁။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးသုံးနှစ်မှ အများဆုံး တစ်ဆယ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်-

(က) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန် သို့မဟုတ် နိုင်ငံတကာကုန်သွယ်မှုတွင် ကာကွယ်ထိန်းချုပ်သည့် တိရစ္ဆာန်ကို သတ်ဖြတ်ခြင်း၊ အမဲလိုက်ခြင်း သို့မဟုတ် အနာတရ ဖြစ်စေခြင်း၊ စုဆောင်းခြင်း၊ ရောင်းချခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ယင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းကိုဖြစ်စေ၊ သွေးရည်ကိုဖြစ်စေ၊ ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားခြင်း သို့မဟုတ် သယ်ဆောင်ခြင်း၊
(ခ) လုံးဝကာကွယ်ထားသည့် သဘာဝအပင် သို့မဟုတ် နိုင်ငံတကာကုန်သွယ်မှုတွင် ကာကွယ်ထိန်းချုပ်သည့် အပင်ကို ခွင့်ပြုချက်မရှိဘဲ ထုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း၊ ယင်းအပင်ကိုဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းကိုဖြစ်စေ၊ ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ စုဆောင်းခြင်း၊ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊
(ဂ) နိုင်ငံတကာကုန်သွယ်မှုတွင် ကာကွယ်ထိန်းချုပ်သည့် တိရစ္ဆာန်နှင့်အပင်များကို ပုဒ်မ ၂၃၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရထုတ်ပေးထားသော ထောက်ခံချက်မရရှိဘဲ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ ပြည်ပသို့ တစ်ဆင့်ခံတင်ပို့ခြင်း။

၄၂။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်-

(က) ထောက်ခံချက်၊ ခွင့်ပြုချက်၊ မှတ်ပုံတင်၊ ပါမစ် သို့မဟုတ် လိုင်စင် တစ်ခုခုရရှိရန် ဤဥပဒေအရ လျှောက်ထားရာတွင် မမှန်မကန် ဖော်ပြခြင်း၊
(ခ) ဤဥပဒေအရ ထုတ်ပေးသော ထောက်ခံချက်၊ ခွင့်ပြုချက်၊ မှတ်ပုံတင်၊ ပါမစ် သို့မဟုတ် လိုင်စင်ကို မရိုးမဖြောင့်သော သဘောဖြင့် ပြင်ဆင်ခြင်း သို့မဟုတ် ဖြည့်စွက်ခြင်း။

၄၃။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် ခုနစ်သောင်းမှ အများဆုံး ကျပ်နှစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

၄၄။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် အားထုတ်လျှင်ဖြစ်စေ၊ ပူးပေါင်းကြံစည်လျှင်ဖြစ်စေ၊ အားပေးကူညီလျှင်ဖြစ်စေ ယင်းပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်အတိုင်း ချမှတ်ခြင်းခံရမည်။

၄၅။ တရားရုံးသည် ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပြစ်မှုထင်ရှား တွေ့ရှိလျှင် သက်ဆိုင်ရာ ပြစ်မှုအတွက် ချမှတ်ရမည့် ပြစ်ဒဏ်အပြင် -

(က) ပြစ်မှုကျူးလွန်သူကြောင့် သစ်တောဦးစီးဌာန၏ ပစ္စည်းဆုံးရှုံးမှုတန်ဖိုးကို သစ်တောဦးစီးဌာနသို့ လျော်ကြေးပေးဆောင်စေရန် အမိန့်ချမှတ်ရမည်။
(ခ) ပြစ်မှုနှင့်သက်ဆိုင်သော တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် ယင်းတို့၏ အစိတ်အပိုင်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီး သစ်တောဦးစီးဌာနသို့ လွှဲပြောင်းပေးရမည်။
(ဂ) ပြစ်မှုနှင့် သက်ဆိုင်သည့် ယာဉ်၊ တိရစ္ဆာန်နှင့် အခြားပစ္စည်း၊ ကိရိယာများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်နိုင်သည်။
(ဃ) သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ လုပ်ကိုင်ခြင်းများနှင့် ပတ်သက်၍ လူ၊ စိုက်ပျိုးပင်၊ သီးနှံပင်၊ တိရစ္ဆာန်၊ အဆောက်အဦး၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို သဘာဝထိန်းသိမ်းရေး နယ်မြေအတွင်းမှ ရက်ပေါင်း ၃၀ အတွင်း ဖယ်ရှားရန် အမိန့်ချမှတ်ရမည်။

### အခန်း (၁၂)
### ကင်းလွတ်ခွင့်များ

၄၆။ ပုဒ်မ ၄၀၊ ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မ ၄၁၊ ပုဒ်မခွဲ (က) ပါပြဋ္ဌာန်းချက်သည်-

(က) သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန် သို့မဟုတ် ရာသီအလိုက် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်၏ အစိတ်အပိုင်းကို အမှတ်တရပစ္စည်းအဖြစ်လည်းကောင်း၊ ရိုးရာဓလေ့ထုံးစံအရလည်းကောင်း လက်ဝယ်ထားခြင်း သို့မဟုတ် ဝတ်စားဆင်ယင်ခြင်းနှင့် မသက်ဆိုင်စေရ။
(ခ) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်၏ အစိတ်အပိုင်းကို ပုဒ်မ ၃၂၊ ပုဒ်မခွဲ (က) အရ ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်ဖြင့် လက်ဝယ်ထားရှိခြင်း သို့မဟုတ် ဝတ်စားဆင်ယင်ခြင်းနှင့် မသက်ဆိုင်စေရ။
(ဂ) မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ၏ အစိတ်အပိုင်းတို့ကို တရားဝင်ခွင့်ပြုချက်ရယူပြီး ဖော်စပ်ထားသော ဆေးဝါးနှင့် လူသုံးပစ္စည်းများကို လက်ဝယ်ထားခြင်း၊ အသုံးပြုခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းနှင့် မသက်ဆိုင်စေရ။

### အခန်း (၁၃)
### အထွေထွေ

၄၇။ The Wild Life Protection Act, 1936 အရ ကြေညာထားသည့် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောနှင့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့်သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ (၁၉၉၄ ခုနှစ်) အရ ကြေညာထားသည့် သဘာဝနယ်မြေများကို ဤဥပဒေအရ သတ်မှတ်ထားသည့် သဘာဝထိန်းသိမ်းရေးနယ်မြေများဖြစ်သည်ဟု မှတ်ယူရမည်။

၄၈။ ဤဥပဒေအရ စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူသည့်အမှုတွင်ဖြစ်စေ၊ တရားစွဲဆိုသည့် အမှုတွင်ဖြစ်စေ အရေးယူခြင်းခံရသူသည် ဖမ်းဆီးရမိသော သက်သေခံပစ္စည်းနှင့်စပ်လျဉ်း၍ တရားဝင်ပိုင်ဆိုင်ကြောင်း သို့မဟုတ် တရားဝင် လက်ဝယ်ထားခွင့်ရှိကြောင်း သက်သေပြရန် တာဝန်ရှိသည်။

၄၉။ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် သစ်တောဝန်ထမ်းက ယင်းတို့၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာ၌ အကူအညီတောင်းခံလာလျှင် လိုအပ်သော အကူအညီများကို ပေးရမည်။

၅၀။ ဤဥပဒေအရ သစ်တောဦးစီးဌာနက ရရန်ရှိသောငွေများကို မြေခွန်မပြေကျန်ငွေ ဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။ ဤကိစ္စအလို့ငှာ ဝန်ကြီးဌာနက တာဝန်ပေးအပ်သော သစ်တောအရာရှိသည် တည်ဆဲဥပဒေများအရ ကော်လိပ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့် ရှိစေရမည်။

၅၁။ ဤဥပဒေအရ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများ မထုတ်ပြန်မီ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ (၁၉၉၄ ခုနှစ်) အရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် ဆာကျူလာများကို ဤဥပဒေနှင့် မဆန့်ကျင်သမျှ ဆက်လက်ကျင့်သုံးနိုင်သည်။

၅၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။
(ခ) သစ်တောဦးစီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၅၃။ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၆/၉၄) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ)ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

**ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကိုပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**
**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**
**၁၃၈၀ ပြည့်နှစ်၊ လ ရက်**
**(၂၀၁၈ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေတွင်ပါရှိသော "ဘဏ္ဍာရေးဝန်ကြီးဌာန" ဆိုသည့်စကားရပ်ကို "စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန" ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ "ဘဏ္ဍာရေးဝန်ကြီး" ဆိုသည့် စကားရပ်ကို "စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးရမည်။

၃။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၂ တွင်ပါရှိသော "ဇန်နဝါရီလ ၁၅ ရက်နေ့မတိုင်မီ" ဆိုသည့်စကားရပ်ကို "ဇူလိုင်လ ၁၅ ရက်နေ့မတိုင်မီ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၃ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၃။ ပြည်ထောင်စုလွှတ်တော် နာယကက နှစ်စဉ်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ကိစ္စရပ်များကို စိစစ်ရန် တာဝန်ပေးအပ်ထားသော ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် စိစစ်ရေးပူးပေါင်းအဖွဲ့များသည် မိမိတို့၏စိစစ်တွေ့ရှိချက်များကို ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်း ကော်မတီသို့ နှစ်စဉ် ဇူလိုင်လ ၃၁ ရက်နေ့မတိုင်မီ တင်ပြရမည်။"

၅။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ(က) နှင့် (ခ) တို့တွင်ပါရှိသော "ဖေဖော်ဝါရီလ ၁၅ ရက်နေ့ မတိုင်မီ" ဆိုသည့်စကားရပ်ကို "ဩဂုတ်လ ၂၀ ရက်နေ့မတိုင်မီ" ဆိုသည့် စကားရပ်ဖြင့်အသီးသီးအစားထိုးရမည်။

၆။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၅ တွင်ပါရှိသော "အောက်တိုဘာလ ၃၁ ရက်နေ့မတိုင်မီ"ဆိုသည့် စကားရပ်ကို "ဧပြီလ ၃၀ ရက်နေ့မတိုင်မီ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၆ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၆။ ပြည်ထောင်စုလွှတ်တော် နာယကက နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးကိစ္စရပ်များကို စိစစ်ရန် တာဝန်ပေးအပ်ထားသော ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် စိစစ်ရေးပူးပေါင်းအဖွဲ့များသည် မိမိတို့၏ စိစစ်တွေ့ရှိချက်များကို ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီသို့ နှစ်စဉ် မေလ ၁၀ ရက်နေ့ မတိုင်မီ တင်ပြရမည်။"

၈။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ (က) နှင့်(ခ) တို့တွင်ပါရှိသော "နိုဝင်ဘာလ ၁၅ ရက်နေ့ မတိုင်မီ" ဆိုသည့်စကားရပ်ကို "မေလ ၂၄ ရက်နေ့ မတိုင်မီ" ဆိုသည့်စကားရပ် ဖြင့် အသီးသီးအစားထိုးရမည်။

၉။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၁၈ တွင်ပါရှိသော "အောက်တိုဘာလအတွင်းတွင်" ဆိုသည့်စကားရပ်ကို "မေလနောက်ဆုံးပတ်ထက်နောက်မကျစေဘဲ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

## ဟန်မြင့်မိုရ်-မြို့ကြီး-ရှာငံ လမ်းပိုင်းတိုးချဲ့ပြုပြင်နေမှု ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှု

**တောင်ကြီး မေ ၂၄**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့သည် မေ ၂၃ ရက်က ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟန်မြင့်မိုရ်-မြို့ကြီး-ရှာငံ လမ်းပိုင်းတိုးချဲ့ပြုပြင်နေမှုကို သွားရောက်ကြည့်ရှုသည်။

အဆိုပါလမ်းပိုင်းရှင်းလင်းဆောင်ခန်းမ၌ Future Creator Group of Construction Company DE ဦးထွန်းကျော်အောင်က ဟန်မြင့်မိုရ်-မြို့ကြီး-ရှာငံလမ်းပိုင်းတိုးချဲ့ပြုပြင်နေမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ပြည်နယ် လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်သီဟက JICA နှင့်ပူးပေါင်းဆောင်ရွက်မည့် လမ်းပိုင်းကိစ္စရပ်များကို ရှင်းလင်းကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့သည် လမ်းတိုးချဲ့ပြုပြင်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူတို့သည် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာငံမြို့နယ်အတွင်းရှိ အများပြည်သူသုံး မြန္မာရေကန် ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဇော်နိုင်ထူးကုမ္ပဏီက ဆောင်ရွက်သော ရှာငံမြို့နယ်အတွင်းရှိ ဘုရားကြီးကန်အဝင်လမ်း ၂/၀၂မိုင် ကတ္တရာလမ်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကာ မိတ္ထီလာ-တောင်ကြီးလမ်းပိုင်းအား တောင်ပေါ်ဒေသဆောက်လုပ်ရေးမှ တာဝန်ယူဆောင်ရွက်နေသော နိုင်လွန်ကတ္တရာကျိုစက်ရုံနှင့် နိုင်လွန်ကတ္တရာလမ်းတိုးချဲ့နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

---



## မြစ်သားမြို့၌ လျှပ်စစ်ဓာတ်အားပိုမိုသုံးစွဲနိုင်ရန် ၁၀ အမ်ဗွီအေ ထရန်စဖော်မာ တိုးချဲ့တပ်ဆင်

**မြစ်သား မေ ၂၄**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၌ ယခင်အသုံးပြုခဲ့သည့် ၅ အမ်ဗွီအေ ထရန်စဖော်မာအစား ၁၀ အမ်ဗွီအေ ထရန်စဖော်မာကို မေ ၂၃ရက်က မြို့နယ်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းရုံးတွင် တိုးချဲ့တပ်ဆင်ခဲ့ကြောင်း သိရသည်။

မြစ်သားမြို့နယ်သည် ယခင်က စိုက်ပျိုးရေးကို အဓိကအားထားသည့် မြို့ဖြစ်ရာ ၃၃/၁၁ကေဗွီ၊ ၂ ဒသမ ၅ အမ်ဗွီအေ ထရန်စဖော်မာဖြင့်သာ အသုံးပြုခဲ့ရသည်။ ၂၀၁၇ ခုနှစ်တွင် အသေးစားနှင့် အလတ်စား စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာခြင်းကြောင့် ၅ အမ်ဗွီအေ ထရန်စဖော်မာကို တပ်ဆင် အသုံးပြုခဲ့ရာမှ ယခုအခါ လျှပ်စစ်မီးမရရှိသေးသော ကျေးရွာများမှ ထရန်စဖော်မာများ တိုးတက်လာခြင်းတို့ကြောင့် ၁၀ အမ်ဗွီအေ ထရန်စဖော်မာသို့ တိုးချဲ့တပ်ဆင်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ အခုလဲလိုက်တဲ့ ၅အမ်ဗွီအေ ထရန်စဖော်မာက ဝန်အား ၇၅ ရာခိုင်နှုန်းထိရှိလာလို့ ၂၀၁၈-၂၀၁၉ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ရန်ပုံငွေနဲ့ ၁၀ အမ်ဗွီအေ ထရန်စဖော်မာကို တိုးချဲ့တပ်ဆင်ခဲ့တာပါ၊ ဒီလိုတပ်ဆင်ပြီးသွားရင် မြစ်သားမြို့မှာ လျှပ်စစ်ဓာတ်အားကို လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်တော့မှာပါ"ဟု ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်ကျော်လင်းက ပြောသည်။

မြစ်သားမြို့နယ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ထရန်စဖော်မာ ၁၂ လုံး၊ ၂၀၁၇- ၂၀၁၈ ခုနှစ်တွင် ထရန်စဖော်မာ ရှစ်လုံး၊ ပုဂ္ဂလိက ထရန်စဖော်မာများ၊ ကိုယ့်အားကိုယ်ကိုး ကျေးရွာမီးလင်းရေးနှင့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ရန်ပုံငွေဖြင့် ဆောင်ရွက်သော ထရန်စဖော်မာများ စုစုပေါင်းထရန်စဖော်မာ ၇၇ လုံးရှိပြီး လျှပ်စစ်မီးသုံးစွဲသူ ၇၄၀၀ အထိ ရှိလာကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

---

## အိန္ဒိယမှ ဝယ်ယူရန်ပြင်ဆင်နေသည့် ပဲတီစိမ်းများ တရုတ်ဝယ်လိုအားကြောင့် ဈေးနှုန်းဆက်တိုက်မြင့်တက်

**မန္တလေး မေ ၂၄**

မန္တလေးဈေးကွက်တွင် အိန္ဒိယနိုင်ငံမှ ပြန်လည်ဝယ်ယူရန် ပြင်ဆင်နေသည့် ပဲတီစိမ်းများ တရုတ်နိုင်ငံမှ ဝယ်လိုအားကြောင့် ဈေးနှုန်းများ ဆက်တိုက်မြင့်တက်လျက်ရှိကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

"ဒီအချိန်မှာ ပဲတီစိမ်းကလည်း လှိုင်လှိုင်ထွက်နေတယ်ဆိုပေမယ့် နယ်စုံတော့ မဟုတ်သေးဘူး၊ အခုအချိန်မှာ အိန္ဒိယကဝယ်ဖို့ သတင်းပေးပြီး ပြင်ဆင်နေဆဲကာလမှာပဲ တရုတ်က အင်နဲ့အားနဲ့ ဝယ်နေတော့ ဈေးကဆက်တိုက် တက်နေတယ်၊ ဒီအတိုင်းဝယ်လက်စုံသွားမယ်ဆိုရင် လက်ရှိဈေးထက်ကျစရာအကြောင်း မရှိဘူး" ဟု ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ) က ပြောသည်။

အဆိုပါ ပဲတီစိမ်းများမှာ အိန္ဒိယမှ အဝယ်ရပ်ဆိုင်းထားသည့် တစ်နှစ်ကျော်ကာလအတွင်း သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၁၀၈၀၀၀ နှုန်းသာရှိခဲ့ရာမှ မေ ၅ ရက်တွင် အိန္ဒိယမှ ပြန်လည်ဝယ်ယူမည့် သတင်းကြောင့် ကျပ် ၁၁၁၀၀၀ နှုန်းအထိမြင့်တက်ခဲ့ပြီး ယခုဝယ်ယူရန် ပြင်ဆင်နေဆဲကာလမှာပင် တရုတ်နိုင်ငံ ဝယ်လိုအားကြောင့် မေ ၂၃ ရက် ပေါက်ဈေးအရ ကျပ် ၁၂၅၀၀၀ အထိ မြင့်တက်လာကြောင်း သိရသည်။

"ယခုနှစ်မှာ ပဲတီစိမ်းအထွက်နှုန်းက ၃၀ ရာခိုင်နှုန်းလောက် ကျဆင်းနေတယ်၊ ပြီးခဲ့တဲ့နှစ်က ဈေးကသိပ်မကောင်းခဲ့တဲ့အတွက် တောင်သူတွေ စိုက်ဧက နည်းခဲ့တယ်၊ ဒါ့အပြင် ၂၀၁၈ ခုနှစ် အတွင်း တရုတ်မှာ ပဲတီစိမ်းအထွက်နှုန်း ကောင်းမယ်လို့ ခန့်မှန်းချက်ထွက်ပေါ်လာတဲ့အတွက် တောင်သူတွေနားယောင်ပြီး စိုက်ပျိုးမှုနှုန်းလျော့ကျသွားတာလည်း အချက် တစ်ချက်ပါတယ်၊ ဒါကြောင့် သီးနှံအထွက်နှုန်းကို ကြိုတင်တွက်ဆခန့်မှန်းပြောဆိုလို့ မရနိုင်ဘူး"ဟု ၎င်းက ဆက်လက်ပြောသည်။

ပဲတီစိမ်းသီးနှံသည် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ အများဆုံး ထွက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီးမှ ထွက်ရှိသည့် ခရမ်းရွှေဝါအမျိုးအစားမှာ လူကြိုက်အများဆုံးနှင့် ဈေးအကောင်းဆုံးရရှိကြောင်းနှင့် အဆိုပါသီးနှံမှာ သီးထပ်စိုက်ပျိုးနိုင်သော ပဲအမျိုးအစားဖြစ်ကြောင်း သိရသည်။

"မနှစ်က ပဲတီစိမ်း တစ်တင်းကို နှစ်သောင်းလောက်ပဲရတဲ့အတွက် စိုက်ပျိုးစရိတ်တောင်မရခဲ့ဘူး၊ ဒီနှစ်မှာတော့ ကျပ် လေးသောင်းပေးပြီး ရွာအထိလာဝယ်နေကြတဲ့အတွက် ဈေးကောင်းရလို့ တစ်ရွာလုံးဝမ်းသာနေကြတယ်၊ အတက်ဈေးနဲ့ထွက်တဲ့ချိန် ကြုံကြိုက်သွားတဲ့အတွက် ဒီနှစ်တော့ တောင်သူတွေ ကံကောင်းပါတယ်" ဟု မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်မှ တောင်သူ ဦးဝင်းခိုင်က ပြောသည်။

မန္တလေးပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်းတွင် မေ ၂၆ ရက် ပေါက်ဈေးအရ သုံးတင်းဝင် တစ်အိတ်လျှင် ပဲတီစိမ်း(ခရမ်း) ကျပ် ၁၂၅၀၀၀ - ၁၂၉၀၀၀၊ မတ်ပဲ ကျပ် ၄၀၀၀၀-၄၇၀၀၀ နှင့် ပဲစင်းငုံ(အဟောင်း) ဈေးနှုန်းမှာ ကျပ် ၄၁၀၀၀ မှ ၄၃၅၀၀ ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*

# အမှန်တရားကိုစီရင်ကြောင်း အများမြင်စေရာသည်



မောင်စာဂ

**“တရားစီရင်ရာတွင် အမှန်ကို ဆုံးဖြတ်ရုံမျှသာမကဘဲ ထိုသို့အမှန်တရားကို စီရင်ကြောင်း အများမြင်စေရာသည်”
( ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် မောင်ရွှေ (ခ) မောင်ရှေပါ ၂ )
[၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (တရားရုံးချုပ်) စာ- ၆၁၆]**

ဤဆောင်ပုဒ်ကို ပြည်ထောင်စု မြန်မာနိုင်ငံတော် တရားရုံးချုပ် (ယခုအခါ ပြည်ထောင်စု တရားလွှတ်တော်ချုပ်)က နှစ်စဉ် ခုနှစ်အလိုက် ပုံနှိပ်ထုတ်ဝေလျက်ရှိသော တရားစီရင်ထုံးများစာအုပ်တွင် စာအုပ်၏ရှေ့ပိုင်း စာမျက်နှာ၌ အထက်ပါကဲ့သို့ အမြဲဖော်ပြလေ့ရှိသည်။ ဖတ်ရှုရသည်မှာ ရင်ထဲတွင် အေးမြသွားစေသည်။ ၁၉၆၆ ခုနှစ်က ဆုံးဖြတ်ခဲ့သော မောင်ရွှေ (ခ) မောင်ရှေပါ - ၂ စီရင်ထုံး၏ လမ်းညွှန်ဆုံးဖြတ်ချက်ဖြစ်သည်။ ယင်းစီရင်ထုံးကိုရှာ၍ ဖတ်ကြည့်မိသည်။ တရားသူကြီးချုပ် ဒေါက်တာမောင်မောင် ဆုံးဖြတ်ခဲ့သည့်စီရင်ထုံး ဖြစ်သည်။

## စီရင်ထုံးပါလမ်းညွှန်ဆုံးဖြတ်ချက်အကျဉ်း

ရှေးဦးပထမ၊ စီရင်ထုံးပါ လမ်းညွှန်ဆုံးဖြတ်ချက် အနှစ်သဘောဖော်ပြပါရစေ -

“ပညာရှိအထူးတရားသူကြီး ဆုံးဖြတ်ထားသည်မှာ ချွတ်ချော်မှားယွင်းသည်ဟု မဆိုသာချေ။ သို့ရာတွင် တရားခံများကို တရားရှင်လွှတ်မည့်အစား ၎င်းတို့အား ဖြေရှင်းထုချေစေလျှင် ဖြစ်ပျက်ခဲ့သမျှ အလုံးစုံ ပိုမိုထင်ရှားစေမည်ဟု ယူဆသည်။ ၎င်းတို့အား အပြစ်ပေးလောက်အောင် အခိုင်အလုံ အထောက်အထားများမရှိဟု ပညာရှိအထူးတရားသူကြီးက ယူဆသော်လည်း ၎င်းတို့အား ညွှန်ပြသည့် သက်သေခံအထောက်အထားများကား ရှိနေပေသည်။ ထို့ကြောင့် ၎င်းတို့အား ထုချေဖြေရှင်းစေခြင်း မပြုဘဲ တရားရှင်လွှတ်လျှင် တစ်ဖက်က နစ်နာနေသူများအဖို့ ရုံး၏စီရင်ချက်သည် တရားမျှတခြင်း ကင်းမဲ့ခဲ့သည်ဟု ထင်မြင်ယူဆဖွယ်ရာဖြစ်သည်။ တရားစီရင်ရာတွင် အမှန်ကို ဆုံးဖြတ်ရုံသာမကဘဲ ထိုသို့အမှန်တရားကို စီရင်ကြောင်း အများမြင်စေရာသည်။ တရားရုံးအနေဖြင့်လည်း ဆီလျော်ဆက်စပ်သော အချက်အလက်ဟူသမျှကို ဖော်ထုတ်ပြီးမှဆုံးဖြတ်လျှင် ပို၍လည်းမှန်ကန်နိုင်သည်။ အမှန်တရားကို စီရင်ကြောင်း ပိုမိုထင်ရှားစွာ အများကမြင်နိုင်သည်။”

စီရင်ထုံးပါ လမ်းညွှန်ဆုံးဖြတ်ချက်အတိုင်း ဖြစ်မြောက်စေရန် မည်သို့ဆောင်ရွက်ကြပါမည်နည်း။ စောကြောကြည့်မိပြန်သည်။ စောကြောတွေးခေါ်မိသမျှ အနှစ်ချုပ်သဘော မျှဝေပါရစေ။

## တရားစီရင်ရေးမူ

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၉တွင် အောက်ပါတို့ကို တရားစီရင်ရေးမူများအဖြစ် သတ်မှတ်သည်ဟူ၍ ပြဋ္ဌာန်းထားသည်-

(က) ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ရေး၊

( ခ) ဥပဒေအရ ကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင်တရားစီရင်ရေး၊

(ဂ) အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့်အယူခံပိုင်ခွင့်ရရှိရေး။

အမှန်တရားကိုစီရင်ကြောင်း အများမြင်စေဖို့ဆိုလျှင် ဤတရားစီရင်ရေးမူ သုံးချက်သည် အဓိကဖြစ်ပေမည်။ ဤမူသုံးချက်နှင့်လွတ်ကင်း၍မရ။ ညီညွတ်နေရမည်။ ရှင်းပါဦးမည်။

## ပထမမူ

ပထမမူသည် ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ရေးဖြစ်သည်ဟုဆိုထားရာ တရားစီရင်ရေးသည် အချုပ်အချယ်၊ အကန့်အသတ်၊ ဖိအားပေးမှုစသည်တို့ လုံးဝမရှိဘဲ လွတ်လွတ်လပ်လပ် ရှိနေရမည်။ လွတ်လပ်သည်ဟုဆိုရာတွင် ဥပဒေနှင့်အညီဖြစ်ရမည်။ ဥပဒေဘောင်အတွင်းကဖြစ်ရမည်။ ဥပဒေနှင့်အညီမဟုတ်ဘဲ ဥပဒေဘောင်အပြင်ဘက်ကနေ တရားစီရင်နေလျှင် ဤမူကို ထိခိုက်သည်။

တစ်နည်းဆိုရလျှင် တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့တစ်စုတို့၏ ဝင်ရောက်စွက်ဖက်မှုကင်းရမည်။ အနှောင်အဖွဲ့ ပယောဂရှင်းရမည်။ ပွင့်လင်းရမည်။ မြင်သာရမည်။ လွတ်လပ်စွာ တရားစီရင်ခွင့်သည် ထင်ရာမြင်ရာ လုပ်ပိုင်ခွင့်မဟုတ်။ စည်းကမ်းနှင့်အညီ၊ ဥပဒေနှင့်အညီ လုပ်ပိုင်ခွင့်ဖြစ်သည်။

## ဒုတိယမူ

ဒုတိယမူသည် ဥပဒေအရ ကန့်သတ်ထားချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေးဖြစ်သည်ဟုဆိုထားရာ တရားစီရင်ရာတွင် ပြည်သူတို့၏ ရှေ့မှောက်၌စစ်ဆေးခြင်း၊ ကြားနာခြင်း၊ စီရင်ဆုံးဖြတ်ခြင်းတို့သည် အခြေခံဖြစ်သည်။ မည်သို့မည်ပုံစစ်ဆေးသည်ကို ပြည်သူတွေ တွေ့ရမည်၊ မြင်ရမည်။ မည်သို့ကြားနာသည်ကို ပြည်သူတွေ နားထောင်ခွင့်ရှိရမည်။ မည်သို့စီရင်ဆုံးဖြတ်သည်ကို ပြည်သူတွေသိရှိရမည်။ တရားစီရင်မှု အဆင့်ဆင့်တိုင်းသည် ပြည်သူတို့၏ ရှေ့မှောက်တွင် ဖြစ်နေရမည်။

သို့ရာတွင် ဥပဒေအရ ကန့်သတ်ထားချက်ရှိလျှင် ယင်းသို့ကန့်သတ်ထားချက်အတိုင်းသာ လိုက်နာဆောင်ရွက်ရမည်။ ဤသည်မှာ ခြွင်းချက်သက်သက်မျှသာဖြစ်သည်။ ပမာပြဆိုရသော် တရားရုံးများညွှန်ကြားလွှာအမှတ် ၂၀/၅၇ ( ၂-၁၂-၁၉၅၇) တွင် ဤသို့ ဖော်ပြ၍ ညွှန်ကြားခဲ့သည်-

“ယခုအခါ ပြည်ထောင်စု မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် တစ်နေ့တခြားများပြားလာသော မုဒိမ်းမှုများနှင့် သဘာဝမကျသည့် ကာမသောင်းကျန်းမှုများကို ခါတိုင်းကဲ့သို့ ရုံးခန်းများတွင် စစ်ဆေးကြရာ ကျူးလွန်ခြင်းခံရသူများမှာ ရုံးတော်သို့အစစ်ခံရာတွင် မောင်နှင့်နှမ၊ သားနှင့်အမိ မကြားဝံ့မနာသာ မဖြစ်စေရန် စောင့်စည်းထိန်းသိမ်းရသော ဟီရိသြတ္တပ္ပကြောင့် ဖြစ်သမျှကို ဟုတ်တိုင်းမှန်ရာအကြောင်းကုန်စင် ဖွင့်လှစ်ကာပြောဆိုရန် ခဲယဉ်းခြင်းရှိသည်ကို သိရှိရပါသဖြင့် တရားဖြောင့်မှန်ရေးကို ရှေးရှု၍ စက်ရှင်တရားသူကြီးများနှင့် ရာဇဝတ်တရားသူကြီးများသည် ထိုသို့သောအမှုများကို လက်ခံစစ်ဆေး စီရင်ရာတွင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၅၂ (Proviso) ခြွင်းချက်အရ ရုံးခန်းများတွင် ကျူးလွန်ခြင်းခံရသူများ၊ တရားခံများ၊ နှစ်ဦးနှစ်ဖက် ရှေ့နေများနှင့် သက်ဆိုင်ရာ အမှုထမ်း၊ အရာထမ်းများမှတစ်ပါး အခြားပြင်ပလူများ ဝင်ရောက်ခွင့်မပြုသင့်ဟု ယူဆပါလျှင် ဝင်ရောက်ခွင့်မပြုဘဲ အဆိုပါအမှုများကို (in camera) စစ်ဆေးကြရန် ရည်ညွှန်းအပ်ပါသည်။”

## တတိယမူ

တတိယမူသည် အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရရှိရေးဖြစ်သည်ဟု ဆိုထားရာ ဤတွင် အပိုင်း နှစ်ပိုင်းတွေ့ရသည်။ ခုခံချေပခွင့်ရရှိမည်။ အယူခံပိုင်ခွင့်ရှိရမည်။ အပိုင်းနှစ်ပိုင်းစလုံးသည် ဥပဒေနှင့် အညီသာဖြစ်စေရမည်။



ခုခံချေပပိုင်ခွင့်သည် ကျယ်ဝန်းသည်။ ကိုယ်တိုင်သို့မဟုတ် ရှေ့နေဖြင့် ခုခံချေပခွင့်ရှိရမည်။ သေဒဏ်ထိုက်သည့် ပြစ်မှုဖြင့် စွပ်စွဲခံရသူအတွက် ရှေ့နေမပါလျှင် မဖြစ်။ ရှေ့နေဖြင့် ခုခံချေပစေရမည်။ ဥပဒေနှင့်အညီ စစ်မေးခွင့်၊ စစ်မေးခံပိုင်ခွင့်၊ တရားရုံးသို့ လာရောက်ခြင်းမှ ကင်းလွတ်ခွင့်၊ အချုပ်လွတ် အာမခံဖြင့် ထုချေခွင့်၊ သက်သေပြခွင့်၊ ပြန်ခေါ် သက်သေစစ်မေးခွင့်၊ သက်သေခံအထောက်အထားတင်ပြခွင့်၊ ရုံးပြောင်းလျှောက်ထားပိုင်ခွင့်၊ လျှောက်လဲတင်ပြခွင့်စသည်ဖြင့် တရားစစ်ဆေးစီရင်မှုလုပ်ငန်းစဉ် တစ်လျှောက်လုံးတွင် တွေ့ကြုံရသော ဥပဒေကြောင်းအချက်အလက်၊ အကြောင်းခြင်းရာအချက်အလက်များအပေါ် ခုခံချေပခွင့်များရှိသည်။ အားလုံးသည် ဥပဒေနှင့်အညီ ဖြစ်စေရသည်။

အယူခံပိုင်ခွင့်အပိုင်းတွင် ပြင်ဆင်မှုတင်သွင်းနိုင်ခွင့်လည်း ပါဝင်သည်။ တရားရုံးစစ်ဆေး စီရင်မှုပြုနေစဉ်အတောအတွင်း တရားရုံးကဆုံးဖြတ်သည့် အမိန့်များအပေါ် ပြင်ဆင်မှုတင်သွင်းလိုက ဥပဒေနှင့်အညီ ပြင်ဆင်မှုတင်သွင်းခွင့်ရရှိစေရမည်။ တရားရုံးစီရင်ချက်အမိန့်ချမှတ်ပြီး နောက်ပိုင်းတွင်လည်း တရားရုံး၏ စီရင်ချက်အမိန့်အပေါ် ဥပဒေနှင့်အညီ အယူခံပိုင်ခွင့်၊ ပြင်ဆင်မှု တင်သွင်းပိုင်ခွင့်များ ရရှိစေရမည်ဖြစ်သည်။

## အများမြင်စေရာရောက်ဖို့ဆိုလျှင်

တရားရုံးများသည် ဥပဒေနှင့်အညီ အမှန်ကိုဆုံးဖြတ်ကြရပါလိမ့်မည်။ တစ်ဖန်အမှန်ကိုဆုံးဖြတ်ရုံနှင့်မပြီးသေးပါ။ ထိုသို့အမှန်တရားကိုစီရင်ဆုံးဖြတ်ကြောင်း အများ မြင်စေရာရောက်ဖို့လည်း လိုအပ်ပါမည်။ အများမြင်စေရာရောက်ဖို့ဆိုလျှင် အထက်တွင်ပြဆိုခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉ တွင် ပြဋ္ဌာန်းထားသည့် တရားစီရင်ရေးမူသုံးချက်နှင့်အညီ တရားစီရင်မှု ဆောင်ရွက်ခြင်းဖြင့် လုံလောက် ပြီးပြည့်စုံနိုင်မည်မဟုတ်ပေ။ လက်တွေ့ကြုံခဲ့ရသည့် အခြေအနေအကြောင်းချက်များအပေါ် မူတည်၍ ဤသို့ မှတ်ချက်ပြုဖော်ပြပေးလိုသည်-

တရားရုံးများသည် အမှန်တရားကို စီရင်ကြောင်း အများမြင်စေဖို့ဆိုလျှင် နှစ်ဖက်အမှုသည်များအပေါ် ဆက်ဆံမှု အညီအမျှဖြစ်စေရမည်။ အလေးထားမှု တူညီရမည်။ တာဝန်ထားမှု၊ အခွင့်အရေးပေးမှု တန်းတူညီတူရှိစေရမည်။ တရားစစ်ဆေးစီရင်မှုတစ်လျှောက်လုံး ဥပဒေနှင့်အညီ မှန်မှန်ကန်ကန်ဖြစ်နေစေရမည်။ ဤသည်တို့ကို အများမြင်သာအောင် ရှေးဦးပထမ လုပ်ကိုင်ဆောင်ရွက်ပြသပေးကြဖို့ လိုအပ်ပေလိမ့်မည်။ သို့မှသာ တရားရုံးများက အမှန်တရားကို စီရင်ဆုံးဖြတ်ကြောင်း အများမြင်စေရာ ရောက်ပေတော့မည်။

## အမှန်ကိုဆုံးဖြတ်ဖို့ဆိုလျှင်

တရားသူကြီး အယောက်တစ်ရာတွင် တစ်ရာလုံးသည် အမှန်တရားကို ဆုံးဖြတ်နိုင်စွမ်း ရှိပါသည်။ ဆုံးဖြတ်နိုင်သည့် အရည်အသွေး၊ အရည်အချင်းများနှင့်လည်း ပြည့်စုံပါသည်။ စာရေးသူ ဤသို့မြင်ပါသည်။ သို့ရာတွင် ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟတည်းဟူသော အဂတိတရားများ၏ ပိတ်ပင်မှုကို ခံရတတ်သည်။ မရှောင်နိုင်သောတံစိုးလက်ဆောင်၊ မလွန်ဆန်နိုင်သော ဖိအားပေးမှုများ၏ တားဆီးခြင်းကိုခံရတတ်သည်။ ဤသည်တို့က အမှန်တရားကို ပျက်စီးစေသည်။ အမှန်တရားကို ပျောက်ကွယ်သွားစေသည်။ ဤသည်တို့ကို သတ္တိရှိရှိ ခိုင်မာသောစိတ်ဓာတ်ဖြင့် ဖြတ်သန်းကျော်လွှားနိုင်လျှင် အမှန်တရားကိုဆုံးဖြတ်နိုင်ကြမည်ဖြစ်သည်။

ထို့ပြင် အမှန်ကိုဆုံးဖြတ်ဖို့ဆိုလျှင် မိမိတွေ့ရှိ သိမြင်သမျှကို အဂတိကင်းစွာဖြင့် ဘက်စုံထောင့်စုံမှ လွတ်လပ်စွာ လေ့လာစူးစမ်းဆင်ခြင် သုံးသပ်နိုင်စွမ်း ရှိရပါမည်။ ဤတွင် ဒေါက်တာမောင်မောင် ရေးသားပြုစုသော ဥပဒေအထွေထွေဗဟုသုတ (တတိယအကြိမ်) စာအုပ်၊ စာမျက်နှာ ၆၃ တွင် ရေးသားထားချက်ကို ထပ်ဆင့်ဖော်ပြပေးလိုသည်။ ဤသို့ဖြစ်ပါသည်-

“အမှုနှင့်သက်ဆိုင်သမျှသော အချက်အလက်တို့ကို စစ်ဆေးဖော်ထုတ်ပြီးလျှင် ဆီလျော်သော ဥပဒေ၊ ထုံးတို့ကို ကောင်းစွာလေ့လာပြီးမှ စီရင်ဆုံးဖြတ်လျှင် အမှန်ဖြစ်ဖို့များသည်။ ကောင်းစွာစစ်ဆေး လေ့လာဆင်ခြင်ခြင်းမပြု၊ မသိနားမလည်ဘဲ တွေဝေမိန်းမောကာ ဆုံးဖြတ်လျှင် အမှားဖြစ်တတ်သည်။ မောဟဂတိသို့ လိုက်ပါရာရောက်သည်။”

“မိမိအကုန်သိပြီးဖြစ်သည်။ အကုန်တတ်ကျွမ်းပြီးဖြစ်သည်ဟု မှတ်ယူလျှင် လေ့လာစူးစမ်း၊ မေးမြန်းတော့မည်မဟုတ်။ သိဖို့ကြိုးစားတော့မည်မဟုတ်။ မကြိုးစား၍ မသိ၊ မသိဘဲဆုံးဖြတ်လျှင်မှားမည်။”

## တရားအမှန်ဖြစ်မှ အမှန်တရားဖြစ်ပါမည်

ဥပဒေနှင့်အညီတရားသဖြင့် မှန်မှန်ကန်ကန်စီရင်ဆုံးဖြတ်မှသာ အမှန်တရားဖြစ်ထွန်း ပေါ်ပေါက်ပါမည်။ ယင်းအမှန်တရားကို အများပြည်သူက သံသယရှင်းစွာ သိမြင်ယုံကြည်ဖို့ရန် အရေးကြီးသည်။ အများအမြင်တွင် တရားအမှန်ဖြစ်မှသာလျှင် အမှန်တရားသည် မှတ်ကျောက်တင်ခံနိုင်ပေလိမ့်မည်။

အချုပ်အားဖြင့်ဆိုရလျှင် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် မောင်ရွှေ (ခ) မောင်ရှေပါ ၂ (၁၉၆၆ ခုနှစ် မြန်မာနိုင်ငံတရားစီရင်ထုံး၊ တရားရုံးချုပ်၊ စာ ၆၁၆) စီရင်ထုံးပါ လမ်းညွှန် ဆုံးဖြတ်ချက် မူသဘောသည် နှစ်စဉ်ထုတ် တရားစီရင်ထုံးများ စာအုပ်တွင်ပါနေရုံနှင့်မပြီး၊ လက်တွေ့တရားစီရင်ရေး နယ်ပယ်ကြီးတစ်ခုလုံးကို လွှမ်းခြုံထားနိုင်စေဖို့လိုသည်။ ဤသို့ လွှမ်းခြုံထားနိုင်လျှင် တရားစီရင်ရေးမဏ္ဍိုင်သည်လည်း ထာဝရ တည်တံ့ ကြံ့ခိုင်နေမည်ဟု ယုံကြည်နေမိကြောင်းပါ။

**တရားစီရင်ရာတွင် တရားအမှန်အတိုင်း ဆုံးဖြတ်နိုင်ကြပါစေ၊**

**ထိုသို့အမှန်တရားကိုစီရင်ကြောင်း အများမြင်စေရာ ရောက်နိုင်ကြပါစေ။**

# ဘေဒိုနာနဲ့ စန်ဆပ်ဂူတို့ ချစ်သူတွေမဟုတ်ကြောင်း အေဂျင်စီငြင်းဆို



တောင်ကိုရီးယားရဲ့ နာမည်ကျော် သရုပ်ဆောင်တွေဖြစ်ကြတဲ့ မင်းသမီး ဘေဒိုနာနဲ့ မင်းသား စန်ဆပ်ဂူတို့ ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေ ပေါ်ထွက်လာခဲ့ပြီးနောက်မှာတော့ သူတို့ရဲ့အေဂျင်စီက အဆိုပါသတင်းတွေဟာ မှန်ကန်မှုမရှိကြောင်း၊ ကြယ်ပွင့်နှစ်ဦးရဲ့ ခင်မင်မှုမှာ မိတ်ဆွေတွေအဖြစ်သာ ရှိနေတာဖြစ်ကြောင်း တုံ့ပြန်ပြောကြားခဲ့တယ်လို့ ကိုရီးယားမီဒီယာတွေမှာ ရေးသားဖော်ပြထားကြတာကို တွေ့ရပါတယ်။

ဒေသတွင်း မီဒီယာတစ်ခုက ဘေဒိုနာနဲ့ စန်ဆပ်ဂူတို့ ချစ်သူတွေဖြစ်နေကြကြောင်း၊ သူတို့နှစ်ဦး လက်တွဲလာသည်မှာ တစ်နှစ်ခန့်ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း ရေးသားဖော်ပြခဲ့ရာ ချက်ချင်းဆိုသလိုပင် ကြယ်ပွင့်တွေရဲ့ အေဂျင်စီက တုံ့ပြန်ပြောကြားခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ မေ ၂၃ ရက်မှာတော့ ကြယ်ပွင့်တွေရဲ့ ဖျော်ဖြေရေး အေဂျင်စီဖြစ်တဲ့ စိတ်ပြောဒန်း အန်တာတိန်းမန့်က "ဘေဒိုနာနဲ့ စန်ဆပ်ဂူတို့ရဲ့ သတင်းတွေဟာ မမှန်ပါဘူး၊ သူတို့နှစ်ဦးဟာ အေဂျင်စီတစ်ခုတည်းအောက်မှာ လုပ်ရှားနေတဲ့ ရင်းနှီးတဲ့ လုပ်ဖော်ကိုင်ဖက်တွေသာ ဖြစ်ပါတယ်" လို့ ထွက်ပေါ်လာတဲ့ သတင်းတွေနဲ့ ပတ်သက်ပြီး တုံ့ပြန်ခဲ့ပါတယ်။

ဘေဒိုနာနဲ့ စန်ဆပ်ဂူတို့ဟာ Netflix ရုပ်သံလိုင်းက ရိုက်ကူးထုတ်လွှင့်တဲ့ဇာတ်လမ်းတွဲ"*Sense 8 Season 2*"မှာ စတင်တွေ့ဆုံခဲ့တာဖြစ်ပါတယ်။ ယင်းဇာတ်လမ်းတွဲမှာ ဘေဒိုနာက ပင်တိုင်သရုပ်ဆောင်တစ်ဦးအဖြစ် ပါဝင်ထားပြီး စန်ဆပ်ဂူကတော့ ဆိုးလ်အပိုင်းမှာမှ ပါဝင်ခဲ့တာဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ်အတွင်းက စတင်ပြီး ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေ ပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်။ ဒီလိုချစ်သူတွေ ဖြစ်နေကြောင်း သေချာစေခဲ့တဲ့အချက်တွေထဲက တစ်ချက်အဖြစ် စန်ဆပ်ဂူအနေနဲ့ ဘေဒိုနာရဲ့ အေဂျင်စီနဲ့ ပြောင်းလဲလက်တွဲခဲ့တာဟာလည်း တစ်ချက်အပါအဝင် ဖြစ်တယ်လို့ ရေးသားဖော်ပြထားပါတယ်။

ရင်းနှီးတဲ့ သတင်းရင်းမြစ်တွေရဲ့ ပြောကြားချက်အရ သူတို့နှစ်ဦးဟာ မကြာခဏချိန်းဆိုတွေ့ဆုံကာ အတူလည်ပတ်လေ့ရှိကြပြီး သူတို့နှစ်ဦးတွေ့ဆုံစဉ်မှာလည်း ပတ်ဝန်းကျင်ကို ဂရုမထားမိဘဲ လွတ်လွတ်လပ်လပ်နေထိုင်တတ်ကြပါတယ်။ ဒါ့အပြင် သူတို့နှစ်ဦးရဲ့ ဓာတ်ပုံတွေကိုလည်း လူမှုကွန်ရက် မီဒီယာပေါ်မှာ ထုတ်ဖော်ပြသခဲ့တာတွေလည်း ရှိခဲ့ပါတယ်။ ဘေဒိုနာဟာ စန်ဆပ်ဂူထက် အသက် လေးနှစ်ခန့်ပိုကြီးတာကြောင့် သရုပ်ဆောင်နယ်ပယ်မှာ ပိုမိုစီနီယာကျတဲ့ ဘေဒိုနာက မင်းသားကို အနုပညာနဲ့ ပတ်သက်တဲ့အကြံဉာဏ်တွေ ပေးလေ့ရှိတယ်လို့လည်း သိရပါတယ်။ လတ်တလော ပေါ်ထွက်လာတဲ့ သတင်းတွေကို အေဂျင်စီဘက်က ငြင်းချက်ထုတ်ခဲ့ပေမယ့် ကာယကံရှင်တွေကတော့ တစ်စုံတစ်ရာ ထုတ်ဖော်ပြောကြားခြင်းမရှိပါဘူး။

ဘေဒိုနာဟာ လက်ရှိမှာတော့ သူ့ရဲ့ ရုပ်ရှင်သစ် "Kingdom" အတွက် ပြင်ဆင်မှုတွေပြုလုပ်နေပါတယ်။ ဒီရုပ်ရှင်ကိုတော့ Netflix ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် သူ့ရဲ့ နောက်ထပ် ရုပ်ရှင်သစ်တစ်ကားဖြစ်တဲ့ "Drug King" ကိုလည်း ဒီနှစ်အတွင်း ပြသသွားဖို့ရာ ရည်ရွယ်ထားပါတယ်။ စန်ဆပ်ဂူကတော့ မကြာသေးမီက KBS ရုပ်သံလိုင်းမှ ရိုက်ကူးထုတ်လွှင့်ခဲ့တဲ့ "Suits"မှာ ဒေးဗစ်ကမ်အဖြစ် ပါဝင်ခဲ့ပြီး tvN ရဲ့ ဇာတ်လမ်းတွဲ "Mother" မှာလည်း ပါဝင်ထားတာ တွေ့ရပါတယ်။

အေးပြည့်ရေးသားသည်



ပြီးခဲ့တဲ့ တနင်္လာနေ့က ကျင်းပခဲ့တဲ့ နွေဦးတွေ့ဆုံပွဲကို တက်ရောက်လာကြတဲ့ မင်းသမီး ကေတီဟုမ်းစ်နဲ့ သမီးဖြစ်သူ ဆူဇီခရုးဇ်တို့ နွေဦးအတွက် ရည်ရွယ်ထုတ်လုပ်တဲ့ ပန်းပွင့်ဒီဇိုင်းတွေနဲ့ ဝတ်စုံကို ဝတ်ဆင်တက်ရောက်ခဲ့ကြစဉ်။



# တောင်ကိုရီးယားမှာ လူကြိုက်အများဆုံးသော တေးသီချင်းဖြစ်လာတဲ့ "Spring Day"

ကေပေါ့ပ်ကြယ်ပွင့်တွေရဲ့ တေးသီချင်းတွေအနက် ကမ္ဘာကျော်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BTS"ရဲ့ တေးသီချင်းသစ် "Spring Day"ဟာ တေးဂီတဝက်ဘ်ဆိုက်တစ်ခုဖြစ်တဲ့ မယ်လွန်ပေါ်မှာတော့ လူကြိုက်အများဆုံးသောတေးသီချင်းအဖြစ် ရပ်တည်နေတာတွေ့ရပါတယ်။ ယခင်က အဲဒီနေရာမှာ "Busker Busker"ရဲ့ တေးသီချင်းက ရပ်တည်နေတာဖြစ်ပြီး လတ်တလောမှာတော့ "Cherry Blossom Ending"ထက် "Spring Day"ကို ပရိသတ်တွေက ပိုမိုကြိုက်နှစ်သက်ကြောင်း ဖော်ပြခဲ့ကြတာကို တွေ့ရကြောင်း အောကေပေါ့ပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

"Cherry Blossom Ending"ကို ကြိုက်နှစ်သက်ခဲ့သူအရေအတွက်ဟာ ၃၁၉၄၃၆ ကြိမ်ရှိခဲ့ပြီး ပြီးခဲ့တဲ့ မေ ၂၃ ရက်မှာတော့ "Spring Day"ကို ကြိုက်နှစ်သက်သူအရေအတွက်ဟာ ၃၁၉ ၇၄၂ ဖြစ်လာခဲ့တာပါ။ ဒါကြောင့် လက်ရှိမှာတော့ "Spring Day" ဟာ တောင်ကိုရီးယားမှာ လူကြိုက်အများဆုံးသော တေးသီချင်းအဖြစ် ရပ်တည်နေတာဖြစ်ပါတယ်။

## စွမ်းဆောင်ရည်မြင့်မားပြီး ပါးလွှာသည့်ဘေးပေါင်နှင့် မျက်နှာပြင်ပါဝင်သော Razer Blade 15 Gaming လက်တော့ပ်



Gaming စမတ်ဖုန်းနှင့် လက်တော့ပ်များ ဦးစားပေးထုတ်လုပ်လျက်ရှိသော Razer သည် ၎င်း၏စွမ်းဆောင်ရည်မြင့်မားပြီး မျက်နှာပြင်အရည်အသွေးကောင်းမွန်ကာ သယ်ဆောင်ရပေါ့ပါးသည့် Blade 15 လက်တော့ပ်ကို တရုတ်နိုင်ငံတွင် မိတ်ဆက်ပေးခဲ့ပြီး ဇွန်လအတွင်းစတင်ရောင်းချမည်ဖြစ်ကြောင်းသိရသည်။ ၂၀၁၈ ခုနှစ်ထုတ် Gaming လက်တော့ပ်များထဲတွင် အကောင်းဆုံးဖြစ်လာနိုင်ဖွယ်ရှိသည့် Razer Blade 15 သည် မျက်နှာပြင် ၁၅ ဒသမ ၆ လက်မအကျယ်ရှိသည်ဟု ကြေညာထားသော်လည်း ရုပ်ထွက်အကောင်းဆုံးမျက်နှာပြင်ကိုအသုံးပြုကာ ဘေးပေါင်များပါးလွှာပြီး ပိုမိုသေးငယ်ကျစ်လျစ်အောင်ပြုလုပ်ထားသောကြောင့် ၁၄ လက်မဝန်းကျင်ခန့်သာရှိသည်ဟု ထင်ရကြောင်း သိရသည်။ ဘေးပေါင်များမှာ ၄ ဒသမ ၉ မီလီမီတာသာရှိပြီး လက်တော့ပ်၏အထူမှာ ၁၆ ဒသမ ၈ မီလီမီတာနှင့် အလေးချိန် ၂ ကီလိုဂရမ်သာရှိကာ အလူမီနီယံသတ္တုကိုယ်ထည်ဖြင့် တည်ဆောက်ထားသောကြောင့် ပေါ့ပါးစွာ သယ်ဆောင်သွားနိုင်မည်ဟုသိရသည်။

Six-Core Intel Core i7-8750H ပရိုဆက်ဆာအသုံးပြုတပ်ဆင်ပေးထားကာ RAM 16GB မှ 32GB အထိ တိုးမြှင့်အသုံးပြုနိုင်ပြီး သိုလှောင်သိမ်းဆည်းမှုများအတွက် 128GB SSD သို့မဟုတ် 256GB SSD နှစ်မျိုးရွေးချယ် နိုင်မည်ဖြစ်သည်။ Gaming လက်တော့ပ်များ၏ အဓိကအစိတ်အပိုင်းတစ်ခုဖြစ်သော ဂရပ်ဖစ်ပရိုဆက်ဆာမှာ NVIDIA MaxQ GTX 1060 6GB အမျိုးအစားနှင့် NVIDIA MaxQ GTX 1070 8GB အမျိုးအစားနှစ်မျိုး ရရှိနိုင်သောကြောင့် ရုပ်ထွက်အရည်အသွေးမြင့်မားပြီး နောက်ဆုံးထွက် အဆင့်မြင့်ဂိမ်းအမျိုးအစားများ စိတ်ကြိုက်ဆော့ကစားနိုင်မည်ဖြစ်ရာ ဂိမ်းဝါသနာရှင်များက အထူးစိတ်ဝင်စားလျက်ရှိနေကြသည်။


ဂိမ်းကစားသူများအကြိုက် Backlit ကီးဘုတ်၊ တိကျသည့်ညွှန်ကြားမှုများပြုလုပ်နိုင်သည့် Touchpad အစရှိသည်တို့အပြင် USB-C Thunderbolt သုံးခု၊ MiniDisplay Port ၊ Intel 9260 Wireless Dual-Antenna စသည်တို့လည်းပါဝင်ပြီး အင်တာနက်ချိတ်ဆက်အသုံးပြုလျှင်လည်း ကောင်းမွန်သည့်လိုင်းဆွဲအားရရှိစေနိုင်မည်ဖြစ်ကာ 80 Wh ဘက်ထရီပါဝင်ပြီး ဈေးနှုန်းသတ်မှတ်ချက်အနေဖြင့် အမြင့်ဆုံးအမျိုးအစားကို အမေရိကန်ဒေါ်လာ ၂၈၉၉ ဒေါ်လာဖြစ်သောကြောင့် ဈေးနှုန်းမြင့်မားသည့် Gaming လက်တော့ပ်အမျိုးအစားတစ်ခု ဖြစ်ကြောင်းသိရသည်။

ဇာဏီ

## တန်ဖိုးနည်းစမတ်ဖုန်းများထုတ်လုပ်ရာတွင် တပ်ဆင်နိုင်သော MediaTek Helio P22 SoC

Helio P22 SoC ဆိုသည်မှာ တန်ဖိုးနည်းစမတ်ဖုန်းများထုတ်လုပ်ရာတွင် အထောက်အပံ့ပေးနိုင်သော ပရိုဆက်ဆာအပါအဝင် ကင်မရာနှင့် အခြားလုပ်ဆောင်မှုများအတွက် စမတ်ဖုန်းတစ်လုံး၏ မရှိမဖြစ် System-On-Chip ဖြစ်ပြီး ၎င်းကို လွန်ခဲ့သည့်ရက်ပိုင်းက Media Tek အမှတ်တံဆိပ်မှ မိတ်ဆက်ပေးခဲ့သည်ဟု သိရသည်။ လာမည့်ဇွန်လကုန်မှစတင်ကာ စွမ်းဆောင်ရည်ကောင်းမွန်ပြီး တန်ဖိုးသက်သာသောစမတ်ဖုန်းများကို ဈေးကွက်အတွင်းမြင်တွေ့ရနိုင်ဖွယ်ရှိပြီး ပြီးခဲ့သည့် MWC 2018 ပြပွဲကာလအတွင်း တန်ဖိုးအလယ်အလတ်ရှိသော စမတ်ဖုန်းများအတွက် MediaTek Helio P60 ကို မိတ်ဆက်ပေးခဲ့ကာ ယခုထပ်မံမိတ်ဆက်ပေးလိုက်သော Helio P22 SoC မှာ တန်ဖိုးနည်းစမတ်ဖုန်းများအတွက် ဖြစ်သည်ဟုသိရသည်။

၎င်း Helio P22 SoC မှာ လက်ရှိခေတ်စားနေသော မျက်နှာပြင်ပြည့်စမတ်ဖုန်းများတွင်ပါဝင်သည့် 18:9 Aspect Ratio ရှိသောမျက်နှာပြင်မျိုးကို 20:9 Aspect Ratio အထိ အထောက်အပံ့ပေးနိုင်မည်ဖြစ်ကာ ရုပ်ထွက်အရည်အသွေး ကောင်းမွန်နိုင်မည်ဖြစ်သည်။ AI နည်းပညာများကိုလည်း ထည့်သွင်းနိုင်ပြီး မျက်နှာဖတ်သည့်စနစ် အပါအဝင် ကင်မရာလုပ်ဆောင်မှုဆိုင်ရာများကိုလည်း အထောက်အပံ့ကောင်းများပေးနိုင်မည်ဖြစ်ကြောင်းသိရသည်။ စမတ်ဖုန်းကင်မရာများကို နှစ်လုံးတွဲတပ်ဆင်မည်ဆိုပါက 13MP+8MP ကင်မရာနှစ်လုံးတပ်ဆင်နိုင်ပြီး တစ်လုံးတည်းတပ်ဆင်မည်ဆိုပါက 21 MP ပမာဏအထိ တပ်ဆင်ပေးနိုင်မည်ဟုသိရသည်။




RAM ပါဝင်မှု 6 GB အထိ အမြင့်ဆုံးထည့်သွင်းပေးနိုင်ပြီး ဂရပ်ဖစ်ပရိုဆက်ဆာ 650 MHz ပမာဏအထိ အမြင့်ဆုံးတပ်ဆင်ပေးနိုင်ကာ 4G LTE ကွန်ရက်ချိတ်ဆက်မှုစနစ်ကိုလည်း အထောက်အပံ့ပေးနိုင်မည်ဖြစ်သည်ဟု သိရသည်။ ၎င်း MediaTek Helio P22 SoC ပရိုဆက်ဆာနှင့် တွဲဖက်ကာ မကြာမီကာလများတွင် တန်ဖိုးနည်းစမတ်ဖုန်းများစွာကို မြင်တွေ့လာရဖွယ်ရှိသောကြောင့် လူတန်းစားမရွေး စွမ်းဆောင်ရည်မြင့်မားပြီး တန်ဖိုးသက်သာသော စမတ်ဖုန်းများကို ပိုင်ဆိုင်လာနိုင်တော့မည်ဖြစ်ကြောင်း လူမှုကွန်ရက်စာမျက်နှာများတွင် ရေးသားမှုများကိုတွေ့မြင်ရသည်။

ALEX







DANAYARZAR Co., Ltd

# ဝန်ထမ်းအမြန်အလိုရှိသည်
## (ပြည်တွင်း၌ခန့်ထားရန်)

ခနရာဇာကုမ္ပဏီလီမိတက်သည် ရန်ကုန်တိုင်းဒေသကြီးရှိ လှိုင်မြို့နယ်၊ အင်းစိန်မြို့နယ်နှင့် လှိုင်သာယာမြို့နယ်တို့တွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအား ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းကိုယ်စား လုပ်ကိုင်လျက်ရှိပါသည်။ အဆိုပါမြို့နယ်များတွင် ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုပေးနိုင်ရန် အောက်ပါဝန်ထမ်းများအမြန်အလိုရှိပါသည်။

**၁။ လက်ထောက်အင်ဂျင်နီယာ (AE) ကျား (၈) ဦး**
**၂။ ဒု-လက်ထောက်အင်ဂျင်နီယာ (SAE) ကျား (၈)ဦး**

အမှတ်စဉ် (၁) ရာထူးအတွက် ပညာအရည်အချင်း BE (EP) နှင့် အမှတ်စဉ် (၂)အတွက် B-Tech (EP), A.G.T.I(EP) အောင်မြင်ပြီးသူဖြစ်ရမည်။ အသက် (၂၅)နှစ်မှ (၃၅)နှစ်အတွင်း ရှိရမည်။ လုပ်ငန်းအတွေ့အကြုံအလိုက် အသက်လျှော့ပေါ့စဉ်းစားပေးမည်။

အမှတ်စဉ် (၁) (၂) ရာထူးအတွက် Distribution Line နှင့် Transformer တည်ဆောက်ခြင်း လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၂) နှစ် ရှိရမည်ဖြစ်ပြီး တည်ဆောက်ရေးလုပ်ငန်းများ ကွင်းဆင်းတိုင်းတာခြင်း၊ Estimate တွက်ချက်နိုင်ရပါမည်။

လျှောက်ထားလိုသူများသည် CV Form နှင့်အတူ လိုင်စင်ဓာတ်ပုံ(၂)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်း မိတ္တူ၊ နေထိုင်ရာရပ်ကွက်နှင့် ရဲစခန်း(တစ်ပတ်အတွင်း) ထောက်ခံစာ၊ ပညာအရည်အချင်းထောက်ခံစာမိတ္တူ၊ အလုပ်သမားမှတ်ပုံတင် မိတ္တူ စသည့်လိုအပ်သော စာရွက်စာတမ်းများနှင့်အတူ ရုံးချိန်အတွင်း အမှတ် ၃၃ (စီ)၊ ပြည်လမ်း၊ (၇)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်းနံပါတ်-09 799122611, 09 799122633 သို့ ဆက်သွယ်စုံစမ်း လျှောက်ထားနိုင်ပါသည်။

### ပျောက်ဆုံးကြောင်း
ဦးချစ်ရဲသူ [၇/သနပ(နိုင်)၁၀၂၀၇၂]၏ နိုင်ငံကူးလက်မှတ်၊ CDC-77387၊ COC၊ SID၊ GOC၊ Panama လိုင်စင်တို့မှာ ခရီးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၀၄၇၃၁၇

### TAXI အိမ်ပေးငှားမည်။
AD VAN နွားလေး၊
စပေါ်-၃သိန်း၊
အိုနာကြေး-၁၁၀၀၀
ဖုန်း - ၀၉ ၇၉၉၉၉၁၅၂၀
၀၉ ၄၅၇၇၇၇၁၈၅

### KKL Car Rental
သိုးသွားအားလုံးငှားရမ်းနိုင်သည်
Ph:09-5001347,
09-421070845

### အမည်ပြောင်း
နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အထက၊ ပြည်စံအောင်၊ နဝမတန်း(C)မှ မစိုး(ဘ)ဦးမြင့်တင်အား မသင်းဝေခိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မသင်းဝေခိုင်**

### ကန့်ကွက်နိုင်ပါကြောင်း
[illegible]
ဦးညွန့်ဦး
၀၉-၅၁၂၆၅၀၇၊ ၀၉-၄၄၄၈၂၁၂၀၈

### ဖခင်အမည်မှန်
မင်္ဂလာဒုံမြို့နယ်၊ အလက(၄) သတ္တမတန်းမှ မောင်အောင်ကောင်းမြတ်၏ ဖခင်အမည်မှန်မှာ ဦးနေဝင်းအောင်[၉/ မထလ(နိုင်) ၂၂၁၀၅၁]ဖြစ်ပါကြောင်း။
**ဦးနေဝင်းအောင်**

### ရောင်းမည်
Fielder 2003
Taxi
ကားကောင်း
ကားသန့်
Ph:၀၉-၄၄၉၂၅၄၄၈၇

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် စက်မှုဇုန်-၂၊ မြေကွက်အမှတ်-၂၄၆/D၊ ဧရိယာ(၀. ၄၆၈)ဧက မြေကွက်တည်နေရာ အမှတ်(၂၄၆/D)၊ ကနောင်မင်းသားကြီးလမ်း၊ စက်မှုဇုန်-၂၊ လှိုင်သာယာမြို့နယ်၊ ဦးအီစက် [၁၂/ဒဂန(နိုင်)၀၂၆၂၈၄] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးအီစက်(ခင်ပွန်း)ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ခင်မြင့်အေး[၁၂/ဒဂန(နိုင်) ၀၂၂၄၅၃]မှ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ အမည်ပေါက်၏ သေစာရင်းမိတ္တူနှင့် နှစ်(၆၀)ဂရန်မူရင်းတို့အားတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း
ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိမြိုင်(၂)လမ်း၊ အိမ်အမှတ် (၅၂-အေ)၊ (၄-လွှာ)၊ တတိယထပ်(ဘယ်)၊ အရှေ့မျက်နှာစာ-၁၃ပေ×အနောက်အရှည်-၅၀ပေ ကျယ်ဝန်းသော လူနေတိုက်ခန်း၊ ယင်းတိုက်ခန်းနှင့်ဆက်စပ်လျက်ရှိသော ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူရန်အတွက် တန်ဖိုးငွေတစ်စိတ်တစ်ပိုင်းဖြစ်သော စရန်ငွေကို ရောင်းပိုင်ခွင့်ရှိသူထံသို့ ကျွန်ုပ်မိတ်ဆွေမှ ပေးအပ်ထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းရောင်းချခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့် ကျွန်ုပ်ထံသို့ သတင်းစာတွင်ပါပြီးသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သိမ့်သိမ့်ထွန်း** **ဦးအောင်မိုး(ကော့မှူး)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၇၆)** **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၂၃၇)**
**အမှတ်(၅၀)၊ အခန်း(၁၁/၁၂အေ)၊ ပထမထပ်၊ ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၄၅၅၅၁၆၂၊ ၀၉-၇၇၇၄၁၄၀၁၃**




သစ်ပင်စိုက်မှအရိပ်ရ၏ရိပ်ခိုနားနေအပန်းဖြေ၏

## (၂၀) နှစ်မြောက် မင်္ဂလာဆုတောင်း

ဦးကျော်မိုးဝင်း (MD-Kyaw Moe Win family Co., Ltd. and Kyaw Moe Win Travel & Tours Co., Ltd.) နှင့် ဒေါ်မိုးမိုးအိ (MD-Htun Tauk Media & Advertising and Kyaw Moe Win ပုံနှိပ်တိုက်)တို့၏ ၂၅-၅-၂၀၁၈ ရက်တွင် ကျရောက်သော (၂၀)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်း များစွာတိုင်အောင် ချစ်သား မောင်ဝင်းဖြိုးသန့်၊ ချစ်သမီး မမိုးသက်နွယ်ကျော် တို့နှင့်အတူ ကျန်းမာပျော်ရွှင် ပြည့်စုံစွာဖြင့် အမျိုးဘာသာ၊ သာသနာအကျိုးကို ဆောင်ရွက်ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည် - - -

ချစ်သောမောင် ညီမများ
ကိုကျော်မိုးလှ - မရီစန္ဒာကျော် (Htun Tauk Media & Advertising)
ကိုမျိုးဇော်ထွန်း - မဖြိုးဖြိုးဇင် (Htun Tauk Media & Advertising)
ကိုကျော်ဆန်းဦး - မလင်းလင်းအိ (Htun Tauk Media & Advertising)
ကိုနိုင်မင်းဆွေ - မဝင်းဝင်းအိ (Htun Tauk Media & Advertising)
ကိုထက်အောင်နိုင်စိုး - မစွင့်ဖြူကိုး (9 World Media & Advertising)

## (၂၀) နှစ်မြောက် မင်္ဂလာဆုတောင်း

ဦးကျော်မိုးဝင်း (MD-Kyaw Moe Win family Co., Ltd. and Kyaw Moe Win Travel & Tours Co., Ltd.) နှင့် ဒေါ်မိုးမိုးအိ (MD-Htun Tauk Media & Advertising and Kyaw Moe Win ပုံနှိပ်တိုက်)တို့၏ ၂၅-၅-၂၀၁၈ ရက်တွင် ကျရောက်သော (၂၀)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်း များစွာတိုင်အောင် ချစ်သား မောင်ဝင်းဖြိုးသန့်၊ ချစ်သမီး မမိုးသက်နွယ်ကျော် တို့နှင့်အတူ ပြည့်စုံပျော်ရွှင်ချမ်းမြေ့သော နေ့ရက်များစွာကို ပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းပို့သလျက် - - - အထက(၂)ဗိုလ်တထောင်မှ ငယ်သူငယ်ချင်းများ

ဖိုးနိုင် - မီးမီး၊ ကျော်ကြီး - မထွေး၊ မောင်မောင် - မနိုင်၊ ထက်မြတ် - ယု၊ ဖိုးထူး - ညို၊ အောင်ဇော် - ပါလေး၊ သားလေး - မဇော၊ ဦးငယ် - လတ်၊ မောင်အေး - မြမြ၊ ကိုညီ - မီးမီး၊ ရဲမြတ်ဦး - သီ၊ အောင်အောင်မော် - မြင့်မြင့်ကြည်၊ ခင်မောင်စိုး - အမာချို၊ လဲ့ဝင့်၊ မြတ်ကို မင်းနိုင်၊ ညီထွန်း၊ ခိုင်ခိုင်၊ သူသူ၊ မသူ၊ မကြီး၊ အရိုမ်း၊ မေဝင်းမောင်၊ ဆွေဆွေ၊ နီလာအောင်၊ မြမြရီ၊ ခိုင်ခိုင်ထွေး၊ အိအိခင်၊ ခင်မျိုးဝင်း၊ ကျော်ထွန်းအောင်

### ဝန်ထမ်းအလိုရှိသည်

၁။ Accountant LCCI Level (III) ရှိသူ — မ(၅)ဦး
Computer ကျွမ်းကျင်သူ၊ Store တိုင်နိုင်သူ၊ Promotion
၂။ Sale&Marketing — ကျား/မ (၃)ဦး
၃။ Office Staff — ကျား/မ (၂)ဦး
Computer ကျွမ်းကျင်သူ
၄။ — ကျား/မ (၁၀)ဦး
Shopping Centre

Kaday Myaing Co., Ltd

### အောင်မေတ္တာ ဧည့်ရိပ်မွန်

Super One, ILBC, Car Parking
No.81,
Ph 09-9689 133 03
09-9689 133 63
10000/12000/14000
Night-22000
W/D -28000
Wifi Free
Facebook

### MICKING(မိုက်ကင်း)

MADP Distributing Network Co.,Ltd
Ph ; 09-785305779, 09-972314276




### ရွှေလိုင်
အဆင့်မြင့်ဧည့်ရိပ်မွန်
(20%)Discount
TV Air Con
09-43177563 , 09-33363510

### အမေ့အိမ်
အဆင့်မြင့်ဧည့်ရိပ်မွန်
TV Air Con
085-23018, 09-955569996, 09-955569997

### စိန်ငါးလုံး ဆံပင်ပေါက်ဆေး



# အထူးလိုအပ်လျက်ရှိသော "သုံးထပ်ကျောင်းဆောင်" ကုသိုလ်ပြုဖြည့်ဆည်းလှူဒါန်းစေလို



မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းစံပြကျေးရွာ၊ မြို့ဦးပရဟိတ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းကို ၂၀၀၁ ခုနှစ်၊ ဇွန်လ ၁ ရက်တွင် နိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့၏ ခွင့်ပြုချက်ဖြင့် စတင်ဖွင့်လှစ်ခဲ့ပါသည်။

ယခုနှစ် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ (၃၂၄)ဦးသော မိဘမဲ့၊ နွမ်းပါး၊ တိုင်းရင်းသား မူ၊ လယ်၊ ထက် ကျောင်းသား၊ ကျောင်းသူများကို ထိန်းသိမ်းစောင့်ရှောက် ပညာသင်ကြားပေးလျက်ရှိပါသည်။

ဘုရားအမှူးရှိသော သံဃာတော်များနှင့် ပရဟိတကလေးများအတွက် အထူးလိုအပ်လျက်ရှိသော "သုံးထပ်ကျောင်းဆောင်"သည် (အလျား ၅၅ပေ× အနံ ၄၅ပေ) ရှိပြီး (3RC) သုံးထပ်ကွန်ကရစ်အဆောက်အအုံအမျိုးအစားဖြစ်သည်။ အင်ဂျင်နီယာ ဗိသုကာပညာရှင်များ တွက်ချက်မှုအရ တစ်ထပ်လျှင် ကျပ်သိန်း (၃၅၀)ခန့် ကုန်ကျမည်ဖြစ်ပြီး အပေါ်ထပ်စေတီအပါအဝင် သုံးထပ်လုံးအတွက် သိန်း(၁၂၀၀)ခန့် ကုန်ကျမည်ဟုသိရှိရပါသည်။

အထူးလိုအပ်လျက်ရှိသော ဤ"သုံးထပ်ကျောင်းဆောင်"တော်ကြီး အမြန်ဆုံးပြီးမြောက်နိုင်ရေးအတွက် စေတနာရှင်များမှ တစ်ထပ်ချင်းဖြစ်စေ၊ စွမ်းနိုင်သရွေ့ဖြစ်စေ ကုသိုလ်ပြုလှူဒါန်းခြင်းဖြင့် ကျောင်းဒါယကာ၊ ဒါယိကာမအဖြစ် ခံယူနိုင်ကြစေရန် အထူးမေတ္တာရပ်ခံ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

**လှူဒါန်းနိုင်မည့် အပိုင်းကဏ္ဍများ**

(၁) ရွှေထီးဂိုပုံတူစေတီတော် တန်ဖိုး ကျပ်သိန်း(၁၅၀)။
(၂) သုံးထပ်ကျောင်းဆောင်တစ်ထပ်တန်ဖိုး ကျပ်သိန်း(၃၅၀)။
(၃) အခန်းတစ်ခန်းတန်ဖိုး ကျပ်သိန်း(၃၀)။
(၄) သုံးထပ်ကျောင်းဆောင်အားလုံး အပြီးအစီးတန်ဖိုးကျပ်သိန်း(၁၂၀၀)။

အလှူရှင်များ သားစဉ်မြေးဆက် ဝမ်းမြောက်နှမော် သာဓုခေါ် ဆိုနိုင်ရန် **"ကမ္ပည်းကျောက်စာ"** ရေးထိုးဂုဏ်ပြုပေးပါမည်။ စွမ်းနိုင်သရွေ့ ဝိုင်းဝန်းကူညီဖြည့်ဆည်းစေလိုကြောင်း စေတနာကောင်းဖြင့် အသိပေးနှိုးဆော်လိုက်ရပါသည်။

**qubGfef**

**ကျောင်းအုပ်ဆရာတော်နှင့်အကျိုးဆောင်များ**
မြို့ဦးပရဟိတ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း
တောင်စွန်းစံပြကျေးရွာ၊ ဘီးလင်းမြို့နယ်၊ မွန်ပြည်နယ်။
ဖုန်း-၀၉- ၇၉၆၆၂၅၇၀၀၊ ၀၉-၂၅၅၇၄၈၆၂၄၊ ၀၉-၄၉၃၁၅၃၇၀
ကမ္ဘောဇဘဏ်အကောင့်နံပါတ် ဦးဇဋိလ (A/C No. 007- 301-00700708002)
CB Bank အကောင့်နံပါတ် U ZATILA (A/C No.0092600100002526)

မှတ်ချက် - ကျိုက်ထီးရိုးဘုရားဖူးရင်း တစ်ခေါက်တစ်ခါ အရောက်လာစေချင်ပါသည်။ ကျိုက်ထီးရိုးဘုရားနှင့် (၁၇)မိုင်ခန့်သာကွာပါသည်။
- ကေလာသဘုရား၊ ကျိုက်ထီးဆောင်းဘုရားနှင့် (၁)မိုင်ခန့်သာ ကွာပါသည်။
- မည်သူ့ကိုမျှ အလှူခံစေလွှတ်ထားခြင်းမရှိပါ။

"အေးမြတိချမ်းသာ ဘဝနွေး" မှ ဖြန့်ဖြူးလျက်ရှိသော
CHINT အမှတ်တံဆိပ် လျှပ်စစ်ပစ္စည်းများတွင်
AMCT အမှတ်တံဆိပ်ပါမှသာ
ပစ္စည်းအစစ်အမှန်ဖြစ်ပါသည်။





ဆက်သွယ်ရန် Ph: 09 5422088

ရွှေအိုးကြီး
Hotel
09421073634, 777636630

ကိုသန့်ခင်
CAR RENTAL
09-43117680, 09-5059821

ဦးအောင်ဝင်း
LCCI Level I+II & III စာရင်းကိုင် သင်တန်းများ
June - 16 (Sat)
LCCI
09 -776349905, 403090950, 01-371741, 240824

09 401659046, 09 5340746


ထိပ်တန်း
09-254256969
09-971322259

ကွန်ဒို ရောင်း/ငှား
၁။ Strand ကွန်ဒို 1200 Sqft, Hall, Lift, Vinyl Floor, 2AC, (Office အငှား)
၂။ Royal ဆင်မင်းကွန်ဒို 1700 Sqft, 3 MB, 5 AC (ရောင်း)
ဖုန်း - 09-785116243

FAME Mangosteen
Natural antibiotics
မင်းကွတ်သီးဆေး
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified
Ph: 09-965559860

FAME Chamomile
Apigenin 50 mg
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified
Ph: 09-73142216


MECHANICAL CAR PARKING












TPW
No. (31), Room (5), 7 Miles, Pyay Road, Yangon
T: 09.259.81.36.36
: 09.259.81.37.37
: 09.259.81.46.46

## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

## လူမှုဖူလုံရေးအဖွဲ့

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အကျုံးဝင်အာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိရာ ပြင်ပလူနာကုသမှု (OPD CARE) အတွက် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ပူးပေါင်းဆောင်ရွက်လိုသော ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများအနေဖြင့် အောက်ပါလိပ်စာအတိုင်း ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရန်လိပ်စာ - လူမှုဖူလုံရေးရုံးချုပ်၊ အကွက်အမှတ်-၃/၇၇၊ ရွှေအင်ကြင်းနှင့်နေကြာ**

**(၈)လမ်းထောင့်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်**

**Website:http://www.mol.gov.mm**

**ဖုန်း** - ၀၆၇-၃၄၁၇၉၁၆၊ ၀၆၇-၃၄၁၇၉၁၈၊ ၀၆၇-၃၄၁၇၉၃၆၊ ၀၆၇-၃၄၁၇၉၃၈

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခင်မေသင်း(ခ)ဒေါ်လှည့်နု(Peggy Thin)
### အသက် (၈၄) နှစ်

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) အလုပ်အမှုဆောင်အဖွဲ့ဝင် ပါမောက္ခ ဦးကျော်ဇင်ဝေ၏မိခင်ကြီး ဒေါ်ခင်မေသင်း(ခ)ဒေါ်လှည့်နု(Peggy Thin) အသက် (၈၄)နှစ်သည် ၂၂-၅-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၁း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)**

### ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ကျင်ဆိုင်
### အသက် (၇၅) နှစ်

သူငယ်ချင်းဗိုလ်ကြီးလင်းထွဋ်(ငြိမ်း)နှင့်ဇနီး ဒေါ်နန်းစန်းစန်းနွယ်တို့၏ ချစ်လှစွာသောမိခင် ဒေါ်ကျင်ဆိုင်သည် ၂၃-၅-၂၀၁၈ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၅)၊ သီဟတပ်ခွဲ**
**ကျောင်းဆင်းအရာရှိများမိသားစု**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်မှူးတင်စိုး(ငြိမ်း)၊ (မကွေး)
### အသက် (၇၄) နှစ်
### ကြည်း-၁၀၂၇၈၊ DSA (8/9)
### AGM၊ မွေး/ရေဘက်(ငြိမ်း)

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၁) ရပ်ကွက်၊ သုမန (၃)လမ်းနေ ဒေါ်ညိုညိုဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်သီတာစိုး၊ ဦးသူရိန်စိုး-ဒေါ်စန္ဒာဟန်၊ ဦးစည်သူစိုး-နန်းသန်းမြင့်ကြည်တို့၏ မွေးသဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၂၁-၅-၂၀၁၈ (တနင်္လာနေ့) နံနက် ၁၀း၄၅ နာရီတွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**D.S.A (9)th, Intake မှ**
**သူငယ်ချင်းများနှင့် မိသားစုများ**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာဇာခြည်ဝင်းဝင်း
### M.B.,B.S, M.Med.Sc (Radiology)
### အသက် (၃၁) နှစ်

ဒေါက်တာဇာခြည်ဝင်းဝင်း၊ လက်ထောက်ဆရာဝန်(ဓာတ်မှန်)၊ အထွေထွေရောဂါကုဆေးရုံကြီး၊ မန္တလေးမြို့သည် ၁၆-၅-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့)တွင် မန္တလေးမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဓာတ်မှန်ပညာအဖွဲ့**

### ဦးဝင်းမြင့်(ခ)အချိုကြီး
### (ဒေးဒရဲမြို့)
### အသက် (၆၁)နှစ်

အမှတ် (၉၁-စီ)၊ (၇)လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်နေ (ဦးဘိုးခွေး-ဒေါ်ဖိတ်တင်)တို့၏သား၊ ဒေါ်ရီရီဝင်း၏တူ၊ ဦးဝင်းမောင်-ဒေါ်စောချို၊ ဦးညီ-ဒေါ်ခင်စန်းမြင့်၊ ဒေါ်ဝင်းဝင်းရီ၊ ဒေါ်တင်တင်ကြည်တို့၏ ညီ/မောင်၊ ဦးဝင်းမြိုင်-ဒေါ်စိန်စိန်မြ၊ ဒေါ်ဝါဝါ၊ ဦးကျော်နိုင်-ဒေါ်နီနီ (တိုင်းရင်းဆေး)တို့၏ အစ်ကို၊ တူ/တူမ ရှစ်ယောက်တို့၏ ဦးလေးသည် ၂၃-၅-၂၀၁၈(ဗုဒ္ဓဟူးနေ့) နံနက် ၄း၄၀နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၅-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၅-၂၀၁၈ (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
### စောကျော်ကျော်ငွေး(ဖိုးခွား)
### (မော်လမြိုင်)
### အသက် (၅၂) နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အမှတ်(၂၁၅)၊ နံ့သာမြိုင်(၁)လမ်း၊ နံ့သာကုန်းရပ်ကွက်နေ (ဦးစောကိုငွေး)-နော်ဘားသာငွေး (သူနာပြုပြည်နယ်ဦးစီးမှူး-ငြိမ်း၊ မော်လမြိုင်)၏ ချစ်လှစွာသောသား၊ စောစိုးကြည်-နော်မို့မို့ငွေးတို့၏ အစ်ကို၊ စောသော်မဆင်၊ စောဂျွန်ဆင်တို့၏ဦးလေး၊ ဒေါ်ဟေးလ်ဒါဝေ၏တူ စောကျော်ကျော်ငွေးသည် ၂၃-၅-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၅း၁၀ နာရီတွင် အင်းစိန်ဆေးရုံကြီး၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၅-၅-၂၀၁၈ ရက် နံနက် ၉ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ပျောက်ဆုံးကြောင်း

ဦးထွန်းလင်းဝေ [၈/ဆပဝ(နိုင်)၀၈၄၁၁၃]၏ သင်္ဘောသားလုပ်သက်စာအုပ် (ရန်-၄၂၉၂/၁၁)မှာ ခရီးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၆၆၆၀၁၃**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်မေသင်း(ခ)ဒေါ်လှည့်နု (Peggy Thin)
## အသက် (၈၄) နှစ်

ဒေါက်တာဦးကျော်ဇင်ဝေ (ရန်ကင်းကလေးဆေးရုံကြီး)-ဒေါ်နှင်းနှင်းအေးတို့၏ ချစ်လှစွာသောမိခင် ဒေါ်ခင်မေသင်း(ခ)ဒေါ်လှည့်နု (Peggy Thin)သည် ၂၂-၅-၂၀၁၈ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းမိသားစုများ**
**အာရှတော်ဝင်ဆေးရုံ**

### ဦးမြညို
### အသက် (၇၉)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့နေ (ဦးဘဇုံ-ဒေါ်အုန်းစိန်)တို့၏သား၊ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း(၈၀)နေ ဒေါ်လှတင်၏ချစ်လှစွာသောခင်ပွန်း၊ အမေရိကန်ပြည်ထောင်စု၊ အင်ဒီယားနားပြည်နယ်၊ အင်ဒီယာနာပူးလစ်မြို့နေ မသင်းသင်းဦး၊ မစုစုနိုင်၊ မောင်ဆန်းဝင်းမောင်၊ မန္တလေးမြို့နေ မဝင်းဝင်းငွေးတို့၏ချစ်လှစွာသောဖခင်သည် အမေရိကန်ပြည်ထောင်စုစံတော်ချိန်၊ ၁၉-၅-၂၀၁၈(စနေနေ့)တွင် အမေရိကန်ပြည်ထောင်စု၊ အင်ဒီယားနားပြည်နယ်၊ အင်ဒီယာနာပူးလစ်မြို့ St.Francis ဆေးရုံ၌ ကွယ်လွန်သွားပြီဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
### ဟာဂျီမရှုဖီယာဘီ(ခ)ဒေါ်ရီရီသိန်း (၅၈)နှစ်

ရန်ကုန်မြို့၊ ဆူးလေဘုရားလမ်း၊ အမှတ်(၁၁၉/၁၂၁)နေ (အလ်ဟာဂျ် ဟာဂျီဦးမောင်မောင်သိန်း-ဟာဂျီမဒေါ်ခင်မာရီ)တို့၏သမီး၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၁၃၀)၊ (၃၁)လမ်းနေ ဟာဂျီဦးမောင်မောင်ချစ်၏ ဇနီး၊ ကိုဇေယျာဝင်း-မသန္တာဝင်း၊ ကိုဝင်းမောင်မောင်-မဇင်မေမြတ်ဦးတို့၏ မိခင်၊ ဟာဂျီဦးမြင့်ဦး-ဟာဂျီမဒေါ်မြင့်မြင့်သိန်း၊ ဟာဂျီဦးခင်မောင်ဝင်း-ဟာဂျီမဒေါ်ခင်စန်းဝေ၊ ဟာဂျီဦးအောင်သန်း-ဟာဂျီမဒေါ်ကြူကြူသိန်းတို့၏ညီမ၊ ဟာဂျီဦးမြတ်သူ-ဟာဂျီမဒေါ်လှလှသိန်း၊ ဟာဂျီဦးမောင်မောင်လွင်-ဟာဂျီမဒေါ်ခိုင်ဇာနည်တင်၊ ဟာဂျီဦးထွန်းလှိုင်-ဟာဂျီမ ဒေါ်မမလေး၊ ဦးအောင်နိုင်-ဟာဂျီမဒေါ်ခင်ထွေးသိန်း၊ ဟာဂျီဦးတင်ဦး-ဟာဂျီမဒေါ်မြမြဝင်းတို့၏အစ်မ၊ မြေးလေးယောက်တို့၏အဘွား ဟာဂျီမရှုဖီယာဘီ(ခ)ဒေါ်ရီရီသိန်းသည် ၂၂-၅-၂၀၁၈ ရက် နံနက် ၈း၂၁နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ညနေ ၃ နာရီတွင် ရေဝေးစွန္နီကဘာရ်စတာန်၌ ဒါဖနာပြီးဖြစ်ပါသည်။

ကျန်ရစ်သူညီအစ်ကိုမောင်နှမများ

### အထူးဝမ်းနည်းကြေကွဲခြင်း
### အလ်ဟာဂျ် ဦးလှရွှေ(စေတနာ) (၉၁)နှစ်
### နာယက၊ အစ္စလာမ်သာသနာရေးရာကောင်စီဌာနချုပ်

အစ္စလာမ်သာသနာရေးရာကောင်စီဌာနချုပ် တွဲဖက်အတွင်းရေးမှူး အလ်ဟာဂျ် ဦးဝဏ္ဏရွှေ၏ဖခင် အလ်ဟာဂျ်ဦးလှရွှေ(စေတနာ) နာယက၊ အစ္စလာမ်သာသနာရေးရာကောင်စီဌာနချုပ်သည် ၁၉-၅-၂၀၁၈ ရက် နံနက် ၂ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာနှင်းအေးကိုနှင့် ရတနာမြေလူမှုဖွံ့ဖြိုးရေးအသင်းအဖွဲ့**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခင်မေသင်း(Peggy Thin) (ခ) ဒေါ်လှည့်နု
### အသက် (၈၄) နှစ်

ဆေးသုတေသနဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်မြင့်-ဒေါက်တာကြူကြူသန်းတို့၏မိခင် ဒေါ်ခင်မေသင်း (Peggy Thin) (ခ)ဒေါ်လှည့်နုသည် ၂၂-၅-၂၀၁၈ ရက် မွန်းလွဲ ၁း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**ဆေးသုတေသနဦးစီးဌာန (ရန်ကုန်ရုံးချုပ်)**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခင်မေသင်း(Peggy Thin) (ခ) ဒေါ်လှည့်နု
### အသက် (၈၄) နှစ်

ဆေးသုတေသနဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်မြင့်-ဒေါက်တာကြူကြူသန်းတို့၏မိခင် ဒေါ်ခင်မေသင်း (Peggy Thin)(ခ)ဒေါ်လှည့်နုသည် ၂၂-၅-၂၀၁၈ ရက် မွန်းလွဲ ၁း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**ဆေးသုတေသနဦးစီးဌာန (ပြင်ဦးလွင်ရုံးခွဲ)**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခင်မေသင်း(Peggy Thin)(ခ)ဒေါ်လှည့်နု
### အသက် (၈၄) နှစ်

မိသားစုမိတ်ဆွေဖြစ်သော ဦးထွန်းဝေ(ကျန်းမာရေးဝန်ကြီး-ငြိမ်း)၏ဇနီး ဒေါ်ခင်မေသင်း(Peggy Thin) (ခ) ဒေါ်လှည့်နုသည် ၂၂-၅-၂၀၁၈ ရက် မွန်းလွဲ ၁း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**(ကိုတင်ထွန်း)နှင့် သဇင်မိသားစု**

### ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခင်မေသင်း
### အသက် (၈၄) နှစ်

ရန်ကင်းကလေးဆေးရုံကြီး ဆေးကုသဆောင်(၂)နှင့် အထူးကြပ်မတ်ကုသဆောင်မှ ပါမောက္ခကျော်ဇင်ဝေ၏ချစ်လှစွာသောမိခင် ဒေါ်ခင်မေသင်းသည် ၂၂-၅-၂၀၁၈ (အင်္ဂါနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခခင်မောင်ဦးနှင့်**
**ကလေးနှလုံးဆေးကုသဆောင်မိသားစု**

### ဗိုလ်မှူးတင်စိုး (ငြိမ်း) (မကွေး)
### ကြည်း-၁၀၂၇၈၊ DSA-8/9
### အသက်(၇၄)နှစ်

မကွေးမြို့နေ (ဦးအောင်ညွန့်-ဒေါ်အေးကျင်)တို့၏သား သင်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၁ ရပ်ကွက်၊ သုမန(၃)လမ်း၊ အိမ်အမှတ်(၈၇၄)နေ (ဦးသိန်းမောင်-ဒေါ်ရီရီ)တို့၏သားသမက် (ဒေါ်ကောင်းကြွယ်)၊ ဒေါ်ကောင်းရီတို့၏မောင်၊ ဦးတင်ဝင်း၏အစ်ကို၊ ဒေါ်ညိုညိုဝင်း၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်သီတာစိုး အမက(၂၉)မူလွန်၊ ဦးသူရိန်စိုး (ကညန-စစ်တွေ)-ဒေါ်စန္ဒာဟန် (ဒု-လဝကမှူး)၊ ဦးစည်သူစိုး-နန်းသန်းမြင့်ကြည် (လက်ထောက်လဝကမှူး-မင်္ဂလာတောင်ညွန့်)တို့၏မွေးသဖခင်၊ မြေး (၄)ယောက်တို့၏အဘိုးသည် ၂၁-၅-၂၀၁၈ (တနင်္လာနေ့) ၁၀း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၅-၂၀၁၈ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။

[ကွယ်လွန်သူအားရည်စူး၍ ၂၇-၅-၂၀၁၈ ရက် (တနင်္ဂနွေနေ့) နံနက် ၇း၀၀ နာရီမှ ၁၀း၀၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

### ရဟန်းဒါယကာကြီး
### ဦးခင်မောင်ငွေး(ဒိုက်ဦး) (၅၆)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နေ (ဦးကျင်ထွန်း-ဒေါ်ကျင်အေး)၊ (ဆရာကြီးဦးစံရွှေ)-ဒေါ်လှမြင့်တို့၏သားသမက်၊ (ဦးခင်မောင်ဦး)-ဒေါ်မြင့်မြင့်ရီ၊ (ဦးခင်မောင်ဖြူ)-ဒေါ်ဖြူနှင်းဝေ၊ ဦးဇော်မင်း-ဒေါ်သန်းသန်းအေး၊ ဦးဝင်းမင်း-(ဒေါ်ခင်ညိုထွေး)၊ ဗိုလ်မှူးသန်းထွန်း-ဒေါ်ခင်မြတ်မွန်တို့၏ညီ/မောင်၊ ဦးခင်မောင်သန်း-ဒေါ်မြတ်သီတာစိုး၊ ဒေါ်ခင်ငွေးခိုင်၊ ဦးခင်မောင်ထိုက်၊ ပခုက္ကူမြို့၊ အာယုသုခကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာဇောတတို့၏အစ်ကို၊ တူ/တူမ ၁၆ ယောက်တို့၏ဦးလေး၊ မသွယ်နော်ဇာ၊ မဝင်းရွှေစင်ဖြိုးတို့၏ဖခင်၊ ဒေါ်အေးအေးနှင်း၏ ချစ်လှစွာသောခင်ပွန်း ဦးခင်မောင်ငွေးသည် ၂၃-၅-၂၀၁၈(ဗုဒ္ဓဟူးနေ့) နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၅-၂၀၁၈(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် အမှတ်(၁) ဈေးပိုင်းရပ်ကွက်၊ အောင်ချမ်းသာလမ်း နေအိမ်မှ သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၉-၅-၂၀၁၈ (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ရှုလွမ် (မော်လမြိုင်)
### အသက် (၈၉) နှစ်

ဒေါက်တာဦးတင်ဦး (ပါမောက္ခ/ဌာနမှူး၊ စိတ်ကျန်းမာပညာဌာန၊ ဆေးတက္ကသိုလ်-၁၊ ရန်ကုန်)၏မိခင် ဒေါ်ရှုလွမ် အသက် (၈၉) နှစ်သည် ၁၇-၅-၂၀၁၈ ရက် ညနေ ၅း၂၃ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခဒေါက်တာဦးဇော်ဝေစိုး(ပါမောက္ခချုပ်၊**
**ဆေးတက္ကသိုလ်-၁၊ ရန်ကုန်)-ဒေါက်တာနွယ်နီအောင်**
**မိသားစု**

### ဝမ်းနည်းကြေကွဲခြင်း
### ဦးတင်မြင့် (ပဲနွယ်ကုန်း)
### ဇောတိက ဆီစက်၊ ဆန်စက်
### အသက် (၈၁) နှစ်

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေး-ဒေါ်မိုးစန္ဒာမြင့်တို့၏ဖခင် ဦးတင်မြင့်(ပဲနွယ်ကုန်း) အသက်(၈၁)နှစ်သည် ၁၇-၅-၂၀၁၈ ရက်တွင် ကွယ်လွန်သွားခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**President (FTA) နှင့်**
**Shwe FM/MNTV/Channel-9**
**မှဝန်ထမ်းများ**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဟာဂျီမဒေါ်နူရာဂျန်ဘီ(ခ)ဒေါ်မြင့်မြင့်ဝင်း
### ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း)၊ ရွှေ့နေချုပ်ရုံး
### အသက် (၇၀)

သူငယ်ချင်း -ဦးဇော်ဝင်း၏ချစ်ဇနီး ဒေါ်မြင့်မြင့်ဝင်းသည် ၂၀-၅-၂၀၁၈ ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**1968 ခုနှစ်ဝင် B.A(LAW) LL.B 6th Batch မှ သူငယ်ချင်းများ**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာကိုကိုမော်
### အသက် (၆၄) နှစ်

သွားနှင့်ခံတွင်း အထူးကုဆရာဝန်ကြီး ဒေါက်တာကိုကိုမော် အသက် (၆၄)နှစ်သည် ၂၂-၅-၂၀၁၈ ရက် နံနက် ၃း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အကယ်ဒမီ(သွားနှင့် ခံတွင်းအထူးကုဆေးခန်း)**
**မိသားစု(ပျဉ်းမနား)**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးခွန်စိုးအောင် (ခ) စိုင်းအွန်
### (ဦးစီးအရာရှိ၊ ဒု-မြို့နယ်အုပ်ချုပ်ရေးမှူး၊ ထွေ/အုပ်၊ ပင်လောင်းမြို့နယ်)
### အသက် (၄၂) နှစ်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်လောင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ထမ်းဆောင်နေသော ဦးခွန်စိုးအောင်(ခ)စိုင်းအွန်သည် ၂၁-၅-၂၀၁၈ (တနင်္လာနေ့) ညနေ ၆း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရ၍ ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**နတလ ကျောင်းဆင်းအပတ်စဉ်(၁) ဝန်ထမ်းများ**
**အောင်ဆန်း (၁၇) သူငယ်ချင်းများ**

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ တပ်ရင်းမှူးအဆင့် တွေ့ဆုံဆွေးနွေး

## နှစ်နိုင်ငံနယ်နိမိတ်မျဉ်းအနီး လူမနေထိုင်ရန် သတ်မှတ်ထားသည့်နေရာတွင် လူဦးရေတိုးပွားလာမှုသည် ကုလသမဂ္ဂစည်းမျဉ်းအရ မလုပ်သင့်သည်များဖြစ်၍ အမြန်ဆုံးဖယ်ရှားပေးရန် တောင်းဆို

**နေပြည်တော် မေ ၂၄**

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်ခြားစောင့် တပ်ရင်းမှူးများအဆင့် တွေ့ဆုံဆွေးနွေးပွဲကို မေ ၂၃ ရက် မွန်းလွဲပိုင်းက မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ချစ်ကြည်ရေးတံတားအနီး ဘင်္ဂလားဒေ့ရှ်ဘက်ခြမ်းတွင် ကျင်းပရာ မြန်မာနိုင်ငံ နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ ၁၀ ဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ နယ်ခြားစောင့်တပ်မှ ၁၀ ဦး နှင့် လေ့လာသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်ရင်းမှူးက နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းအနီးတွင် မြန်မာနိုင်ငံဘက်မှ အသံချဲ့စက်များဖြင့် ပြောဆိုနေသဖြင့် မိမိတို့နိုင်ငံဘက် ဘင်္ဂလားဘက်နေထိုင်သည့် နိုင်ငံသားများက စိုးရိမ်ပူပန်နေပြီး စာသင်ကျောင်းများ၊ သင်တန်းကျောင်းများရှိသဖြင့် ၎င်းအသံချဲ့စက်ဖွင့်ခြင်းအား အသံလျှော့ချပေးရန်၊ နှစ်နိုင်ငံ အဆင့်မြင့်တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်နေသော်လည်း ယခုလောလောဆယ်တွင် မြန်မာနိုင်ငံဘက်မှ နေရပ်စွန့်ခွာသူများ ပြန်လည်ဝင်ရောက်နိုင်ရေးကိစ္စမှာ အဆင်မပြေမှုများ ဖြစ်နေသေးကြောင်း၊ နှစ်နိုင်ငံ နယ်စပ်တစ်လျှောက်တွင် မြန်မာ့တပ်မတော်အနေဖြင့် လုံခြုံရေးဆိုင်ရာ လုပ်ဆောင်မှုများရှိပါက မိမိတို့ထံ အသိပေးအကြောင်းကြားစေလိုကြောင်း၊ ဒေသကွပ်ကဲရေးမှူးအဆင့် တွေ့ဆုံပွဲအစည်းအဝေး ပြုလုပ်နိုင်ရန်အတွက် နယ်ခြားစောင့် ကွပ်ကဲရေးမှူးအား အကြောင်းကြားထားသော်လည်း မိမိတို့ထံ အကြောင်းပြန်ကြားမှုမရှိသေးကြောင်း၊ နှစ်နိုင်ငံနယ်နိမိတ်မျဉ်းအနီး အဆောက်အအုံများ ဆောက်လုပ်မည်ဆိုပါက ဆောက်လုပ်နိုင်သော်လည်း မိမိတို့ထံ အသိပေးစေလိုကြောင်း ပြောကြားသည်။

စာမျက်နှာ ၉ ကော်လံ ၄ သို့ ❖



မင်းတစု-ပျဉ်းမတောမြောင်း ရေစီးရေလာကောင်းမွန်ရေး စက်ယန္တရားများဖြင့် တူးဖော်ဆောင်ရွက်နေစဉ်။

# ပန်းတနော်မြို့နယ်အတွင်း နွေစပါးအောင်ရေရရှိရေးအတွက် မင်းတစု-ပျဉ်းမတောမြောင်းတူးဖော်မှု အမြန်ပြီးစီးရေး ဆောင်ရွက်

**ပန်းတနော် မေ ၂၄**

ပန်းတနော်မြို့နယ်အတွင်းရှိ မင်းတစု-ပျဉ်းမတောမြောင်းအား ရေစီးရေလာကောင်းမွန်စေရေးနှင့် နွေစပါးအောင်ရေရရှိရေးအတွက် မေ ၄ ရက်မှစတင်ကာ စက်ယန္တရားများဖြင့် တူးဖော်ဆောင်ရွက်လျက်ရှိကြောင်း မအူပင်ခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

"အခုတူးလိုက်တာက ပျဉ်းမတောရေတံခါး အထက်ပိုင်း မိုင်ဝက်လောက်ထိ ထိပ်ဝအကျယ် ပေ ၂၀၀၊ အောက်ခြေအကျယ် ပေ ၁၈၀ နဲ့ ပျမ်းမျှအနက် သုံးပေခန့်တူးဖော်ပြီး ကျန်တဲ့ သုံးမိုင်ခွဲလောက်ကိုတော့ ထိပ်ဝအကျယ် ပေ ၆၀၊ အောက်ခြေအကျယ် ပေ ၅၀ နဲ့ ပျမ်းမျှအနက် ငါးပေတူးဖော်ပေးနေတာပါ၊ ပြည်ထောင်စုရန်ပုံငွေနဲ့ တူးဖော်ပေးနေတာဖြစ်ပါတယ်၊ စက်ယန္တရားအင်အား ကိုးစီးနဲ့ သတ်မှတ်ရက်အတွင်း အပြီးတူးဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု မအူပင်ခရိုင် ဆည်မြောင်းနှင့်

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❍

# အောင်လအန်ဆန်၏ မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲ ဂျပန်ကစားသမား ဟာဆီဂါဝါနှင့် ဇွန် ၂၉ ရက်တွင် ယှဉ်ပြိုင်ထိုးသတ်မည်

**ရန်ကုန် မေ ၂၄**

ONE Championship အဖွဲ့အစည်းမှ ကြီးမှူးကျင်းပလျက်ရှိသည့် MMA ပြိုင်ပွဲ၏ မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကာကွယ်ပွဲကို ဇွန် ၂၉ ရက်တွင် ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်ပြီး လက်ရှိချန်ပီယံ အောင်လအန်ဆန်သည် ချန်ပီယံဆုကာကွယ်ပွဲထိုးသတ်ရမည်ဖြစ်သည်။ အောင်လအန်ဆန်သည် မူလက ဘရာဇီးကစားသမား လီအန်ဒရိုနှင့် ထိုးသတ်ရမည်ဖြစ်သော်လည်း ပြိုင်ဘက်ပြောင်းလဲခဲ့ပြီး ဂျပန်ကစားသမား ဟာဆီဂါဝါနှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။

ONE Championship အဖွဲ့အစည်းသည် အောင်လအန်ဆန်၏ ပြိုင်ဘက်ပြောင်းလဲကြောင်း မေ ၂၄ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ ဟာဆီဂါဝါသည် ၂၀၁၃ ခုနှစ်မှစ၍ MMA ပြိုင်ပွဲများ ယှဉ်ပြိုင်ခဲ့ကာ လက်ရှိအချိန်ထိ ပွဲပေါင်း ၁၉ ပွဲ ယှဉ်ပြိုင်ထိုးသတ်ခဲ့သည်။ ဟာဆီဂါဝါသည် MMA ပြိုင်ပွဲတွင် ရလဒ်ကောင်းများ ဆက်တိုက်ရထားပြီး ၁၆ ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးထားသည်။ ဟာဆီဂါဝါသည် ယခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်က နောက်ဆုံးပွဲထိုးသတ်ထားပြီး တစ်နိုင်ငံတည်းသားပြိုင်ဘက် ဟာရာရှီကို အနိုင်ရထားသည်။ အောင်လအန်ဆန်သည် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို

စာမျက်နှာ ၉ ကော်လံ ၅ သို့ ❂


ပုရပတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်း

| အတန်း | ကျောင်းချိန် | ကျောင်းလခ | ဝင်ကြေး |
| --- | --- | --- | --- |
| သူငယ်တန်း | [illegible] | [illegible] | [illegible] |
| ၁-တန်း | " | [illegible] | [illegible] |
| ၂-တန်း | " | [illegible] | [illegible] |
| ၃-တန်း | " | [illegible] | [illegible] |
| ၄-တန်း | " | [illegible] | [illegible] |
| ၅-တန်း | " | [illegible] | [illegible] |
| ၆-တန်း | " | [illegible] | [illegible] |
| ၇-တန်း | " | [illegible] | [illegible] |
| ၈-တန်း | [illegible] | [illegible] | [illegible] |
| ၉-တန်း | " | [illegible] | [illegible] |
| ၁၀-တန်း | " | [illegible] | [illegible] |

မေ ၇ ရက်နေ့ ကျောင်းစတင်ဖွင့်မည်

ဂုဏ်ထူး ဦးအောင်ခိုင် (အင်္ဂလိပ်စာ)
သမိုင်းတံခွန် ဦးထွန်းနွယ်
ပညာနန်းတော်
အ.ထ.က
ကိုယ်ပိုင်အထက်တန်းကျောင်း အထူးအဆင့်မြင့်ဘော်ဒါ
ရန်ကုန်မြို့အနှံ့ ကျောင်းကားရှိသည်

ပုရပတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်း
Laptop Projector, Powerpoint, documentary Mobile Phone

118 A/B VIP-1 Tel : 01-577 605, 09 782 216 338 pnndschool A-8